7Day Daily သတင်းစာ ပိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၁၄) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၄ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇွန် ၁၃ ၊ ၂၀၁၂)

TRI
LIVES BRILLIANTLY

# ရခိုင်ပြည်နယ် ပဋိပက္ခတစ်နှစ်အလွန်

**အောင်နိုင်**

၂၀၁၂ ခုနှစ် မေလ ၂၈ ရက်တွင် ကျောက်နီမော်မှ စတင်ခဲ့သော ရခိုင်ပြည်နယ် ပဋိပက္ခသည် တစ်နှစ်ကျော်လွန်ခဲ့ပြီ ဖြစ်သည်။

၂၀၁၂မေ ၂၈ရက်ကဖြစ်ပွားခဲ့သော မသီတာထွေးကိစ္စမှစတင်၍ ဇွန်လ ၃ ရက်တွင် တောင်ကုတ်အကြမ်းဖက်မှု၊ဇွန်၈ရက်တွင်မောင်တောအကြမ်းဖက်တိုက်ခိုက်မှုတို့ကြောင့်ပြည်နယ်တစ်ဝန်း ပဋိပက္ခများ ကူးစက်ခဲ့၍ လူပေါင်း ၁၉၂ဦး သေဆုံးခဲ့ပြီး ၂၆၅ဦးဒဏ်ရာရရှိကာ အိမ်ခြေအဆောက်အအုံပေါင်း ၈,၆၁၄လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

ရခိုင်ပြည်နယ် ပဋိပက္ခမပြေလည်သေးမီ မိတ္ထီလာ၊ ဥက္ကံ၊ လားရှိုးမြို့တစ်ဝန်း၌ ဘာသာရေးအသွင်ဆောင်သော အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး လူ ၅၀ နီးပါးသေဆုံး၍ တစ်ရာခန့် ဒဏ်ရာရရှိကာ အိမ်ခြေနှင့်ဘာသာရေး အဆောက်အအုံ နှစ်ထောင်နီးပါး ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့နောက် ပဋိပက္ခများသည် နိုင်ငံနယ်နိမိတ်ကို ကျော်လွန်ဖြစ်ပွားခဲ့ပြီး မကြာသေးမီရက်ပိုင်းအတွင်း မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများ အကြမ်းဖက်တိုက်ခိုက်ခြင်းများ ခံခဲ့ရကာ ဇွန်လ ၈ ရက်ထိ ခြောက်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရင်းသားများလည်း အကြမ်းဖက်တိုက်ခိုက်ခြင်းများ ခံခဲ့ရပြီး မောင်တောနှင့် ကျောက်တော်မြို့နယ်များသို့လူဦးရေတစ်ထောင်ကျော် ဝင်ရောက်တိမ်းရှောင်ခဲ့ရသည်။ စာ(၈)သို့



အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာသူများကို ဇွန်၉ရက်ညနေက တွေ့ရစဉ်

# မလေးရှားရောက် မြန်မာလုပ်သားများ ပြန်လာရန်အခက်ကြုံ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဇွန်-၁၀**

မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံသားများအား အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဆက်တိုက်ကြုံတွေ့ရပြီး မလေးရှားရဲတပ်ဖွဲ့ကလည်း မြန်မာအလုပ်သမားများကို လိုက်လံဖမ်းဆီးမှုများ ပြုလုပ်နေသောကြောင့် မလေးရှားရောက် မြန်မာနိုင်ငံသားအများစုမှာ ပြန်လာလိုကြသော်လည်း အခက်အခဲများ ရှိနေကြောင်း သတင်းရရှိသည်။ စာ(၈)သို့



# မြန်မာ့မြေပေါ်မှ သမိုင်းဝင်စီးပွားရေးဖိုရမ်

**အောင်သူရ**

"လွန်ခဲ့တဲ့ ၁၂ လတုန်းက ဘန်ကောက်မှာ ကြေညာခဲ့တုန်းက လူတွေက သံသယရှိခဲ့ပါတယ်။ မဖြစ်နိုင်ဘူးလို့လည်း ပြောခဲ့ကြပါတယ်။ အခုတော့ ကျွန်တော်တို့ အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့ပါပြီ" ဟု ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပရေး အကြီးတန်းညွှန်ကြားရေးမှူးက မစ္စတာ Sushant က ပြောကြားသည်။


ထို့အပြင် စီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေးခဲ့ကြသော ကမ္ဘာ့စီးပွားရေးဖိုရမ် ပူးတွဲဥက္ကဋ္ဌများအနေဖြင့် ယခုဆွေးနွေးပွဲမှ အခြားသူများကို မျှဝေလိုသော၊ ပြန်ပြောလိုသည်များ ပြောပေးရန် ကြေညာလိုက်သောအခါ "ဒေါ်အောင်ဆန်းစုကြည် တစ်ယောက် လွန်ခဲ့တဲ့ သုံးနှစ်ကမှ နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာတယ်ဆိုတာကို သတိရဖို့ ကိုယ့်ကိုယ်ကိုယ် ဆွဲဆိတ်ကြည့်ရပါ့မယ်။ သူဒီမှာ ငြင်းခုံဆွေးနွေးနေတာကို မြင်ရတာ မယုံကြည်စရာပါဘဲ" ဟု ကမ္ဘာ့စီးပွားရေးဖိုရမ် ပူးတွဲဥက္ကဋ္ဌ တစ်ဦးဖြစ်သော ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) အုပ်ချုပ်ရေးမှူး မစ္စတာဟယ်လင်က ဆက်လက်ပြောသည်။ စာ(H)သို့



# ရဟန်း၊ ပြည်သူများ အမေး ဒေါ်အောင်ဆန်းစုကြည်အဖြေ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်၉ ရက်က ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဘုရားဝင်းအတွင်း လူထုနှင့်တွေ့ဆုံစဉ် ရဟန်း၊ပြည်သူများမေးသော မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဖော်ပြလိုက်ပါသည်။

**အပြည့်အစုံစာ(၂၃)သို့**

7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ကမ္ဘာ့စီးပွားရေးဖိုရမ်အပြီး မြန်မာနှင့် အာဆီယံအောင်မြင်မှုရလာနိုင်ဟု ချန်နယ်နယူးအေးရှားသုံးသပ်

**စင်ကာပူ၊ ဇွန်-၈**

မြန်မာနိုင်ငံကိုလက်ရှိအချိန် နိုင်ငံတကာက အာရုံစိုက်နေခြင်းသည် အာဆီယံကို အဖွဲ့တစ်ခုအဖြစ် အသိအမှတ်ပြုလာကြရေးတွင် အထောက်အကူဖြစ်နိုင်ကြောင်း စင်ကာပူ ချန်နယ်နယူးအေးရှသတင်းက ဖော်ပြလိုက်ပြီး ကမ္ဘာ့စီးပွားရေးဖိုရမ်ကြောင့် မြန်မာနှင့် အာဆီယံတို့ ပို၍အောင်မြင်လာနိုင်ကြောင်း ဖော်ပြလိုက်သည်။

မကြာမီက ပြီးဆုံးခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်(WEF)တွင် ပါဝင်တက်ရောက်ခဲ့သူများက မြန်မာနှင့် အာဆီယံနှစ်ဖက်လုံးသည် အဆိုပါပွဲမှ အောင်မြင်မှုရလာနိုင်ကြောင်း ယုံကြည်နေကြသည်ဆိုသည်။ Lippo Group မှ ဒါရိုက်တာ ဂျွန်ရီယာဒီကလည်း မြန်မာစီးပွားရေးအခွင့်အလမ်းများ ပွင့်လင်းလာခြင်းနှင့်ပတ်သက်၍ “ပြီးခဲ့တဲ့ ၁၂ လကနေ ၁၈ လတာကာလအတွင်း မြန်မာ့စီးပွားရေးအဖွင့်ဟာ အံ့သြစရာလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဒါကိုအတူတကွလုပ်နိုင်တဲ့အခွင့်အလမ်းအဖြစ် ဖမ်းယူသင့်ပြီး ကျွန်တော်တို့ရဲ့ ကွဲပြားခြားနားမှုတွေကို ဖြေရှင်းကာ ဒေသတစ်ခုလုံး ပေါင်းစည်းရေးအတွက်ကြိုးစားသင့်ပါတယ်” ဟု ပြောသည်။ Asia Group ၏ အမှုဆောင် အရာရှိချုပ်အဒမ်ရှဝတ်ဇ်ကလည်း “ကျွန်တော်တို့ ဒီတစ်ပတ်အတွင်းမှာ အာဆီယံ စီးပွားရေးအသိုင်းအဝိုင်းနဲ့ စီးပွားရေးပေါင်းစည်းမှုတွေအကြောင်း ပြောဖြစ်ကြပါတယ်”ဟု ပြောသည်။

ကမ္ဘာ့ဒေသများတွင် စီးပွားရေးပေါင်းစပ်မှုများ ပြုလုပ်ပါက အားနည်းပြီးသေးငယ်သည့်စီးပွားရေးနိုင်ငံများက အကျိုးအမြတ်အများဆုံး ရရှိနိုင်ကြောင်း ၎င်းက ထောက်ပြပြောဆိုသည်။ ရိုးမဟိုးလ်ဒင်းလီမိတက်မှ အမှုဆောင်ဥက္ကဋ္ဌဆာ့ချ်ပန်းကလည်း “မြန်မာဟာ တကယ်ပဲ အာရုံစိုက်မှုအားလုံးကို ရနေပါတယ်။ ဈေးကွက်ရဲ့ အချစ်တော်ပေါ့လေ။ ဒီလိုပြောလို့ မြန်မာဟာ အဲဒီနေရာကို ရောက်နေပြီလို့ဆိုလိုတာ မဟုတ်ပါဘူး။ အာဆီယံက မြန်မာကို ကူညီမယ်လို့ မျှော်လင့်လို့ပါ။ ဘာပဲဖြစ်ဖြစ် မြန်မာဟာ အဖွဲ့ဝင် နိုင်ငံတွေထဲမှာ အသစ်ဆုံးနိုင်ငံဖြစ်ပြီး၊ ဝင်ငွေရော ကုန်ထုတ်စွမ်းအားမှာပါ အနိမ့်ဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့က အားနည်းတဲ့ မိတ်ဖက်နိုင်ငံပါ။ ဒါ့ကြောင့်အားကောင်းတဲ့မိတ်ဖက်တွေက ကူညီခြင်းအားဖြင့် ကျွန်တော်တို့ဟန်ချက်ညီပြီး ဘုံစီးပွားရေးဖွံ့ဖြိုးမှုတစ်ခုကို တကယ်ရနိုင်လာပါလိမ့်မယ်” ဟု ပြောကြားသည်။




သတင်းဆောင်းပါးတွင် စီးပွားရေးဖိုရမ် တက်ရောက်ခဲ့သူများက မြန်မာကိုအာဆီယံဒေသအတွင်း အဓိကနိုင်ငံဖြစ်လာမည့် အနေအထား ရှုမြင်နေကြပြီး ရင်းနှီးမြှုပ်နှံသူများ အနေဖြင့်လည်း ဒေသဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ကြီးထဲတွင် နောက်တစ်ကြိမ်စဉ်းစားပါက ၎င်းတို့ငွေများ မြှုပ်နှံရမည့် နေရာသည် မြန်မာနိုင်ငံဖြစ်လာနိုင်ကြောင်းမြင်ထားသည်ဟု ဖော်ပြခဲ့သည်။

-CNA

## ၂၀၁၃ ခုနှစ် မကုန်မီ ကမ်းလွန်လုပ်ကွက် ၂၀ ခွင့်ပြုမည်

**အောင်သူရ**

**ရန်ကုန်-** ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ထုတ်ပြန်သော မြန်မာနိုင်ငံစွမ်းအင်ဆိုင်ရာ အစီရင်ခံစာအရ ၂၀၁၃ခုနှစ်မတိုင်မီ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရန် အနည်းဆုံး ကမ်းလွန်လုပ်ကွက် ၂၀ ခွင့်ပြုပေးမည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

အဆိုပါလုပ်ကွက်များ လုပ်ဆောင်ရန်အတွက် လေလံခေါ်ယူထားပြီး စုစုပေါင်းတင်ဒါ အဆိုပြုလွှာ ၇၅ စောင်ရရှိထားကာ စိတ်ဝင်စားမှုများရှိကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

“ရေနက်ပိုင်းလုပ်ကွက်တွေ ထပ်ချပေးဖို့ အစီအစဉ်ရှိတယ်လို့သိထားတယ်။ ရခိုင်ဘက်မှာရော မုတ္တမပင်လယ်ကွေ့ဘက်မှာရော” ဟု ကမ်းလွန်ရေနံလုပ်ကွက်လေလံလျှောက်ထားသော လုပ်ငန်းရှင်ကြီးတစ်ဦးက ပြောသည်။

ထို့အပြင် မကြာသေးမီကလည်း ရေတိမ်လုပ်ကွက် ၃၀ ကျော် ချထားပေးရန် တင်ဒါခေါ်ထားပြီး ဇွန် ၁၄ ရက်တွင် တင်ဒါပိတ်မည်ဟု ကြေညာထားသည်။

မြန်မာနိုင်ငံတွင်ထပ်မံထွက်ရှိ မည့်စွမ်းအင်များကို ပြည်တွင်းအတွက်သာ အဓိကအသုံးပြုသွားမည်ဖြစ်ပြီး ပိုလျှံသော ဓာတ်ငွေ့များကို ကုန်ကြမ်းအဖြစ်ရောင်းချခြင်းမပြုဘဲ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ပြုလုပ်ပြီးမှ ရောင်းချသွားမည်ဟု စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်ကပြောသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၄ ရာခိုင်နှုန်းသည် စွမ်းအင်သုံးစွဲနိုင်ခြင်း မရှိသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးလိုအပ်ချက်မှာ စွမ်းအင်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်က ထုတ်ပြန်သည့် စွမ်းအင်အစီရင်ခံစာတွင် ဖော်ပြထားသည်။



7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# တက္ကသိုလ်ဝင်တန်း အောင်မြင်သူ တစ်သိန်းခြောက်သောင်းကျော်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၁၀**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စာဖြေဌာနများမှ ဖြေဆိုအောင်မြင်သောကျောင်းသားဦးရေ၁၆၉,၀၀၀ ကျော်ရှိခဲ့ကြောင်း အခြေခံပညာဦးစီးဌာနများမှ သတင်းရရှိသည်။

၎င်းတက္ကသိုလ်ဝင်တန်း စာမေးပွဲကို နိုင်ငံခြားသံရုံးရှိ စာဖြေဌာနများ အပါအဝင် စာဖြေဌာန ၁,၂၉၆တွင် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း လေးသိန်းရှစ်သောင်းကျော် ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးက ယခင်နှစ်အောင်ချက်ထက် ရာခိုင်နှုန်း အနည်းငယ်လျော့ကျခဲ့ပြီး မန္တလေးတိုင်းဒေသကြီးက အောင်ချက်ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်ရာခိုင်နှုန်း စာရင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသား ၉၄,၀၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ပြီး ကျောင်းသား ၃၁,၀၀၀ ကျော် အောင်မြင်ခဲ့ကာ အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၁၉ ရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် ကျောင်းသား ၇၅,၀၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ပြီး ကျောင်းသား ၂၉,၀၀၀ ကျော် အောင်မြင်ခဲ့ကာ အောင်ချက်ရာခိုင်နှုန်း ၃၉ ဒသမ ၄၇ ရှိခဲ့သည်။

မွန်ပြည်နယ်သည် တစ်နိုင်ငံလုံး၌ အောင်ချက်အမြင့်ဆုံးနေရာကို အောင်ချက် ၄၇ ဒသမ ၃၇ ရာခိုင်နှုန်းဖြင့် ခြောက်နှစ်ဆယ်တိုက်ဆက်လက်ရရှိခဲ့သော်လည်း ယခင်နှစ် အောင်ချက် ၅၂ ဒသမ ၂၀ ရာခိုင်နှုန်းထက် လျော့ကျခဲ့သည်။

ချင်းပြည်နယ်သည် ယခင်နှစ်များအတိုင်း အောင်ချက်အနည်းဆုံးနေရာတွင် ဆက်လက်တည်ရှိနေပြီး ကယား၊ ရခိုင်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့ကလည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက် အနည်းဆုံးနေရာတွင် ရပ်တည်နေသည်။

အထက်ပါ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများသည် ယခင်နှစ်ထက်အောင်ချက်ရာခိုင်နှုန်း လျော့ကျခဲ့ပြီးမြန်မာနိုင်ငံ အထက်ပိုင်းဒေသများသည် ယခင်နှစ်ထက်အောင်ချက်ရာခိုင်နှုန်းမြင့်မားသွားခဲ့ကြောင်း အခြေခံပညာဦးစီးဌာနအလိုက် အောင်ချက်ရာခိုင်နှုန်းများအရ သိရှိရသည်။

ယခင် ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖြေဆိုသူ လေးသိန်းခြောက်သောင်းကျော်ရှိခဲ့ပြီး ကျောင်းသား တစ်သိန်းခြောက်သောင်းကျော်အောင်မြင်ခဲ့ကာ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၄ ဒသမ ၃၃ ရာခိုင်နှုန်း ရှိခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

*ယခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းကြည့်ရှုနေသူတစ်ဦး*

## အိန္ဒိယမြောက်ပိုင်းနှင့်မြန်မာ အဝေးပြေးလမ်းမစီမံကိန်း အေဒီဘီထောက်ပံ့မည်

**နယူးဒေလီ၊ဇွန်-၁၀**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းမှမြန်မာနိုင်ငံသို့ ဆက်သွယ်မည့် အဝေးပြေးလမ်းမအတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က ငွေကြေး ထောက်ပံ့ပေးမည်ဖြစ်သည်။ ယင်းလမ်းမသည် အိန္ဒိယနိုင်ငံ အဂါကာလာ၊အင်ဖာ၊မိုရေး ဒေသများနှင့် မြန်မာနိုင်ငံကို ဆက်သွယ်မည်ဖြစ်ပြီးအိန္ဒိယ နိုင်ငံ၏ အရှေ့ဘက်ကြည့်ရေးပေါ်လစီနှင့် အညီအကောင်အထည်ဖော်ခြင်းဖြစ်သည်။

အေဒီဘီအရာရှိများသည် မကြာသေးမီကပင် မဏိပူရပြည်နယ်သို့လာရောက်ပြီး နည်းပညာပိုင်းဆိုင်ရာတိုင်းတာလေ့လာမှု လုပ်ဆောင်ကာ အိန္ဒိယလမ်းများဝန်ကြီးဌာနသို့ ကနဦးတွေ့ရှိချက် မှတ်ချက်များပေးအပ်ခဲ့သည်။

အေဒီဘီက လေးလမ်းသွားလမ်းမအတွက်ငွေကြေးထောက်ပံ့ရန် စိတ်ဝင်စားသော်လည်း ယင်းဒေသ၏ယာဉ်အသွားအလာနှင့် တောင်ထူထပ်သည့်နေရာ၊သင့်တော်မည့်လမ်းကို စဉ်းစားရမည်ဖြစ်ကြောင်း အိန္ဒိယလမ်းများဝန်ကြီးဌာနအရာရှိတစ်ဦးက ပြောသည်။

ထို့အပြင် အိန္ဒိယလမ်းများ ဝန်ကြီးဌာနသည် မဏိပူရပြည်နယ်အင်ဖာမြို့မှမြန်မာနိုင်ငံ မန္တလေးမြို့သို့မကြာမီဘတ်စ်ကားပြေးဆွဲမှု လုပ်ငန်းစတင်မည်ဟု မျှော်လင့်ရသည်။ မိုရေးမြို့တွင် တစ်နေရာတည်း ကုန်ပစ္စည်း၊ လူများစုပေါင်းစစ်ဆေးနိုင်သော စစ်ဆေးရေးဂိတ်ကိုလည်း တည်ဆောက်နေသည်။

—Ref: Economic Times



7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

CRIME CORNER မှုခင်း သတင်း

## ဗိုလ်ကြီးဟောင်းတစ်ဦးကို ရိုက်နှက်မှုဖြစ်

**သန်းဌေး**

**ရန်ကုန်၊ ဇွန်-၈**

ဗိုလ်ကြီးဟောင်းတစ်ဦးကို ဆိုင်ကယ်ချင်းယှဉ်မောင်းလာသူ လူငယ်တစ်ဦးက ဆိုင်ကယ်ရပ်ခိုင်းပြီး တုတ်ဖြင့်ရိုက်သောကြောင့် ဒဏ်ရာများရရှိကာ ဆေးရုံတင်လိုက်ရကြောင်း သတင်းရရှိသည်။

ဇွန် ၆ ရက်ညနေ ၉နာရီအချိန် က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ စီမံနည်းပညာသုတေသနဌာနမှ ဦးစီးအရာရှိ အသက်၄၉နှစ်အရွယ် အငြိမ်းစားဗိုလ်ကြီးစိုးနိုင်သည် သုံးတောင်ရွာရှိသုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအဆောက်အအုံများနှင့် လုံခြုံရေးဝန်ထမ်းများကို စစ်ဆေးကာ ပြင်ဦးလွင်သို့ ဆိုင်ကယ်ဖြင့် ပြန်လာခဲ့သည်။

ထို့နောက်မိုင်တိုင်အမှတ်၃၂/၂၊အောင်ချမ်းသာရွာပန်းတန်းအရောက်တွင် ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာနေ အသက် ၂၀နှစ်ရှိ သန်းဌေးအောင်မှ ဆိုင်ကယ်ဘေးချင်းယှဉ်စီးလာပြီးခေတ္တရပ်ရန်ပြောသဖြင့် ဆိုင်ကယ်ရပ်ပေးခဲ့သည်။

ထိုသို့ရပ်ပေးခဲ့ရာ သန်းဌေးအောင်က အသင့်ပါလာသော တုတ်ဖြင့် မျက်နှာကိုထိုးသဖြင့် လက်ဝဲဘက်မျက်လုံးကို ထိုးမိပြီး မူးဝေသွားစဉ် တုတ်ဖြင့် ထပ်မံရိုက်၍ ဝဲလက်နှင့်ဦးခေါင်းနောက်စေ့တို့၌ နာကျင်ဒဏ်ရာရရှိခဲ့သောကြောင့် ပြင်ဦးလွင်ဆေးရုံသို့တင်ပို့ကုသနေကြောင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှုခင်းမှတ်တမ်း အရသိရှိရသည်။ ထို့ကြောင့် သန်းဌေးအောင်ကို ပြင်စာနယ်မြေရဲစခန်းမှ (ပ)၆၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၃ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသတင်းရရှိသည်။

# ဘဏ်အတိုးနှုန်း လျှော့ချရန် လွှတ်တော်သို့ တင်သွင်းမည်

**ပြည့်သိမ်း**

**ရန်ကုန်**- ဘဏ်ချေးငွေ၊ အပ်ငွေ အတိုးနှုန်းများကို တစ်နှစ်လျှင် လေးရာခိုင်နှုန်းဝန်းကျင်အထိလျှော့ချနိုင်ရေးလွှတ်တော်သို့အဆိုတင်သွင်းနိုင်ရန် ဆွေးနွေးနေကြောင်း စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ သတင်းရရှိသည်။

"လွှတ်တော်ကော်မတီအတွင်းမှာ ဆွေးနွေးနေတာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာရင် ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ယှဉ်ပြိုင်နိုင်အောင် အတိုးတွေလျှော့ရမယ်"ဟု ၎င်းကော်မတီအဖွဲ့ဝင်ပြည်သူ့လွှတ်တော်အမတ်ဦးကြည်မြင့်က ဇွန် ၈ ရက်တွင်ပြောကြားသည်။

ဘဏ်ချေးငွေနှင့်အပ်ငွေအတိုးနှုန်းကွာခြားနေမှုကိုကျဉ်းမြောင်းစေရန်အတွက်လည်း အချက်တစ်ချက်အနေဖြင့် ဆွေးနွေးမှုတွင် ထည့်သွင်းထားကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ လက်ရှိ ပြည်တွင်းဘဏ်တိုးနှုန်းမှာ အပ်ငွေပေါ်တွင် ရှစ်ရာခိုင်နှုန်းနှင့် ချေးငွေအပေါ်တွင် ၁၃ရာခိုင်နှုန်းရှိသဖြင့်ခြားနားမှုမှာ ငါးရာခိုင်နှုန်းရှိသည်။

"အပ်ငွေ၊ ချေးငွေကြားမှာ ခြားနားမှုကျဉ်းသွားရင် ဘဏ်ဘက်က လုပ်ရကိုင်ရခက်သွားမယ်။ ဘဏ်လုပ်ငန်းကအရင်းအနှီးများတော့ ဖွံ့ဖြိုးရေးအတွက်အခက်အခဲဖြစ်မယ်"ဟု ကမ္ဘောဇဘဏ်ဒုတိယဥက္ကဌ-၂ ဦးသန်းလွင်ကဆိုသည်။

ထို့အပြင် ဘဏ်တိုးနှုန်းများကို နိုင်ငံတော်အစိုးရနှင့် လွှတ်တော်တို့ကသတ်မှတ်ခြင်းထက်ဗဟိုဘဏ်ကသာ အဓိကသတ်မှတ်ပြီး လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပြုသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

"အတိုးနှုန်းထပ်လျှော့မယ်ဆိုရင် ပြည်တွင်းစီးပွားရေးလုပ်ငန်းအတွက် ကောင်းကျိုးတွေရှိသလို အစိုးရအတွက်လည်း အကျပ်အတည်းတွေရှိနိုင်တယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ဒေါက်တာစိုးထွန်းက ဆိုသည်။

အတိုးနှုန်းလျှော့ချမှုကြောင့် ဘဏ်များတွင် အပ်ထားသည့် ငွေများတွင် ငွေကြေးလည်ပတ်မှု ပိုမိုအားကောင်းလာနိုင်သည်။ ထို့အပြင် ချေးငွေအတိုးနှုန်းနည်းသဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အတိုးနှုန်းအပေါ် ထည့်သွင်းစဉ်းစားရသည့် အချက်တစ်ခုမှာလည်း အခြားသောနိုင်ငံများနည်းတူ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများငွေကြေးထုတ်ယူသွားသဖြင့် အသုံးစရိတ်များတွင် အကျပ်တည်းများ ကြုံနိုင်ကြောင်း ဒေါက်တာစိုးထွန်းကဆိုသည်။

# ပြုပြင်ပြောင်းလဲမှုများပြည်သူ့အတွက် ဦးတည်ရမည်ဟု UNDP အကြီးအကဲပြော

**နေလင်းထွန်း**


**ရန်ကုန်၊ ဇွန်-၈**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုသည်ပြည်သူလူထုအတွက် အမြဲဦးတည်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP ၏ အုပ်ချုပ်ရေးမှူး မစ္စဟယ်လင်ကလေ့ခ်က ပြောသည်။

UNDP အကြီးအကဲ တစ်ယောက်အနေဖြင့် နှစ်ပေါင်း ၂၀ တွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သော နယူးဇီလန်ဝန်ကြီးချုပ်ဟောင်းဖြစ်သူ မစ္စဟယ်လင်ကလေ့ခ်သည် သန်လျင်မြို့နယ်၊ ကရင်ဆိပ်ကျေးရွာရှိ ပညာပဒေသာဌာနသို့သွားရောက်လည်ပတ်ကြည့်ရှုစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံက အလွန်အရေးကြီးသော အခြေအနေကို ရောက်ရှိနေပြီး အကူးအပြောင်း အလွန်မြန်ဆန်နေပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ အကြံပြုချက်ကတော့ ပြည်သူတွေအတွက် အမြဲဦးတည်ထားဖို့၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့လုပ်ငန်းတွေကို ဘယ်လိုအစီအစဉ်တကျ အကောင်အထည်ဖော်မယ်ဆိုတာ အဖြေရှာဖို့နဲ့ ဖြစ်စဉ်တွေကို အကန့်အလိုက် ကြိုးစားဆောင်ရွက်စေဖို့ဖြစ်ပါတယ်။

**စာ(၈)သို့**




NGWE YI PA LÈ MINING CO.,LTD.
www.ngweyipale.com
No.157, 75th Street , between 34th and 35th Streets
Chan Aye Thar Zan Township , Mandalay , Myanmar
Tel : (95)2 30829, (95)2 73941, (95)2 71424 , (95)2 60148
Fax : (95)2 68192 Email : ngweyipale@gmail.com

Life
7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ပြိုင်ကားများကို အလှဆင်ခြင်း

မိုးညို



ခပ်စွေစွေလေးရွာနေတဲ့ ရန်ကုန်မိုးကို ဂရုမစိုက်ဘဲ ဗွက်အိုင်များကြားက လီဗာဆွဲသံ အရှည်ကြီးဖြင့် အရှိန်ပြင်းပြင်း မောင်းနှင်လာသည့် ဂျီတီအာ ပြိုင်ကားအနက်နုရောင်လေးမှာ ကျိုက္ကဆံလမ်းဆုံ မီးပွိုင့်တွင် အိမ်စီးကားများနှင့် ဘက်စ်ကားများကို တစ်စီးပြီးတစ်စီး ကျော်တက်ရင်း ကားနှင့်အပိုပစ္စည်း အလှဆင်ဆိုင်လေး အရောက်တွင်ပါကင်ထိုးလိုက်သည်။

အနက်ရင့်ရောင် ဂျီတီအာ ပြိုင်ကားအမျိုးအစားလေးကို မွေးနေ့လက်ဆောင် အဖြစ်ရရှိခဲ့ပြီးနောက် ယခုလတ်တလော ခေတ်စားနေသည့် ကားတစ်စီးလုံးကို ပြောက်ကျားစတစ်ကာဖြင့် ပုံစံပြောင်းပစ်ရန် ရည်ရွယ်ရောက်ရှိလာခြင်းဖြစ်သည်။ ထိုကားပိုင်ရှင်က အသက်(၂၉)နှစ်အရွယ် ကိုဇင်နိုင် ဖြစ်သည်။

ပြိုင်ကားမောင်းနှင်သူ လူငယ်အချင်းချင်းကြား စတိုင်ကျလှပစေရန်နှင့် မောင်းနှင်သွားနေစဉ်အတွင်း လူအများစိတ်ဝင်တစားကြည့်စေရန် ဒီဇိုင်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ငွေကုန်ကြေးကျခံပြီး ပြင်ဆင်သူများထဲတွင် ကိုဇင်နိုင်ကဲ့သို့ ငွေကြေးတတ်နိုင်သူ လူငယ်အများစုပါဝင် ဖြစ်သည်။

ရန်ကုန်မြို့၌ ငွေကြေးတတ်နိုင်သူ လူငယ်တို့အတွက် ဖျော်ဖြေရေးအဆင်တန်ဆာဖြစ်သည့် ပြိုင်ကားကို မောင်းနှင်သူ လူငယ် အချင်းချင်း ခေတ်နောက်ကျမကျန်ခဲ့စေရန် အွန်လိုင်းစာမျက်နှာများနှင့် လူမှုကွန်ရက်များတွင် လေ့လာကြပြီး အလှဆင်ခြင်းမှာ လူငယ်တို့အတွက် အလုပ်တစ်ခုလိုပင် ဖြစ်လာသည်။

"ကိုယ်မောင်းလာတဲ့ ကားမောင်းသွားတာနဲ့ ကိုယ့်အချင်းချင်းရောလမ်းပေါ်ကလူတွေရောငေးပြီဆိုတာနဲ့ ကိုယ့်ကားရဲ့ ဖက်ရှင်အောင်မြင်ပြီလို့ ယူဆထားကြတာ"ဟု ရန်ကုန်မြို့မှပြိုင်ကားမောင်းနှင်သူ လူငယ်တစ်ဦးက ပြောသည်။ ဖဲလေဒီ၊ ဂျီဒီအာ 35, 34, RXX, SKYLIN အစရှိသောပြိုင်ကားအမျိုးအစားများ မြန်မာပြည်ဈေးကွက်သို့ စတင်ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက်ကားအလှဆင် လုပ်ငန်းများမှာလည်း တဖြည်းဖြည်းခေတ်ကောင်းလာခဲ့ကြသည်။

"ဆိုင်ကိုလူငယ်တွေ တော်တော်လာကြတယ်။ သူတို့ကြိုက်တဲ့ ဒီဇိုင်းဆိုလို့ကတော့ ငွေကနောက်မှ မေးတယ်။ အရင်ဆုံး လုပ်လိုက်ရမှ ကျေနပ်ကြတာ"ဟု ကားအလှဆင်လုပ်ငန်းများဆောင်ရွက်ပေးနေသည့် တာမွေမြို့နယ် ၆၆၆ ဆိုင်မှ ဦးစောမောင်က ပြောသည်။

ကားတစ်စီးလုံးကို လုံးဝမမှတ်မိနိုင်လောက်အောင်ပင် ပြင်ဆင်ပြောင်းလဲမည်ဆိုပါက အနည်းဆုံး ငွေကျပ်သိန်း ၄၀ မှ အများဆုံးသိန်း ၂၀၀ အထိ ကုန်ကျကြောင်း ဦးစောမောင်က ပြောပြသည်။

"ဟိုတစ်လောကပြည်ထောင်စု ဝန်ကြီးသား တစ်ယောက်လာသွားတယ်။ ကားနောက်ခြမ်း အော်ဒီယိုဆင်တာ သိန်း ၁၄၀ ကျော်လောက်သုံးသွားတယ်"ဟု ၎င်းက ပြောသည်။

ကားနောက်ဘက်၌ အမြီးတပ်ခြင်း၊ စတစ်ကာတစ်စီးလုံးကပ်ခြင်း၊ ကနုတ်လက်ရာအမျိုးမျိုးကို အချိန်ပေးပြီး ကွန်ပျူတာ 3D ဆော့ဖ်ဝဲဖြင့် မိမိကြိုက်နှစ်သက်သည့် ဒီဇိုင်းကိုပြောင်းလဲခြင်း၊ ကားအောက်မီးများတပ်ဆင်ခြင်း၊ လီဘာသံရှည်ကြီးများ ရရှိရေးစအတွက် မူလလီဘာထက် အသံပိုပြင်းသည့် လီဘာများ ပြောင်းလဲတပ်ဆင်ကြခြင်း ကားနောက်ခန်းတွင်နောက်ဆုံးပေါ် အော်ဒီယိုများတပ်ဆင်ခြင်း၊ ကားအတွင်းပိုင်းအလှဆင်ခြင်းများကို ယခုနောက်ပိုင်းတွင် ပြိုင်ကား မောင်းနှင်သူ လူငယ်အများစုပိုလုပ်ဆောင်လာကြကြောင်း K-STAR Car Entainment မှ အရောင်းတာဝန်ခံ ကိုပြည့်ဖြိုးက ပြောကြားသည်။

**စာမျက်နှာ(၃၂)သို့**



7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

## ကချင်စစ်ပွဲ ၂နှစ်ပြည့်အခမ်းအနားမြို့ကြီးအချို့တွင်ကျင်းပ

**အောင်နိုင်**

**ရန်ကုန်၊ ဇွန်-၉**


ရန်ကုန်မြို့တွင် ငြိမ်းချမ်းရေးလိုလားသူများက စစ်ဆန့်ကျင်ရေးဆန္ဒထုတ်ဖော်စဉ်

တစ်ကျော့ပြန်ကချင်စစ်ပွဲ ၂ နှစ်ပြည့်အခမ်းအနားကို ရန်ကုန်မြို့ အပါအဝင်မြို့ကြီးများတွင် ယနေ့ (ဇွန် ၉ရက်)က ပြုလုပ်ခဲ့ကြသည်။

ငြိမ်းချမ်းရေးလိုလားသော ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများပူးပေါင်းပါဝင်ခဲ့ကြပြီး ဘာသာကြီးလေးခုမှ မေတ္တာပို့သ တောင်းအမျှဝေခြင်း၊ စစ်ဘေးရှောင်ဒုက္ခသည်များက အတွေ့အကြုံ ရှင်းလင်းခြင်း၊ ဓာတ်ပုံပြပွဲနှင့် အနုပညာများဖြင့် သရုပ်ဖော်ခြင်းတို့ကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနားမြို့တို့တွင် ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့တွင် အရပ်ဘက်လူ့အဖွဲ့အစည်း ၁၈ခုက စီတန်းလမ်းလျှောက်ခြင်း၊ သဘောထားထုတ်ပြန်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ကချင်စစ်ပွဲဓာတ်ပုံပြပွဲကိုလည်း ပြသခဲ့သည်။

အလားတူ မန္တလေးမြို့၌လည်း ကချင်စစ်ပွဲ ၂နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးမှ တစ်ပါးအခြားမရှိဂီတဆည်းဆာ အခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့ အဖွဲ့တွေ၊ ပြည်သူတွေ ပူးပေါင်းကျင်းပတာ။ တိုက်ပွဲတွေမှာ ကျဆုံးသွားတဲ့ နှစ်ဘက်စစ်သည်တွေ၊ ပြည်သူတွေအတွက် ရည်စူးပါတယ်"ဟု လိုင်ဇာငြိမ်းချမ်းရေး လမ်းလျှောက်လူငယ်အဖွဲ့မှ ကိုအောင်မင်းထွန်းကပြောသည်။ ၂၀၁၁ခုနှစ် ဇွန် ၉ရက်တွင် အစိုးရနှင့် ကေအိုင်အေတို့ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် လူပေါင်း တစ်သိန်းကျော်နေရပ်များစွန့်ခွာတိမ်းရှောင်နေရသည်။

## ဒိုက်ဒီလေး ချက်ကြရအောင်



### ပုဇွန်တဗောင်းချဉ်ကြော်

ဝိုက်ဖီက ဒီတစ်ပတ်တော့ အစားလည်းဆေး၊ ဆေးလည်းအစာဆိုတဲ့ ဆိုရိုးစကားအတိုင်း ဆေးဖက်ဝင်တဲ့ တဗောင်းချဉ်ပင် (အခါးပင်) လေးတွေကို ကြော်ထားပါတယ်။

တဗောင်းချဉ်ပင် ငါးလက်လောက်ကို ခါးပြားရိုက်ပြီး ဆားနဲ့ အမြှုပ်ထွက်တဲ့အထိနယ်ပါ။ ပုစွန်ကျော့ကို အခွံနွှာအမွှေးသင်ပြီး အရသာဝင်အောင်နယ်ပါ။ ကြက်သွန်ဖြူနီ ဆီသတ်ပြီး ပုဇွန်ကို အနံ့ပျောက်တဲ့ထိ ထည့်မွှေပါ။ ပြီးရင် ရေဆေးထားတဲ့ တဗောင်းချဉ်အလက်တွေကို ထည့်မွှေ၊ ဟင်းခတ်မှုန့်၊ ငံပြာရည်နဲ့ ရေနည်းနည်းထည့်ပြီး ဆီပြန်ရင်ချလို့ရပါပြီ။

ခါးသက်သက်အရသာရှိပေမယ့် ပုစွန်နဲ့ တွဲလိုက်တာကြောင့် အခါးကြောက်သူတွေလည်း ခံတွင်းတွေ့မှာပါ။ ဆေးဖက်လည်း ဝင်တယ်ဆိုတာကြောင့် ဝိုက်ဖီပရိသတ်ကြီး ကျန်းမာစေသော အစားအစာများစားသုံးခြင်းဖြင့် ဘေးဘယာဝေးပါစေ။






# အားပြိုင်နေတဲ့ ဇွန်ပန်းပွင့်ကလေးများ

**လွင်ချန်ဖြိုး(နတ်မောက်)**

ဇွန်လဆန်းတွင် တစ်နိုင်ငံလုံးရှိ မိဘသားစုတိုင်းနီးပါး လှုပ်လှုပ်ရှားရှား ဖြစ်ကြရသည်။ သားငယ်၊ သမီးငယ် အနာဂတ် ရတနာကလေးများ ငယ်စဉ်အခါပညာရှာဖွေကြရန် ကျောင်းတော်အသီးသီးသို့ ပို့ကြရသည်။ စားဝတ်နေရေးအတွက် မမောနိုင်၊ မပန်းနိုင် လှုပ်ရှား ရုန်းကန်နေကြရသည့်ကြားမှ ပညာရေးအတွက် တတ်အားသမျှ ရင်းနှီးမြှုပ်နှံကြရသည်။ ရည်မှန်းချက်ကြီးကြီးဖြင့် မျှော်လင့် အားထားကာ စနစ်တကျ၊ ထိန်းကျောင်းပို့ဆောင်ကြသော မိဘများလည်း ရှိသည်။ ရေရေရာရာ ဘာကိုမျှ သတ်မှတ်ထားခြင်း မရှိဘဲ လုပ်ရိုးလုပ်စဉ် ဝတ္တရားတစ်ခုပမာ ဆောင်ရွက်ကြသူများလည်း ရှိသည်။ ဈေးကြီးကြီး၊ အဆင့်ဆမြင့်မြင့် ကျောင်းကိုမှ ရွေးချယ်ထားနိုင်သူများလည်း ရှိသည်။ အကျိုးအကြောင်း မညီညွတ်လို့ အခမဲ့စာသင်ကျောင်းများသို့ ပို့ကြရသူများကလည်း မနည်းမနော ရှိနေပြန်သည်။

တိုင်းပြည်တစ်ခု၏ အဆင့်အတန်းသည် ပညာရေးကဏ္ဍမှ အစပြုသည်ဟု ဆိုရပါမည်။ ထိုကဏ္ဍတွင်ထိန်းကျောင်းကိုင်တွယ်စီမံသူများအတွက်အဓိကအကျဆုံး



အနီးကပ်ဇာတ်လိုက်များမှာကျောင်းသား၊ ကျောင်းသူများပင် ဖြစ်ပါသည်။ ယင်းဇာတ်လိုက်များနေရာတွင် အစားထိုးဇာတ်လိုက်များအဖြစ်ဝင်ရောက် နေရာယူတတ်ကြသူများမှာ အချို့အချို့သော မိဘများဟု ဆိုလိုက်ချင်ပါသည်။ ထိုအခါဇာတ်လမ်းသည် ဇာတ်ကောင်းဖြစ်မလာတော့ဘဲ အားနည်းချက်များတွေ့ကာ အသစ်မှပြန်၍ စပြီးရင်းစနေရပေသည်။ ထို့အပြင် ဒါရိုက်တာ(များ)၏ ညံ့ဖျင်းမှုကြောင့်ဟုလည်း သုံးသပ်လိုက သုံးသပ်နိုင်ကြောင်း တွေ့နေရသေးသည်။

“အမေက တွေ့တဲ့သူတိုင်းကို ပြောချင်နေတာလေ။ သူ့သားကို ဆယ်တန်းဘော်ဒါထားတာ၊ သိန်းငါးဆယ်ပေးရတဲ့ ပုဂ္ဂလိကကျောင်းမှာထားတယ်ဆိုတာကို အသားယူပြောချင်နေတာ။ ကျွန်တော်က အဲဒီမှာနေရတာ မပျော်ဘူး။ ပိုက်ဆံချမ်းသာတဲ့ သူတွေပဲနေကြတာဆိုတော့ အကြိုအပို့ လုပ်တာ၊ လာတွေ့တာ၊ ဘာကားနဲ့။ ဘာအစားအသောက်တွေ ယူလာတယ်။ ဘာလက်ဆောင်တွေ ပါတယ်။ ဘာတွေဝတ်တယ်။ ဘာတွေသုံးတယ်ဆိုတာပဲ အများစုကပြိုင်နေကြတယ်။ အမေကျေနပ်အောင်လို့သာ နေပေးရတာ။ စာလည်းကြိုးစားချင်စိတ် မရှိဘူး” ဟု ဆယ်ကျော်သက်လူငယ်တစ်ဦးက ပြောပါသည်။ ထိုလူငယ် ထိုနှစ်က စာမေးပွဲကျလေသည်။

“အထက်တန်းကျောင်းရှိတဲ့ ရွာက သမီးတို့ရွာနဲ့ ခုနစ်မိုင်လောက်ဝေးတယ်။ မြေညီသိပ်မရှိဘဲ ရိုးတွေ၊ ချောက်တွေ၊ ယာခင်း နဲ့ သဲချောင်းတွေရှိတော့ အများစုက အသွားအပြန် လမ်းလျှောက်ပြီး ကျောင်းတက်ကြတယ်။ ဆိုင်ကယ် မဝယ်နိုင်ကြတာလည်း ပါတယ်။ ကျောင်းမှာ တစ်ခါတလေ ဂျာနယ် အပေါင်းလေးတွေ ဖတ်ရလို့ ကွန်ပျူတာ၊ အင်တာနက်ဆိုတာကို အရမ်းစိတ်ဝင်စားတယ်။ အချို့နိုင်ငံတွေမှာဆိုရင် သမီးတို့လို တောသူတောင်သားတွေဟာ ကိုယ့်အိမ်မှာနေရင်း အားတဲ့အချိန်မှာ စာသင်နိုင်တယ်လို့ ဆရာတွေက ပြောပြတော့ အရမ်းအံ့ဩရပါတယ်။ ဒါပေမဲ့ ဖြစ်နိုင်တယ်လို့ပဲ သမီးလက်ခံတယ်။ မြို့ကတက္ကသိုလ်မှာဆက်တက်နိုင်အောင် သမီးကြိုးစားပါမယ်။ တစ်ချိန်ချိန်မှာ ဖြစ်လာရမယ်လို့လည်း မျှော်လင့်ပါတယ်” ဟု ပြောပြသူက မြေလတ်ဒေသကျေးရွာတစ်ရွာမှ နဝမတန်းကျောင်းသူလေး ဖြစ်ပါသည်။

“ဦးပဥ္စင်းမနှစ်ကစပြီးကျောင်းတိုက်တည်ပါတယ်။အပြင်အတန်းကျောင်းတွေ မတက်မီနဲ့ ညနေကျောင်းဆင်းချိန်မှာ အလယ်တန်းကျောင်းသားတွေကို ပညာဒါနစာသင်ပေးပါတယ်။ တော်တော်များများ လာတက်ကြတယ်။ ဒါပေမဲ့ ကျောင်းအမျိုးမျိုးက လာကြတာဆိုတော့ သင်ရတာ သိပ်အဆင်မပြေဘူး။ ဒီနှစ်တော့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်ခွင့်တင်ပြီး စဖွင့်လိုက်ပြီ။ အခုဇွန်လ ၃ ရက်အထိ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၀၃ ဦးရှိသွားပြီ။ ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ဖတ်စာအုပ်၊ ဝင်ကြေးလစာ အားလုံးအခမဲ့ပါ။ ဘာသာရေးအခြေခံ သိမှတ်စရာတွေလည်း သင်ပေးမှာပါ။ နေရာထိုင်ခင်းနဲ့ စာသင်ခုံတွေတော့ လိုအပ်နေသေးတယ်။ ဒီနှစ်တော့ သူငယ်တန်းကနေ စတုတ္ထတန်းအထိပဲ စဖွင့်တာပါ။ လာမယ့်နှစ်မှာ မူလွန်ဖွင့်မယ်မှန်းထားတယ်”ဟု မုံရွာမြို့ပေါ် ရှိမဏ္ဍိမရောင်ခြည်ကျောင်းတိုက်မှ ဆရာတော်က မိန့်ကြားပါသည်။

**စာမျက်နှာ (၂၀)သို့**



# Health

7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

## လူကြီးများပါ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများလာ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၈**

ယခုနှစ်တွင် လူကြီးများ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများပြားနေပြီး ရောဂါလက္ခဏာသည် အခြားသော ရောဂါများနှင့် ဆင်တူနေသည့်အတွက် သတိပြုရန် လိုအပ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးမှ ပါမောက္ခ ဇော်သန်းထွန်းက ပြောသည်။

လူကြီးများတွင် ဖြစ်သည့် သွေးလွန်တုပ်ကွေး၏ လက္ခဏာသည် ကလေးများနှင့် အနည်းငယ်ကွာခြားပြီး ငှက်ဖျားရောဂါ၊ တိုက်ဖွိုက်ကဲ့သို့သော ရောဂါများ၏ လက္ခဏာများနှင့် ဆင်တူနေကြောင်း ဇွန် ၈ ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ ပြုလုပ်သည့် ဟောပြောပွဲတွင် ပြောကြားသည်။

သွေးလွန်တုပ်ကွေး လက္ခဏာများကို မသိခြင်းကြောင့် ဆေးရုံရောက်နောက်ကျခြင်း၊ အခြားသော ရောဂါများနှင့် မှားယွင်းကုသမိခြင်းကြောင့် သွေးလွန်တုပ်ကွေးဖြင့် သေဆုံးခဲ့မှု အချို့လည်း ရှိခဲ့သည်။



*သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်နေစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယခင်က လူကြီးများ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု မရှိခဲ့ဘဲ ယခုနောက်ပိုင်း၌ လူကြီးများတွင်ပါ တဖြည်းဖြည်း ဖြစ်ပွားလာပြီး ယခင်နှစ်များထက် ဖြစ်ပွားမှုများပြားနေကြောင်း သိရသည်။

လူဦးရေများပြားလာသည့်အပြင် ဗိုင်းရပ်စ်ပိုးများ များပြားပြီး ခြင်လည်းများပြားလာခြင်းကြောင့် လူကြီးများတွင် သွေးလွန် တုပ်ကွေးဖြစ်ပွားမှုယခင်ထက်များပြားလာခြင်း ဖြစ်နိုင်သည်ဟု ယူဆရသည်ဟု ဆိုသည်။

ယခုရာသီတွင် နှာစေး၊ ချောင်းဆိုး၊ လည်ချောင်းနာခြင်း မရှိဘဲ ဖျားနာပါက သွေးလွန်တုပ်ကွေးရောဂါကိုပါ ထည့်သွင်းစဉ်းစားသင့်ပြီး လူကြီးများတွင် သွေးလွန်တုပ်ကွေး ပိုးကူးစက်ခံရပါက ဗိုက်နာခြင်း၊ အန်ခြင်း၊ သွေးပေါင်ကျခြင်း၊ ရုတ်တရက် အဖျားကျသွားသည့် ရှော့ခ်ရသည့် လက္ခဏာများပြသလေ့ရှိကြောင်း သိရသည်။

"သေဆုံးမှုမှာ ကလေးတွေက ရာခိုင်နှုန်းများတယ်ဆိုပေမယ့် လူကြီးတွေမှာလည်း ရှော့ခ်ရတဲ့ လက္ခဏာပြရင် ဆေးရုံကို အမြန်ဆုံးလာသင့်ပါတယ်"ဟု ပါမောက္ခ ဇော်သန်းထွန်းက ပြောသည်။

လူကြီးသွေးလွန်တုပ်ကွေး ရောဂါသည် အသက်(၁၈)နှစ်မှ (၃၃) နှစ်အရွယ်များတွင် အဖြစ်များပြီး အချို့တွင် အသက်(၅၀) ကျော် သွေးလွန်တုပ်ကွေးလူနာများလည်း ရှိခဲ့ကြောင်း ပါမောက္ခ ဇော်သန်းထွန်းက ပြောသည်။

ယခုနှစ်သည် မြန်မာနိုင်ငံ ကျေးလက်မြို့ပြများတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု များပြားနေရုံသာမက ဒေသတွင်း နိုင်ငံများတွင်လည်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုများပြားနေသည်။

## မားစ် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၁ ဦးရှိလာဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြော

**ဂျီနီဗာ၊ ဇွန်-၈**

လူအသေအပျောက် အများဆုံး ဆော်ဒီအာရေဗီးယား နိုင်ငံတွင် နောက်ထပ်လူတစ်ဦး သေဆုံးခဲ့ပြီးနောက် ဆားစ်ဗိုင်းရပ်စ်နှင့် ဆင်တူသောမားစ်(MERS-Cov) ဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၁၁ ဦး ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ပြောကြားသည်။

ယခုနောက်ဆုံးသေဆုံးသူမှာ ဆော်ဒီအာရေဗီးယားနိုင်ငံ အရှေ့ပိုင်း အယ်အာဆာဒေသမှ အသက် (၈၃) နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း ကုလသမဂ္ဂ ကျန်းမာရေး အေဂျင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြောကြားသည်။ ယင်းအမျိုးသားမှာ မေလ ၂၇ ရက်တွင် စတင်ဖျားနာပြီး မေ ၃၁ တွင် သေဆုံးခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြော သည်။

"၂၀၁၂ စက်တင်ဘာလ ယနေ့အချိန်ထိ မားစ်ဗိုင်းရပ်စ်ပြန့်ပွားမှုဓာတ်ခွဲခန်း အတည်ပြုချက် ရယူပြီးသား ဖြစ်ပွားမှု ၅၅ ကြိမ်ရှိခဲ့ပြီး ၃၁ ဦးသေဆုံးကြောင်း အသိပေးခဲ့ပါတယ်" ဟု WHO ကြေညာချက်တွင် ဖော်ပြသည်။

ထိုရောဂါကိုယခင်က ဆားစ်နှင့်ဆင်တူသော ဗိုင်းရပ်စ်ဟု အမည်ပေးခဲ့သော်လည်း အရှေ့အလယ်ပိုင်းမှလာသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါစု (MERS) ဟု ပြီးခဲ့သည့် လအတွင်း ယင်းအဖွဲ့ကြီးက ပြင်ဆင် သတ်မှတ်ခဲ့သည်။

ယင်းရောဂါကြောင့်ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့တွင် လူတစ်ဦးစီ သေဆုံးခဲ့ပြီး ယူအေအီး၊ ဂျော်ဒန်၊ ကာတာ၊ ဗြိတိန်၊ တူနီးရှား၊ အီတလီနိုင်ငံတို့တွင်လည်း ရောဂါဖြစ်ပွားမှုများရှိခဲ့သည်။

—Ref: AFP

## ရန်ကုန်ဆေးရုံကြီးတွင် နျူကလီးယားနည်းပညာသုံး စကင်န်စနစ်တပ်ဆင်မည်

**သန်းထူး**

**နေပြည်တော်၊ ဇွန်-၅**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း အဆင့်မြှင့်တင်လျက်ရှိသော ရန်ကုန်အထွေထွေဆေးရုံကြီးတွင် နျူကလီးယားနည်းပညာသုံး PET/ CT Scan ဖတ်သည့်စနစ်ကို တပ်ဆင်ပေးမည်ဖြစ်ကြောင်း အဆိုပါစက်တပ်ဆင်ပေးရန်တင်ဒါအောင်ထားသော Royal Philips မှ အာဆီယံနှင့် ပစိတ်ဖိတ်ဒေသ ဆိုင်ရာ အမှုဆောင်အရာရှိချုပ် ဟာဂစ်ဂေးလ်က ပြောကြားသည်။

အဆိုပါ စနစ်တပ်ဆင်ပြီးနောက်ကိုင်တွယ်ထိန်းသိမ်းအသုံးပြုနိုင်ရန်အတွက်သင်တန်းများ ပေးမည့် အကြောင်းကိုလည်း "အရမ်းခေတ်မီတဲ့ စက်ဖြစ်လို့ ဒါကို အသုံးပြုမယ့် ဆရာဝန်တွေ၊ ဝန်ထမ်းတွေကို ဘယ်လိုအသုံးပြုရမယ်၊ ဘယ်လိုကိုင်တွယ်ထိန်းသိမ်းရမယ်ဆိုတာ သင်ပေးမှာဖြစ်ပါ တယ်" ဟု နေပြည်တော် တော်ဝင် ကုမုဒြာဟိုတယ်၌ ဇွန် ၅ရက်တွင်ပြုလုပ်သောသတင်းစာရှင်း လင်းပွဲတွင် ၎င်းကပြောကြားသည်။

ဆေးဘက်ဆိုင်ရာ နျူကလီးယားနည်းပညာ ဖွံ့ဖြိုးရေးကို ကနဦးကတည်းက ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံကို ကျန်းမာရေးစောင့်ရှောက်မှု နည်းပညာများ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပြီး ထို့အတွက် သင်တန်းများကို လည်း ၂၀၁၃ မေလမှ ၂၀၁၄ မတ်လအကြားပေးသွားမည်ဖြစ်ကာ နျူကလီးယားဆေးပညာသည် ဘေးအန္တရာယ်ကင်းခြင်း၊ နာကျင်မှုမရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့် အားသာချက် များရှိကြောင်းလည်း ၎င်းကပြောကြားသည်။

Philips သည် လက်ရှိကျန်းမာရေးပစ္စည်းများကို အဆင့်မြှင့်တင်ခြင်းနှင့်ပြည်သူများဈေးသက်သာစွာရောဂါကုသနိုင်ရန် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီးမြန်မာနိုင်ငံတွင်ပိုမိုကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်များ တည်ဆောက်ပေးသွားရန်ရှိကြောင်း သတင်းရရှိသည်။

ရန်ကုန်ပြည်သူများအပြင် တစ်နိုင်ငံလုံးမှ ပြည်သူများ အားကိုးအားထား ပြုလျက်ရှိသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ခေတ်မီဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူ့လွှတ်တော် အစိုးရသို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုကိုပြီးခဲ့သည့်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။ ယင်းအပြင် ၎င်းဦးဆောင်သော ကျန်းမာရေး ဖောင်ဒေးရှင်းကလည်း ဆေးရုံကြီး အဆင့်မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။







7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# အိပ်ချိန် ခြောက်နာရီထက်နည်းသော အမျိုးသမီးများ နှလုံးရောဂါပိုဆိုးနိုင်

**ဆန်ဖရန်စစ္စကို၊ ဇွန်-၇**

ညဘက်အိပ်ချိန် ခြောက်နာရီထက် လျော့နည်းသော အမျိုးသမီးများတွင် နှလုံးရောဂါအခြေအနေ ပိုမိုဆိုးရွားနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ညဘက်အိပ်ချိန် ခြောက်နာရီအောက် လျော့နည်းခြင်းနှင့် နံနက်တွင်အလွန်စောစီးစွာ အိပ်ရာမှ နိုးနေခြင်းတို့သည် နှလုံးရောဂါသည် အမျိုးသမီးများ၏ခန္ဓာကိုယ်ရောင်ရမ်းခြင်း အခြေအနေများကို ပိုမိုဖြစ်စေသည်ဟု ဆန်ဖရန်စစ္စကိုမြို့ရှိကယ်လီဖိုးနီးယားတက္ကသိုလ်မှ စိတ်ရောဂါကုလက်ထောက်ပါမောက္ခ ဒေါက်တာ အာရစ်ပရက်သာက ပြောကြားသည်။ သို့ရာတွင် အဆိုပါရောင်ရမ်းခြင်းများသည် အမျိုးသမီးများတွင်သာ အဖြစ်များသည်ဟု ဒေါက်တာ ပရက်သာက ပြောကြားသည်။

"ခန္ဓာကိုယ် ရောင်ရမ်းတာဟာ နှလုံးသွေးကြောနဲ့ဆိုင်တဲ့ လက္ခဏာတစ်ရပ်ပါ။ အရင်တုန်းက ကားအကြာကြီး မောင်းရင် ခန္ဓာကိုယ်ရောင်ရမ်းတာတွေ ဖြစ်နိုင်တယ်ဆိုပြီး တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ အခုတင်ပြတဲ့ အိပ်ရေးမဝတဲ့ကိစ္စဟာ ခန္ဓာကိုယ်ရောင်ရမ်းမှုကို ပိုမိုဖြစ်စေနိုင်ပါတယ်။ အဲဒီအိပ်ရေးမဝတာနဲ့ဆက်စပ်ပြီး ကျန်းမာရေးထိခိုက်မှုတွေ ပိုဖြစ်လာနိုင်ပါတယ်" ဟု ဒေါက်တာ ပရက်သာက ပြောကြားသည်။

အမေရိကန်နိုင်ငံရှိလူပေါင်း ၇၀၀ ခန့်ကို ၂၀၀၀ ပြည့်နှစ်ကစတင်၍ငါးနှစ်ကြာ သုတေသနပြုခဲ့ရာမှ အိပ်ရေးမဝသော အမျိုးသမီးများသည် အိပ်ရေးမဝသော အမျိုးသားများထက် ခန္ဓာကိုယ်ရောင်ရမ်းခြင်းနှစ်ဆခွဲခန့် ပိုမိုကြောင်း လေ့လာတွေ့ရှိခဲ့ပြီး ၎င်းလေ့လာတွေ့ရှိချက်များကို စိတ်ရောဂါသုတေသန ဂျာနယ်၌ ဇွန် ၅ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

—Ref: UPI

# ယောဂကျင့်စဉ်သည် အေရိုးဗစ်လေ့ကျင့်ခန်းထက် ဦးနှောက်စွမ်းရည် တိုးတက်စေ

**အီလီနွိုက်၊ ဇွန်-၈**

မိနစ် ၂၀ ခန့် 'Hatha' ယောဂလေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် အေရိုးဗစ် လေ့ကျင့်ခန်း ပြုလုပ်ခြင်းတို့တွင် ယောဂလေ့ကျင့်ခြင်းက ဦးနှောက်စွမ်းရည်ကို ပိုမိုတိုးတက်စေသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် တက္ကသိုလ် ကျောင်းသူ ၃၀ ဦးကို အဆိုပါ ဦးနှောက်စွမ်းဆောင်ရည်နှင့်ပတ်သက်၍ သုသေသနပြုခဲ့ကြသည်။

"ယောဂဆိုတာ ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုတွေသာမက ပုံမှန်အသက်ရှူခြင်းနဲ့ ကမ္မဋ္ဌာန်းထိုင်ခြင်းတွေလည်း ပါဝင်တဲ့ ရှေးအိန္ဒိယ သိပ္ပံပညာရပ်တစ်မျိုးပဲဖြစ်ပါတယ်" ဟု သုတေသနပါမောက္ခ နီဟာရိုသီက ပြောကြားသည်။

တက္ကသိုလ်ကျောင်းသူလေးများသည် ယောဂလေ့ကျင့်ခန်းကို စိတ်အာရုံစုစည်း၍ ထိုင်လျက်အနေအထား၊ မတ်တတ်အနေအထား၊ ပက်လက်အနေအထားတို့ဖြင့် မိနစ် ၂၀ ခန့်ပြုလုပ်ခဲ့ပြီး ကမ္မဋ္ဌာန်းထိုင်၍ အသက်မှန်မှန်ရှူကာ လေ့ကျင့်ခြင်းကို အဆုံးသတ်ခဲ့သည်။ ထိုနည်းတူ လမ်းလျှောက်ရသော အေရိုးဗစ်လေ့ကျင့်ခန်းကိုလည်း မိနစ် ၂၀ ခန့်ပြုလုပ်ခဲ့သည်။ ထိုအခါ အေရိုးဗစ်လေ့ကျင့်ပြီးနောက် ကျောင်းသူများ၏ ဦးနှောက် မှတ်ဉာဏ်စွမ်းအားနှင့် ထိန်းချုပ်မှုစွမ်းအားတို့သည် ထူးထူးခြားခြား ပြောင်းလဲမှုမရှိသော်လည်း ယောဂလေ့ကျင့်ပြီးနောက် ၎င်းတို့၏ ဦးနှောက်စွမ်းဆောင်ရည်များသည် ပိုမိုတိုးတက်လာသည်ဟု ပါမောက္ခဂိုသီက ပြောကြားသည်။

အဆိုပါသုတေသနမှ ရှာဖွေတွေ့ရှိချက်များကို Physical Activity and Health ဂျာနယ်တွင် ဖော်ပြခဲ့သည်။

—Ref: UPI

# သွေးလွန်တုပ်ကွေးကာကွယ်ဆေး ၂နှစ်ခန့်အတွင်း သုံးနိုင်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၈**

လာမည့် ၂ နှစ်ခန့်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ဆေး ပြည်တွင်း၌ အသုံးပြုနိုင်တော့မည်ဟု မျှော်မှန်းထားကြောင်း ဇွန် ၈ရက်က ပြုလုပ်သည့် သွေးလွန်တုပ်ကွေးရောဂါဟောပြောပွဲတွင် ပြောကြားခဲ့သည်။

မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသည် သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုများပြားသည့် ဒေသများဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၄၀ရာခိုင်နှုန်းကျော်သည် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများသည့်နေရာများတွင်နေထိုင်နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကဖော်ပြထားသည်။


ကာကွယ်ဆေးမှာ လူတွင် စမ်းသပ်ပြီး ရလဒ်ကို စောင့်ဆိုင်းနေသည့် ဒုတိယအဆင့်တွင်ရှိနေပြီး ၂၀၁၅ခုနှစ်ခန့်တွင် ပြည်တွင်း၌ အသုံးပြုနိုင်မည်ဟု ခန့်မှန်းထားကြောင်း ကာကွယ်ဆေးများ တင်သွင်းရောင်းချသည့် THET PAING SOE ကုမ္ပဏီကပြောကြားသည်။

"ကာကွယ်ဆေးက သွေးလွန်တုပ်ကွေးပိုင်းရပ်စ် လေးမျိုးစလုံး ကာကွယ်နိုင်မှာဆိုတော့ ဒီဆေးသာရရင် သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်နိုင်ပြီ"ဟု ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးမှ ပါမောက္ခ ဇော်သန်းထွန်းကပြောသည်။

ကလေးငယ်များကို အဓိကခြိမ်းခြောက်သည့် ရောဂါထဲတွင်လည်းပါဝင်ပြီး နှစ်စဉ်ကလေးငယ်ငါးသိန်းခန့်သည် သွေးလွန်တုပ်ကွေးရောဂါကြောင့် အသက်သေဆုံးနေကြောင်း Centre of Disease Control(CDC)၏စာမျက်နှာတွင် ရေးသားထားသည်။

ယခုနှစ်တွင် ဇန်နဝါရီလမှ မတ်လအထိ တစ်နိုင်ငံလုံးတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ သုံးထောင်ကျော်ပြီး လေးဦးသေဆုံးခဲ့သည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ၁၉၆၉ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီး မိုးရာသီတွင် ပိုမိုဖြစ်ပွားသည်။






# Regional

7DAY NEWS JOURNAL

Vol.12, No.14 • JUNE 12 , 2013


## စုတ်ပြဲငွေစက္ကူများကို ထက်ဝက်ဈေးဖြင့် လဲလှယ်ရေးဝန်ဆောင်မှုလုပ်ကိုင်သူများလာ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၈**

မုံရွာမြို့နယ်အတွင်း မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများတွင် စုတ်ပြဲငွေစက္ကူများကို တန်ဖိုး၏ ထက်ဝက်နှုန်းထားဖြင့် ငွေကြေးလဲလှယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ယခုနှစ်ဇွန်လဆန်းတွင် ပိုမိုများပြားလာကြောင်း သတင်းရရှိသည်။

"အရင်လတွေတုန်းက မြို့ပေါ် ရပ်ကွက်တွေမှာ ဆိုင်ကယ်နဲ့ လှည့်လည်ပြီး စုတ်ပြဲငွေစက္ကူတွေကို တန်ဖိုးရဲ့ထက်ဝက်နှုန်းထားနဲ့ လဲလှယ်တဲ့သူ ပိုများလာတယ်။ ဒီလအတွင်းမှာ ကျေးရွာတွေအထိ ဆိုင်ကယ်နဲ့ လှည့်ပတ်ပြီး စုတ်ပြဲငွေစက္ကူတွေလဲလှယ်တဲ့ဝန်ဆောင်မှုလုပ်ကိုင်သူတွေပိုများလာတယ်" ဟု မုံရွာမြို့၊ ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မုံရွာမြို့နယ်အတွင်း ဆိုင်ကယ်ဖြင့် လှည့်လည်၍ စုတ်ပြဲငွေစက္ကူလဲလှယ်ရေးဝန်ဆောင်မှုပေးသူတစ်ဦးကို မေးမြန်းရာ "ဒီလုပ်ငန်းက မုံရွာမြို့ပေါ် မှာ ပြေီလကုန်ရက်ပိုင်းက စလုပ်ခဲ့ကြတာ။ အခု မြို့ပေါ် မှာရော ကျေးရွာတွေမှာပါ စုတ်ပြဲငွေစက္ကူလဲလှယ်တဲ့လုပ်ငန်းကို ဆိုင်ကယ်တွေနဲ့ လှည့်လည်လုပ်ကိုင်နေပါတယ်။ စုတ်ပြဲငွေစက္ကူတွေကို ရပ်ကွက်တွေထဲမှာ တန်ဖိုးရဲ့ထက်ဝက်ဈေးနဲ့လဲပြီး ဘဏ်မှာ သွားလဲတဲ့အခါ တန်ဖိုးအပြည့်အဝရတယ်။ တော်တော်များများက စုတ်ပြဲငွေစက္ကူတွေကို ဘဏ်မှာသွားပြီး လဲလှယ်တဲ့သူနည်းလို့ အခုလို တန်ဖိုးထက်ဝက်ဈေးနဲ့ ငွေကြေးလဲလှယ်သူတွေ ပိုများလာတယ်။ စုတ်ပြဲငွေစက္ကူတွေမှာ နံပါတ်ပြည့်စုံမယ်၊ ငွေစက္ကူအင်္ဂါရပ်တွေပြည်စုံလို့ရှိရင် ဘယ်လောက်စုတ်ပြဲနေနေ လဲလှယ်ပေးပါတယ်"ဟု ပြောကြားခဲ့သည်။

မုံရွာမြို့နယ်အတွင်း စုတ်ပြဲငွေစက္ကူများကို တန်ဖိုး၏ ထက်ဝက်ဈေးနှုန်းဖြင့် လဲလှယ်သည့်ဝန်ဆောင်မှုလုပ်ငန်းကို ယခုနှစ် ဧပြီလအတွင်း စတင်ဆောင်ရွက်ခဲ့ပြီး ဇွန်လအတွင်း၌စုတ်ပြဲငွေစက္ကူ တန်ဖိုးထက်ဝက်နှုန်းဖြင့် လဲလှယ်သည့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ၂၀ ကျော်ရှိသည်။

ကျပ် ၂၀၀ တန်၊ ကျပ် ၅၀၀ တန်၊ကျပ်၁,၀၀၀တန်၊ကျပ်၅,၀၀၀ တန်နှင့် ကျပ် ၁၀,၀၀၀ တန် စုတ်ပြဲငွေစက္ကူများကို တန်ဖိုး၏ထက်ဝက်နှုန်းထားဖြင့် လဲလှယ်ကြောင်း ဆိုင်ကယ်တွင် အသံချဲ့စက်တပ်ဆင်၍ မုံရွာမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများ၌ လှည့်လည်လုပ်ကိုင်သော အလုပ်အကိုင်သစ်တစ်ခုအနေဖြင့် လုပ်ကိုင်သူ ပိုမိုများပြားလာကြောင်း သတင်းရရှိသည်။

## ကသာမြို့နယ်အတွင်းရှိ ဆိပ်ကမ်းရှစ်ခုကို ကြံတင်ပို့ရောင်းချသည့်ဆိပ်ကမ်းအဖြစ်သတ်မှတ်ရန် တောင်းဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၈**

ကသာမြို့နယ်အတွင်း၌ကြံရာသီတွင် သကာရည်များကို ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ရောဝတီမြစ်ဆိပ်ကမ်းရှစ်ခုကို ကြံစိုက်တောင်သူများ ကိုယ်တိုင်စိုက်ပျိုးတင်ပို့ရောင်းချသည့် ဆိပ်ကမ်းအဖြစ် သတ်မှတ်ပေးရန် ကသာခရိုင်အစည်းအဝေးခန်းမ၌ ဇွန်လ ၅ ရက်တွင် ကျင်းပသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း တာဝန်ရှိသူများက တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့်တာဝန်ရှိသူများကိုတင်ပြဆွေးနွေးကြောင်း သတင်းရရှိသည်။

"ကြံစိုက်တောင်သူတွေအနေနဲ့ ကိုယ်တိုင် စိုက်ပျိုးတင်ပို့ရောင်းချနိုင်တဲ့ ဆိပ်ကမ်းအဖြစ် သတ်မှတ်ပေးဖို့ တင်ပြခဲ့ပါတယ်။ တင်ပြထားတဲ့ ဆိပ်ကမ်းတွေက ကသာ၊ ထီးချိုင့်၊ ရွှေဂူ စတဲ့မြို့ပြဆိပ်ကမ်းတွေမပါဝင်ပါဘူး။ ကြံသီးနှံရာသီမှာ အသုံးပြုတဲ့ ဆိပ်ကမ်းတွေကို ကြံစိုက်တောင်သူတွေ ကိုယ်တိုင် တင်ပို့ရောင်းချမယ့် ဆိပ်ကမ်းအဖြစ် သတ်မှတ်ပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။ လက်ရှိဆိပ်ကမ်းရှစ်ခုကနေ ကသာဒေသထွက် သကာရည်တွေကို မန္တလေးဈေးကွက်ကို တင်ပို့နေပါတယ်" ဟု အဆိုပြုတင်ပြခဲ့သော ကသာမြို့နယ် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုယ်တိုင် စိုက်ပျိုးတင်ပို့ရောင်းချနိုင်မည့် ဆိပ်ကမ်းအဖြစ်သတ်မှတ်ပေးရန် တင်ပြရခြင်းနှင့်ပတ်သက်၍ ကသာမြို့နယ်ဒေသခံကြံစိုက်တောင်သူတစ်ဦးက "ကြံရာသီ လေးလငါးလနီးပါးတော့ ဆိပ်ကမ်းရှစ်ခုက သကာရည်တွေ တင်ပို့တဲ့ ဆိပ်ကမ်းတွေပေ့ါ။ ကုန်တင်ရေယာဉ်တွေပေါ် ကုန်တင်ကုန်ချစရိတ်တွေ ပေးရပေမယ့် သကာရည်ပုံးတွေကို ပစ်ချတာတွေကြောင့် သကာရည်ပုံးတွေ ပေါက်ပြဲကုန်သလို ကုန်ပိုသာ



**သကာရည်များကို ကြိုချက်နေစဉ်**

ဓာတ်ပုံ-မျိုးမင်းဦး

တစ်ရာပါတဲ့ သကာရည်ပုံးက မန္တလေး ဈေးကွက်ရောက်တဲ့အခါ ပိဿာရှစ်ဆယ်ဝန်းကျင်ပဲ ရှိတယ်။ ဒီလိုဖြစ်ရပ်တွေက တောင်သူတွေအတွက်နစ်နာဆုံးရှုံးမှုတွေလို့ ပြောလို့ရတယ်။ ဒါကြောင့် ကိုယ်တိုင်စိုက်ပျိုးတင်ပို့ရောင်းချတဲ့ဆိပ်ကမ်းအဖြစ် သတ်မှတ်ပြီး ကိုယ့်ကုန်တွေကို စနစ်တကျပို့ဆောင်ပေးရင် တောင်သူတွေ နစ်နာမှုမရှိတော့ဘူးပေ့ါ" ဟု ဆိုသည်။ ကသာခရိုင် အထူးအစည်းအဝေးခန်းမ၌ ဇွန်လ ၅ ရက်က ကျင်းပပြုလုပ်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ငွေ၊ တိုင်းဒေသကြီးကုန်သွယ်ရေးမြှင့်တင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်မောင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဦးအောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကသာမြို့နယ်အတွင်း ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်းဝင် ကြံစိုက်တောင်သူများ၊ ပုဂ္ဂလိက ရွှေလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက သစ်ထုတ်ရေး လုပ်ငန်းရှင်များ၊ ပုဂ္ဂလိက စက်သုံးဆီ ရောင်းဝယ်ရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။ **စာမျက်နှာ(၁၂)သို့**

## နွားရှစ်ကောင်ထားပြီး မှောင်ခိုသမားများ ထွက်ပြေး

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇွန်-၇**

သပိတ်ကျင်းမြို့နယ်ပိုင် တောလမ်း တစ်နေရာတွင် ပိုင်ရှင်မဲ့ နွားရှစ်ကောင် သိမ်းဆည်းရမိပြီး မှောင်ခိုရောင်းဝယ်သူ တရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်နေကြောင်း မြို့နယ်ရဲစခန်းမှ သတင်းရရှိသည်။

ဇွန် ၆ ရက် သပိတ်ကျင်းမြို့နယ်၊ ဂွေပင်မှော်ကျေးရွာ၊ စုပေါင်းကွင်းလယ်ယာတောလမ်းတွင် နွားများ တရားမဝင် သယ်ဆောင်ရောင်းဝယ်နေကြောင်း ရဲစခန်းသို့ သတင်းပေး တိုင်ကြား၍ တာဝန်ရှိသူများက သွားရောက်ဖမ်းဆီးရာ မှောင်ခိုရောင်းဝယ်သူများ ထွက်ပြေးလွတ် မြောက်သွားပြီး အဆိုပါ နွားရှစ်ကောင်ကို တောလမ်းသစ်ပင်များ၌ ကြိုးချည်လျက်တွေ့ရှိရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"လောလောဆယ်တော့ နွားရှစ်ကောင်ကို ရဲစခန်းမှာပဲ ထားပါတယ်။ တရားခံတွေကို အမြန်ဆုံးဖမ်းဆီးပြီး တရားစွဲဆိုသွားမှာဖြစ်ပါတယ်"ဟု သပိတ်ကျင်းရဲစခန်းမှ ရဲအရာရှိတစ်ဦးကပြောသည်။

နွားမှောင်ခို ရောင်းဝယ်သူများသည် တရုတ်-မြန်မာနယ်စပ်မူဆယ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တရားမဝင် ပို့ဆောင်နေကြခြင်းဖြစ်ပြီး ဇွန် ၁ ရက်မှ ၆ ရက်အထိ နွားမှောင်ခိုရောင်းဝယ်မှု လေးမှုရှိခဲ့ကာ နွားကောင်ရေ ၈၆ ကောင်သိမ်းဆည်းရမိခဲ့ကာ ပြစ်မှုကျူးလွန်သူခုနစ်ဦးကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအက်ဥပဒေပုဒ်မ ၅ ဖြင့် သက်ဆိုင်ရာမြို့နယ်ရဲစခန်းကအရေးယူထားသည်။




# နာဂဒေသအထက်တန်းကျောင်းများတွင် ဆရာအင်အားမလုံလောက်၍ သင်ကြားရေးအခက်တွေ့

**နန်းအောင်**

**ရန်ကုန်၊ ဇွန်-၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသ၊ နန်းယွန်းမြို့နှင့်ပန်ဆောင်မြို့ နယ်ခွဲအထက်တန်းကျောင်းများတွင် ဆရာ၊ ဆရာမအင်အားလုံလောက်မှု မရှိသည့် အတွက် သင်ကြားရေးတွင် အခက်အခဲများရှိနေကြောင်း ဒေသခံကျောင်းဆရာတစ်ဦးက ပြောကြားသည်။

စာသင်ကျောင်းများ စတင်ဖွင့်လှစ်နေပြီဖြစ်သော်လည်း ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချပေးမည့် ဆရာများလိုအပ်မှုရှိနေပြီး အထူးသဖြင့် သိပ္ပံတွဲဘာသာရပ်များတွင် သင်ကြားပေးမည့်ဆရာလုံလောက်မှုမရှိသည့်အတွက် နဝမတန်း၊ ဒသမတန်း ကျောင်းသားများ အခက်အခဲကြုံနေရသည်ဟု ၎င်းကဆိုသည်။

"အဓိကကတော့ ဘိုင်အိုတွဲကိုသင်ပေးမယ့်ဆရာ၊ဆရာမတွေ အဓိကလိုတယ်။ မနှစ်တုန်းကတော့ အထက်တန်းပြ ဆရာခြောက်ယောက်နဲ့ သင်ပေးခဲ့တာ။ ဒီနှစ် အဲဒီဆရာတွေလည်း အပြောင်းကျသွားတော့ ကျောင်းသားတွေကို သိပ္ပံတွဲသင်ပေးဖို့ အခက်အခဲရှိနေတယ်"ဟု ဆရာက ပြောသည်။

သိပ္ပံတွဲဘာသာရပ်များ သင်ကြားပေးမည့် ဆရာ၊ ဆရာမများ မရှိသည့်အတွက် သိပ္ပံတွဲ ကျောင်းသားများ အခက်အခဲများရှိနေပြီး အချို့ကျောင်းသားများမှာ ဝိဇ္ဇာတွဲနှင့် ဝိပ္ပံတွဲများသို့ ပြောင်းယူလိုက်ရသည့် ကျောင်းသားများလည်း ရှိသည်ဟု သတင်းရရှိသည်။ "ကလေးတွေကတော့ ဝိဇ္ဇာတွဲကိုသိပ်စိတ်မဝင်စားကြဘူး။ အခုကသင်ပေးမယ့်ဆရာမရှိတော့ ကလေးတွေက ဘယ်လိုင်းကိုရွေးရမလိုလိုစိတ်ဒုက္ခ ရောက်နေကြတယ်။ အချို့ကလေးတွေတော့ လိုင်းတွေ ပြန်ပြောင်းယူလိုက်ကြတာပေါ့" ဟု ပန်ဆောင်မြို့မှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။ ဒေသဝေးလံခြင်း၊ သွားလာရန်လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ခရီးစရိတ်ကြီးမြင့်ခြင်းများက နာဂဒေသအတွက် ပညာရေးဝန်ထမ်းများသွားရောက်နိုင်ရန် ခက်ခဲသည့် အဓိကအချက်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ပညာရေးဝန်ထမ်းလုံလောက်မှုမရှိသည့်ပြဿနာကို ကြုံတွေ့နေရသည်။

"နာဂဒေသမှာအထက်တန်းဆရာမလုံလောက်ဘူးဆိုတာက အခုမှ မဟုတ်ဘူး။ ဟိုးအရင်ကတည်းကပဲ ဒီပညာရေးစနစ်ကြီးနဲ့ ကျော်ဖြတ်လာတာ။ ကျောင်းစာသင်နှစ် နှစ်ဝက်ရောက်မှ ဆရာရောက်လာတဲ့နှစ်တွေကလည်း နှစ်ပေါင်းမနည်းတော့ဘူး။ ဒီနေ့ခေတ်မှာတော့ သားသမီးတွေရဲ့ ပညာရေးအတွက်တစ်နည်းနည်းနဲ့ အဖြေရှာကြဖို့လိုတယ်" ဟု ကျောင်းသား မိဘတစ်ဦးကပြောသည်။

နန်းယွန်း၊ ပန်ဆောင်ဒေသ ပညာရေးဝန်ထမ်းများ လိုအပ်နေမှု နှင့်ပတ်သက်၍နာဂကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကို ဆက်သွယ်မေးမြန်းခဲ့ရာ "အဲဒီကိစ္စကတော့ ပညာရေးဝန်ကြီးဌာနကနေ ဝန်ထမ်းသစ်ခန့်ထားတဲ့ ဆရာ၊ ဆရာမ အော်ဒါစာရင်းရမှပဲ ပြောလို့ရမယ်။ နာဂဒေသအတွက်ချပေးတဲ့ ဆရာ၊ ဆရာမတွေထဲမှာအထူးဘာသာတွဲကို သင်ပေးမယ့် ဆရာတွေပါတယ်။ မပါဘူးဆိုတာသိပြီးမှပဲ ဒီကိစ္စပြောလို့ရမယ်။ တကယ်လို့ မပါဘူးဆိုရင်တော့ တိုင်းရုံးမှာစာပြန်တင်ရမှာပေါ့။ အခုကတော့ ရှိတဲ့ဆရာအင်အားနဲ့ အကောင်းဆုံးဖြစ်အောင်သင်ကြားပေးဖို့ ညွှန်ကြားပေးထားတယ်"ဟုပညာရေးကဏ္ဍတွင် တာဝန်ယူထားသူ ဦးရောင် ရန်းက ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နယ်စပ်ဒေသတိုင်းရင်းသားများအတွက် အထူးအခွင့်အလမ်းတစ်ရပ်အနေဖြင့်နိုင်ငံတော် သမ္မတက သိပ္ပံတွဲ ဘာသာရပ်ဖြင့် အောင်မြင်ထားသော ကျောင်းသား၊ ကျောင်းသူများ ဆေးတက္ကသိုလ် တက်ရောက်နိုင်ရန် အနည်းဆုံးရမှတ် ၄၂၀ ပြည့်မီပါက ဝင်ခွင့်များလျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သော်လည်း နာဂဒေသမြို့နယ်များမှ ဆေးတက္ကသိုလ်များသို့ လျှောက်ထားတက်ရောက်နိုင်သူ မရှိခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၂-၁၃ ပညာသင်နှစ် နာဂဒေသမြို့နယ်သုံးမြို့နယ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ လေရှီးမြို့နယ်မှ ၁၆ ဦး၊ နန်းယွန်းမြို့နယ်မှ ၁၉ ဦး၊ ပန်ဆောင်မြို့နယ်မှ ၁၂ဦး၊လဟယ်မြို့နယ်မှ၇ဦး၊ စုစုပေါင်း ၅၄ ဦးရှိသည်။

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေရှိ မူလတန်းလွန်ကျောင်းများ ရန်ပုံငွေခွဲဝေသုံးခွင့်ရ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၉**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေ အနီးတစ်ဝိုက်ရှိ ကျောက်ဖြူတိုင်ကျေးရွာနှင့် ဖောင်းကား(မ)ကျေးရွာရှိအခြေခံပညာမူလတန်းကျောင်းများတွင် လိုအပ်နေသော ကျောင်းသုံးပရိဘောဂပစ္စည်းများနှင့် ရေလောင်းအိမ်သာများ တည်ဆောက်နိုင်ရန် ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မူလတန်းကျောင်းများအတွက် ခွဲဝေပေးထားသည့် ရန်ပုံငွေ ကျပ်သုံးဆယ့် တစ်သိန်းကိုးသောင်းကို ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီထုတ်ယူသုံးစွဲရန် မေလ ၂၉ရက်စွဲဖြင့် သက်ဆိုင်ရာစစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ အကြောင်းကြားခဲ့ကြောင်းစစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သတင်းရရှိသည်။

ဆားလင်းကြီးမြို့နယ်အတွင်းရှိကျောက်ဖြူတိုင်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လေးယောက်ထိုင်ခုံရှည် ၂၃ စုံပြုလုပ်ရန်နှင့် ရေလောင်းအိမ်သာသုံးလုံး ဆောက်လုပ်ရန် ကျပ်နှစ်ဆယ့်တစ်သိန်းကိုးသောင်းနှင့် ဖောင်းကား(မ)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လေးယောက်ထိုင်ခုံရှည် အစုံ ၃၀ နှင့် သင်ပုန်း ၁၀ ချပ်ပြုလုပ်ရန် ကျပ်ဆယ်သိန်း စုစုပေါင်း ကျပ်သုံးဆယ့်တစ်သိန်းကိုးသောင်း သုံးစွဲခွင့်ရရှိကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ထင်းအစားထိုးမီးဖိုများ ဖြန့်ဖြူးရန်စီစဉ်

မျိုးမင်းဦး

မုံရွာ၊ ဇွန်-၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်တွင် ထင်းအစားထိုးလောင်စာမီးဖိုများ ဖြန့်ဖြူးရန်စီစဉ်ထားကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆပ်ကော်မတီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ကျေးလက်ဒေသမှ ထင်းခွေပြန်လာသော အမျိုးသမီး တစ်ဦး ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြီးခဲ့တဲ့နှစ်တုန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်မှာ စစ်ကိုင်းခရိုင်နဲ့ မုံရွာခရိုင်အတွင်း ရေရှားပါးတဲ့ဒေသတွေမှာ သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့တယ်။ ဒီနှစ် ရေရှားပါးတဲ့ဒေသတွေမှာ သောက်သုံးရေရရှိရေးသာမကတော့ဘူး။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထင်းအစားထိုးလောင်စာမီးဖိုတွေဖြစ်တဲ့ စွမ်းအားမြင့် ထင်းအစားထိုးမီးဖိုတွေ၊ စပါးခွံသုံးမီးဖိုတွေကို တိုးချဲ့ဖြန့်ဖြူးသွားဖို့ စီစဉ်ထားပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၃၆၅ သိန်း အကုန်အကျခံသုံးစွဲပြီး စစ်ကိုင်းခရိုင်နှင့်မုံရွာခရိုင်အတွင်းရှိ သောက်သုံးရေရှားပါးသော ဒေသများတွင် ကျေးရွာငါးရွာကို လေးလက်မပိုက်ရိုက်ရေတွင်း (အဝိစိရေတွင်း)တူးဖော်ခြင်း၊ မြောင်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာကို ရေပိုက်သွယ်တန်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် သောက်သုံးရေ အခက်အခဲကြုံတွေ့ခဲ့ရသောဒေသများတွင် ယခုနှစ်အတွင်း သောက်သုံးရေအလွယ်တကူသုံးစွဲနိုင်ပြီဖြစ်သည်။ ထို့အပြင် ကျေးရွာပိုင်ထင်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းယာစည်းရိုးနှင့် ကျေးရွာအဝင်လမ်းဘေးဝဲယာများတွင် ထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းများကို ယခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည်။ထင်းအစားထိုးလောင်စာမီးဖိုများဖြန့်ဖြူးပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

# အောင်စာရင်းသွားကြည့်စဉ် ကျောင်းသူတစ်ဦးလဲကျသေဆုံး

စိုးမိုးအောင်

ရန်ကုန်၊ဇွန်- ၈

ဇွန်၈ရက်နံနက်ပိုင်းက တက္ကသိုလ်ဝင်တန်းအောင်စာရင်းလာကြည့်သော ကျောင်းသူတစ်ဦး လဲကျသေဆုံးသွားကြောင်း သတင်းရရှိသည်။

တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ဇွန် ၈ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ထားဝယ်မြို့ အ. ထ. က (၁) ၌ အောင်စာရင်းလာကြည့်သောကျောင်းသူတစ်ဦး ရုတ်တရက်လဲကျသေဆုံးသွားပြီး ကျောင်းသူ၏အမည်မှာ မမေမျိုးသူဇာအောင်ဖြစ်သည်။

၎င်းသည် ထားဝယ်မြို့၊ မြို့တွင်းရပ်ကွက်မှဦးမျိုးလွင်၊ဒေါ်သန်းသန်းအေးတို့၏ သမီးဖြစ်ပြီး မွေးရာပါ နှလုံးရောဂါရှိပြီး ထားဝယ်မြို့၊အ. ထ. က(၁)တွင်တက္ကသိုလ်ဝင်တန်းကိုဝင်ရောက်ဖြေဆိုထားသူဖြစ်သည်။

"နံနက်အောင်စာရင်းဖွင့်မယ်ဆိုတော့တစ်ညလုံးမအိပ်ဘူး။ သူ့အမေက ဒီနှစ်မအောင်လည်း နောက်နှစ်ဖြေလို့ရတာပဲ၊ ဘာမှ မစိုးရိမ်နဲ့လို့ပြောနေသေးတယ်။ နံနက်လေးနာရီလောက်ပဲရှိဦးမယ်။ အောင်စာရင်းသွားကြည့်တော့မယ်ဆိုပြီး အိမ်ကနေ တစ်ယောက်တည်းထွက်သွားတယ်"ဟု အဒေါ်တော်စပ်သူကပြောသည်။ ကွယ်လွန်သူသည် အောင်စာရင်းကြည့်ရမည့်နေရာတွင်လူတိုးနေသဖြင့် တာဝန်ကျသူတစ်ဦးအားကြည့်ခိုင်းရာမှကျရှုံးကြောင်းသိရသဖြင့် သူငယ်ချင်းဖြစ်သူကို ထပ်မံကြည့်ခိုင်းပြီးဆိုင်ကယ်အနားတွင်ရပ်စောင့်နေကြောင်းသိရသည်။

သူငယ်ချင်းများပြန်လာချိန်တွင် ထိုကျောင်းသူမှာ ဆိုင်ကယ်နံဘေး၌ လဲကျနေသည်ကိုတွေ့ရသည်။ "သူ့နားရောက်တော့ခေါ်တာပြန်ထူးသေးတယ်။ နောက်ပြီး သတိမရတော့ဘူး"ဟု ဆေးရုံသို့ လိုက်ပို့ဆောင်သူများက ဆိုသည်။ မမေမျိုးသူဇာအောင်သည် မွေးရာပါနှလုံးရောဂါကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု
ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

လိပ်ခေါင်းရောဂါ

လိင်အင်္ဂါကြွက်နို့ရောဂါ


လိင်အင်္ဂါကြွက်နို့သည် HPV ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မသန့်ရှင်းသည့် ကာမဆက်ဆံခြင်းမှ ကူးစက်လာသည့် ရောဂါဖြစ်ပါသည်။

အရိုးရောဂါ

အမျိုးသမီးရောဂါ

အမျိုးသားရောဂါများ

ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ



လာရောက်ကုသသောလူနာများအား
ကြေညာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။

စိတ်ရောဂါမရှိ
ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှည ၈ နာရီအထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285

# Education

7 DAY NEWS JOURNAL

Vol.12, No.14 • JUNE 12 , 2013


## မြန်မာဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ရန် စင်ကာပူကူညီမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၃**

စင်ကာပူနိုင်ငံ၊ တီမားဆက်စ်ဖောင်ဒေးရှင်းသည် မြန်မာတက္ကသိုလ်၊ ကောလိပ်များမှ အင်္ဂလိပ်စာ ဆရာ၊ ဆရာမ ၅၀ ဦးကို အင်္ဂလိပ်ဘာသာစကား သင်ကြားရေး အရည်အသွေးမြှင့်တင်ရန် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

အဆင့်မြင့်ပညာဦးစီးဌာနနှင့် ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများကို နှစ်သုတ်ခွဲ၍ ပြည်တွင်း၌ နှစ်ပတ်၊ စင်ကာပူနိုင်ငံတွင် ငါးပတ်ကြာ အင်္ဂလိပ်ဘာသာစကား စွမ်းရည်၊ သင်ကြားရေးစွမ်းရည်မြှင့်တင်မှု သင်တန်းများ ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းများပြီးဆုံးပါက သင်တန်းတက်ရောက်ခဲ့သော ဆရာ၊ ဆရာမများအနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနများမှ ဆရာ၊ ဆရာမများအတွက် ဆင့်ပွားသင်တန်းများကို လာမည့်နှစ်များတွင် ဆက်လက်သင်ကြားပို့ချရန် ရည်ရွယ်ထားကြောင်း သိရသည်။

စင်ကာပူနိုင်ငံမှ တီမားဆက်စ်ဖောင်ဒေးရှင်းသည် ပြည်တွင်းရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုမှုအတွက် အလုပ်သမားဝန်ကြီးဌာနကို ပံ့ပိုးမှုများ ဆောင်ရွက်နေသလို ယခုအခါ ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဆရာ၊ ဆရာမများကို အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရန် ကူညီနေခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် ပညာရေးကောလိပ်များရှိ အင်္ဂလိပ်ဘာသာစကားသင်ကြားသောဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန် ဗြိတိသျှကောင်စီ(မြန်မာ)၏ ပံ့ပိုးကူညီမှုကို ရယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်မြို့တွင်းရှိ အစိုးရကျောင်းတစ်ကျောင်းမှ မူလတန်းကျောင်းသား/ သူလေးများ

ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

## မူလတန်းဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းကို ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းဖြင့် ထုတ်ဝေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၇**

ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှဗုဒ္ဓဘာသာသင်ခန်းစာ ပထမတန်း၊ဒုတိယတန်းနှင့် တတိယတန်းတို့အတွက် သင်ရိုးညွှန်းတမ်းစာအုပ်များကို ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းဖြင့် ရေးဆွဲထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာများကို ယူနီဆက်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဘုန်းတော်ကြီးများကစုပေါင်းရေးဆွဲထားခြင်းဖြစ်ပြီး ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ်တို့ကို အရောင်စုံပန်းချီများဖြင့် ရေးဆွဲပြုစုထားသည်။

“ဦးပဥ္စင်းတို့က ဗုဒ္ဓဘာသာကို ပညာရေးအသွင်သဏ္ဌာန်နဲ့ ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ ပထမတန်းကနေ ပဉ္စမတန်းထိရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ တတိယတန်းအထိပဲ ပုံနှိပ်ထုတ်ဝေနိုင်ပါသေးတယ်။ အတန်းစဉ်အလိုက် ဗုဒ္ဓဝင်အကြောင်းအရာတွေ၊ မိဘကျေးဇူး၊ လူသားအချင်းချင်းထားအပ်တဲ့ သဘောထား၊ ပိဋကတ်တော်လာ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေအကြောင်း၊ ပေါင်းသင်းဆက်ဆံရေးနဲ့ ပွဲတော်တွေအကြောင်းကို အတန်းစဉ်အလိုက် ရေးဆွဲထားပါတယ်”ဟုဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဆရာတော်တစ်ပါးကမိန့်ကြားသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည်ဗုဒ္ဓဘာသာသင်ခန်းစာကို ပထမတန်းမှ ဒွါဒသမတန်းအထိ ပြုစုရေးဆွဲသွားရန် စီစဉ်ထားပြီး တစ်နိုင်ငံလုံးတွင် ကျောင်းသားလူငယ်များကို တနင်္ဂနွေနေ့တိုင်း နှစ်နာရီကြာ သင်ကြားပို့ချဆောင်ရွက်နေခြင်းဖြစ်သည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် ခေတ်မီသင်ကြားနည်းစနစ်များဖြင့် ရေးဆွဲထားသည့် ဗုဒ္ဓဘာသာ သင်ရိုးညွှန်းတမ်းများ ပေါ်ပေါက်လာရန်၊ ယင်းသင်ရိုးများကို သင်ကြားပေးနိုင်မည့်ဆရာ၊ ဆရာမများမွေးထုတ်ရန်နှင့် ဓမ္မစကူးလ်ကွန်ရက်ကိုတည်ထောင်၍ နိုင်ငံအနှံ့ ဓမ္မစကူးလ်များတည်ထောင်ဖွင့်လှစ်ရန် ရည်ရွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

## EPS စာမေးပွဲအမှတ်ကောင်းသူများ အရည်အချင်းစစ် စာမေးပွဲ အောင်လျှင် အလုပ်ရှင်နှင့် တိုက်ရိုက်တွေ့ရမည်

**ဟေမာနင်း**

**ရန်ကုန်၊ဇွန် -၈**

ပဥ္စမအကြိမ်မြောက် EPS စာမေးပွဲ အောင်မြင်သူများအနက်မှ အမှတ်ကောင်းသူများကို အလုပ်အကိုင်ကျွမ်းကျင်မှုစစ်ဆေးမည့် အစီအစဉ် (Skill Test ) ကို ဇူလိုင် ၂၀ ရက်တွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှသတင်းရရှိသည်။

အလုပ်အကိုင်ကျွမ်းကျင်မှု စစ်ဆေးရာတွင် EPS စာမေးပွဲ၌ အမှတ်ကောင်းကောင်းနှင့်အောင်မြင်သူများထဲမှ စိတ်ပါဝင်စားသူများ လာရောက်စစ်ဆေးခံနိုင်သည်ဟုဆိုသည်။

“ဒီ Skill Test က လူတိုင်းဖြေလို့မရဘူး။ အမှတ်ကောင်းတဲ့ သူတွေပဲလာဖြေလို့ရမှာ” ဟု အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါကျွမ်းကျင်မှုစစ်ဆေးသည့်စာမေးပွဲအောင်မြင်ပါက ကိုရီးယားနိုင်ငံရှိ အလုပ်ရှင်များနှင့် ဦးစားပေးမိတ်ဆက်ခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

“Skill Test အောင်တဲ့သူကို မဖြစ်မနေရွေးမှာတော့မဟုတ်ဘူး။ အလုပ်ရှင်ကြိုက်မှ ရွေးမှာ” ဟုအထက်ပါပုဂ္ဂိုလ်က ထပ်မံပြောသည်။အလုပ်အကိုင်ကျွမ်းကျင်မှု စာမေးပွဲပေးမှတ် ၃၀၀တွင် ရမှတ် ၂၄၀အထက်ရရှိပါက ပထမဦးစားပေးနှင့် ရမှတ် ၁၂၀အထက်ရရှိပါက ဒုတိယဦးစားပေးအနေဖြင့် အလုပ်ရှင်များနှင့် မိတ်ဆက်ပေးမည်ဖြစ်သည်။

ကုန်ထုတ်လုပ်ငန်းများအတွက် စာမေးပွဲရမှတ် ၁၅၂မှတ် အထက်ရရှိသူများ၊စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများအတွက် ရမှတ် ၁၂၈မှတ်အထက်ရရှိသူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် ရမှတ် ၁၁၂မှတ် အထက်ရရှိသူများ ဝင်ရောက်ဖြေဆိုနိုင်မည်။

ပဥ္စမအကြိမ်မြောက် EPS စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုသူဦးရေ ၈,၀၀၀ကျော်ရှိခဲ့ပြီး အောင်မြင်သူ ၅,၇၀၀ကျော်ရှိကြောင်းသိရသည်။ အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှတစ်ဆင့် ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် သွားရောက်လုပ်ကိုင်သူမှာ လက်ရှိတွင် ၆,၈၀၀ကျော်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

## UPEACE ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၃၁**

The United Nations-mandated University for Peace(UPEACE) မှ မြန်မာကျောင်းသားများအတွက် မဟာဘွဲ့သင်တန်းတက်ရောက်နိုင်ရန် ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ပညာသင်ဆုလျှောက်ထားမည့်သူများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂ နှစ် ရှိထားရမည်ဖြစ်ပြီးငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာပါဝင်လုပ်ကိုင်လိုစိတ်ပြင်းပြရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

အဆိုပါ ပညာသင်ဆုအတွက်ကျောင်းလခ၊ လေယာဉ်စရိတ်၊ ဗီဇာခနှင့် လစဉ်အထွေထွေအသုံးစရိတ်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး www.upeace.org တွင် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

ပညာသင်ဆုအစီအစဉ်ဆိုင်ရာ ရှင်းလင်းပွဲကို ဇွန်လ ၁၄ ရက်၊ ညနေ ၄ နာရီမှ ၆ နာရီခွဲအထိ ပြည်လမ်း၊ ဒိုင်းမွန်းကွန်ဒို (တာဝါ E)၊ ဒုတိယထပ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲကို ဇူလိုင်လ ၂၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားသူများအနေဖြင့် Human Rights, Gender Equality, Sustainable Economic Development, International Law, The Role of the Media, Natural Resource Management, Environmental Governance, Sustainable Urban Governance, Climate Change and Sustainability နှင့် Education for Peace ဘာသာရပ်များ လေ့လာသင်ယူနိုင်မည်ဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ပထမအကြိမ် ပြင်သစ်ပညာရေးပြပွဲ ရန်ကုန်နှင့် မန္တလေးတွင် ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၈**


ပြင်သစ်နိုင်ငံ၏ အဆင့်မြင့်ပညာရေးအခွင့်အလမ်းများအကြောင်း သိရှိနိုင်မည့်ပြင်သစ်ပညာရေးပြပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ ဇွန်လတတိယပတ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းပြင်သစ်အင်စတီကျူဒ်မှ သတင်းထုတ်ပြန်သည်။

ယခင်နှစ်များတွင် နိုင်ငံတကာမှ ပညာရေးပြပွဲများ ပြည်တွင်း၌ လာရောက်ကျင်းပလျက်ရှိပြီး ပြင်သစ်နိုင်ငံသည် ပထမဆုံးအကြိမ်အဖြစ် မြန်မာကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးမည့်ပွဲဖြစ်သည်။

ပြင်သစ်ပညာရေးပြပွဲကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ ပြင်သစ်အင်စတီကျူ့၌ ဇွန်လ ၂၂ရက်နှင့် မန္တလေးမြို့ရှိ မန္တလေးတက္ကသိုလ်၌ ဇွန်လ ၁၉ရက်တို့တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီခွဲအထိကျင်းပပြုလုပ်မည်ဖြစ်သည်။

ပြင်သစ်ပညာရေးပြပွဲသည် မြန်မာကျောင်းသားများအတွက် ပြင်သစ်နိုင်ငံတွင် လေ့လာသင်ယူနိုင်မည့် ပညာရေးအခွင့်အလမ်းများကိုသိရှိနိုင်မည်ဖြစ်ပြီး ပညာသင်ဆု၊ဘာသာစကားလိုအပ်ချက်၊ နေထိုင်မှု၊ ဘာသာရပ်များ၊ ပြင်ဆင်မှု၊ ဗီဇာနှင့် အခြားကိစ္စများကို အကြံပေးသွားမည်ဖြစ်သည်။

ပညာရေးပြပွဲတွင် Campus-france, University of Montpellier2, International Center of Agronomy, Research for Development နှင့် University of Higher Education in Engineering & Technology တို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး ပြည်တွင်းရှိဝန်ကြီးဌာနများ၏ ပံ့ပိုးမှုဖြင့်ပြင်သစ်သံရုံးက ဆောင်ရွက်ခြင်းဖြစ်သည်။




# နည်းပညာအထက်တန်းကျောင်းများတွင် သုတနည်းပညာသင်တန်း တိုးချဲ့ဖွင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၆**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ အစိုးရနည်းပညာအထက်တန်းကျောင်းအချို့၌ သုတနည်းပညာသင်တန်းအသစ်ကို တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

သုတနည်းပညာသင်တန်းကို နေပြည်တော်၊ ရွာမ၊ မကွေး၊ တောင်ငူ၊ ဟသ်ာတနှင့် ကျောက်ဆည်မြို့တို့ရှိအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ပြီး အဌမတန်းအောင်မြင်ပြီး အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အစိုးရနည်းပညာအထက်တန်းကျောင်းတက်ရောက်သောကျောင်းသားများအနေဖြင့် ဒုတိယနှစ်သင်တန်းတွင်အဆင့်မြင့်အောင်မြင်ပါက နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများရှိ AGTI ပထမနှစ်သင်တန်းသို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ကျောင်းသားများအနေဖြင့် အခြေခံပညာအထက်တန်း ကျောင်းသားများနည်းတူ စာပေဘာသာရပ်များအပြင်နည်းပညာ ဘာသာရပ်များကို တွဲဖက်သင်ကြားရမည်ဖြစ်ပြီး သာမန်ထက်ပိုမိုကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံတွင် အစိုးရနည်းပညာအထက်တန်းကျောင်းစုစုပေါင်း ၃၆ကျောင်းကိုတည်ထောင်ဖွင့်လှစ်ထားပြီး ဒေသတွင်းလုပ်ငန်းခွင် လိုအပ်ချက်နှင့် ကိုက်ညီမည့် နည်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးရန်ဒေသနှင့် ကိုက်ညီသော နည်းပညာသင်တန်းများ ဦးစားပေးဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဆရာ၊ ဆရာမများ နည်းပညာဆိုင်ရာ ဆရာဖြစ် သင်တန်းများတက်ရောက်ရန် နိုင်ငံခြားသို့ ပညာသင်စေလွှတ်နေပြီး ကျောင်းသားများကိုလည်း နိုင်ငံခြားသို့ ရွေးချယ်စေလွှတ်နေကြောင်း၊ စက်မှုနှင့်သက်မွေးပညာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

# နိုင်ငံရေးနှင့် ပြည်သူ့ရေးရာသင်တန်း ပို့ချရန် သုံးနှစ်ဆက်တိုက် အမေရိကန်ထောက်ပံ့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၇**

ပြည်တွင်းရှိနိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် အလုပ်သမား အရေးတက်ကြွလှုပ်ရှားသူများအတွက်နိုင်ငံရေး နှင့် ပြည်သူ့ရေးရာသင်တန်းပို့ချမှုအစီအစဉ်(iPACE)ကို သုံးနှစ်ဆက်တိုက်ဆောင်ရွက်သွားရန် အမေရိကန်အစိုးရက ဘဏ္ဍာငွေပံ့ပိုးထားကြောင်း သတင်း ရရှိသည်။

ယခုနှစ် ဇန်နဝါရီတွင် စတင်၍ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာသင်တန်းကို အမေရိကန်စင်တာ၌သင်တန်းဖွင့်လှစ်ပို့ချနေပြီး သင်တန်းကာလသုံးနှစ်ကြာမြင့်၍ တစ်နှစ်လျှင်လေးကြိမ်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း အမေရိကန်သံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပထမဆုံးအသုတ်က သင်တန်းသား ၉၀နီးပါးလောက်တက်ရောက်ခဲ့ကြပါတယ်။ နောက်သင်တန်းအတွက် လျှောက်လွှာ ၂၀၀ ကျော်လက်ခံရရှိထားပြီးဖြစ်ပါတယ်။ သင်တန်းကြေးကလည်း အခမဲ့ပါပဲ။ ကျွန်မတို့က အခုပြည်တွင်းက သင်တန်းသားတွေကိုသင်တန်းပေးပြီး နောင်နှစ်တွေမှာ သူတို့က တစ်နိုင်ငံလုံးနေရာအနှံ့ပြန်လည်သင်တန်းပို့ချပေးဖို့ ဖြစ်ပါတယ်။ အဲဒါဆို ရန်ကုန်မလာနိုင်တဲ့သူတွေအတွက်လည်းအဆင်ပြေသွားမှာပါ"ဟု အထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိအမေရိကန်စင်တာတွင် ဖွင့်လှစ်သင်ကြားနေသော အဆိုပါသင်တန်းတွင် Democratic Foundation, Civic Engagement, Political Transitions, English for Special Purposes, Conflict Transformation, Transitional Justice, Communications and Advocacy for Change, Transparency, Federalism နှင့် Advocacy in Democracy ဘာသာရပ်များကို သင်ကြားပို့ချနေသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအုပ်ချုပ်မှုအသွင် ကူးပြောင်းမှုသဏ္ဍာန်ပီပြင်လာစေရန် အရည်အသွေးတည်ဆောက်ပေးခြင်းဖြစ်ပြီး ၎င်းသင်တန်းသည် ဒီမိုကရေစီအခြေခံစည်းမျဉ်းများကို သိရှိပြီး လက်တွေ့အသုံးချနိုင်စေရန်နှင့် တာဝန်သိသော စီမံအုပ်ချုပ်မှုများဖြစ်ပေးစေရန် ရည်ရွယ်ကြောင်း သိရသည်။

# ကိုရီးယားသို့အမျိုးသမီးလုပ်သားစေလွှတ်ခွင့်မရသေး

အေးမြတ်သူ

**ရန်ကုန်၊ ဇွန်-၄**

ကိုရီးယားနိုင်ငံသို့တရားဝင်အလုပ်သမား EPS စနစ်ဖြင့် အမျိုးသမီးအလုပ်သမားစေလွှတ်ရန်အစီအစဉ်ကို မြန်မာအစိုးရဘက်မှ စည်းမျဉ်းစည်းကမ်းများလျှော့ပေါ့ပေးသော်လည်း ကိုရီးယားနိုင်ငံဘက်မှ လိုက်လျောခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

၂၀၁၃ ခုနှစ်အစပိုင်းတွင် EPS စနစ်ဖြင့် အမျိုးသမီးအလုပ်သမားစေလွှတ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း လတ်တလောအခြေအနေအထိ စေလွှတ်ရန် အစီအစဉ်မရှိသေးဟု ဆိုသည်။ ကိုရီးယားသို့ အမျိုးသမီးစေလွှတ်မှုတွင် ငါးဦးနှင့်အထက်ရှိရမည်ဟု သတ်မှတ်ခဲ့သော်လည်း ယခုအခါစေလွှတ်မည့်အလုပ်ဌာနတွင် သုံးဦးနှင့်အထက်ရှိရမည်ဟု အစိုးရဘက်က ပြောင်းလဲပေးခဲ့သော်လည်း ကိုရီးယားအလုပ်ရှင်ဘက်မှ အာမခံထားခြင်းမရှိသေးကြောင်း သတင်းရရှိသည်။



*ကိုရီးယားနိုင်ငံရှိ အထည်ချုပ် စက်ရုံတစ်ခု* ဓာတ်ပုံ-gannett-cdn

"အမျိုးသမီးအလုပ်သမားတွေနဲ့ပတ်သက်ပြီး ဦးတို့ဖြစ်စေချင်တဲ့ အာမခံချက်မရသေးဘူး။ အနည်းဆုံး ဟိုမှာသုံးဦးလောက်ရှိရမယ်ဆိုတာ စက်ရုံတွေဘက်က အာမခံချက်အခုထိမရသေးဘူး။ အဲဒီတော့ စောင့်ကြည့်ပဲပေါ့"ဟု အစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာဦးဝင်းမြင့်ကပြောသည်။

အမျိုးသမီးအလုပ်သမားစေလွှတ်မှုနှင့်ပတ်သက်၍ သွားရောက်လုပ်ကိုင်မည့် ကိုရီးယားနိုင်ငံရှိ အလုပ်ဌာနတွင် အခြားသောနိုင်ငံခြားသားအမျိုးသမီးအလုပ်သမားဦးရေ ငါးဦးနှင့် အထက်ရှိရမည်ဖြစ်ပြီး မြန်မာအမျိုးသမီးများသွားရောက်လုပ်ကိုင်မည်ဆိုပါက စက်ရုံတစ်ခုတွင် မြန်မာအမျိုးသမီးအလုပ်သမားနှစ်ဦးခန့် အနည်းဆုံးရှိမှသာ ခွင့်ပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

EPS စနစ်ဖြင့် ပဉ္စမအကြိမ် TOPIK စာမေးပွဲသို့ လာရောက်ဖြေဆိုခဲ့သူ ရှစ်ထောင်ကျော်ရှိသည့်အနက် ၅,၇၀၀ ကျော် ဖြေဆိုအောင်မြင်ခဲ့သည်။ ပဉ္စမ အကြိမ်မြောက်ကိုရီးယားအရည်အချင်းစစ်စာမေးပွဲကို ယခင်ဖြေနေကျမေးခွန်းပုံစံအတိုင်းမဟုတ်ဘဲ မေးခွန်းပုံစံပြောင်းလဲ၍ ဖြေဆိုခဲ့ရခြင်းဖြစ်သည်။

အမြန်ငွေလိုသည်

ကွန်ဒိုတိုက်ခန်း နှင့် တိုက်ခန်းများ
အမြန်ငွေလိုသည်။

Ph-503783,504298,09-420742176
E-mail: pyaewasay@gmail.com

## Free Classified

## ဝန်ထမ်းအလိုရှိသည်

အခမဲ့ကြော်ငြာကဏ္ဍ

Computer Lecturer (မ-၇ ဦး)၊ Computer Traiing Centre တွင်သင်ကြားရန် Computer Basic, Advanced Excel, DTP, Graphic Design, Adobe Flash, Adobe Indesign, မိမိကျွမ်းကျင်ရာ (ဘာသာရပ်သုံးခု)ဖြင့် လျှောက်ထားနိုင်သည်။
ဖုန်း-၀၁-၅၂၆၅၃၄

---

**Facebook Fashion**
Facebook fashion တွင် တာဝန်ထမ်း ဆောင်ရန် အရောင်းဝန်ထမ်း (မ-၃ ဦး) အလိုရှိသည်။ ၁၀ တန်းအောင်မြင်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ရှိရမည်။
နံပါတ် (၁၄၈)၊အနော်ရထာလမ်းမပေါ်၊ ၄၇ နှင့် ၄၈ လမ်းကြား၊စီးတီးမတ်မျက်နှာချင်းဆိုင်၊ဗိုလ်တထောင်မြို့နယ်။ ဖုန်း-၀၉၇၃၂၁၇၈၇၈

---

ပွဲရုံစာရေး အလိုရှိသည်။ ဘွဲ့ရ၊ ရိုးသား၊ ကြိုးစားသူ ဖြစ်ရမည်။ နှစ်ရှည်လုပ်နိုင်သူ ဦးစားပေးမည်။
ဖုန်း-၀၉-၇၃၂၃၄၁၃၂

---

အထက်တန်းကျောင်းအုပ်၊ ဘွဲ့ရအဆောင်မှူး (ကျား/မ)၊ ကိုယ်ပိုင်ကျောင်းဆရာ/မ၊ လိုင်စင်ရှိဘာသာရပ်သင် ဆရာ/မ၊ ကွန်ပျူတာ Staff၊ ရုံးအကူ (ကျား)။
ဖုန်း-၀၉-၅၁၁၈၂၅၄

---

၁။ Cashier ကျား (၃) ဦး
၂။ Waiter ကျား(၁၀)ဦး
၃။ သန့်ရှင်းရေး ကျား (၃) ဦး
၄။ ဂိတ်ကြေးကောက်စာရေး မ(၅)ဦး
၅။ ဂိတ်ကြေးကောက် ကျား(၇)ဦး
၆။ အကင်ဆရာ ကျား(၂) ဦး
၇။ ခါးကိုင် ကျား(၂) ဦး
၈။ ဂိတ်ကြေးကောက်
ညစောင့် ကျား(၃) ဦး
အမှတ် ၆၄၇၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း- ၀၉ ၅၀၉၃၈၇၀

---

**ကလေးထိန်းအလိုရှိသည်**
နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။
ဖုန်း- ၀၉ ၄၂၈၃၃၇၈၀

---

1.Assistant Manager မ (၁) ဦး
2.Accountant မ (၁) ဦး
3.Marketing(Furniture/Curtain) မ (၅) ဦး
4. လိုက်ကာတန်းတပ်ကျွမ်းကျင် ကျား (၃) ဦး
အမှတ် - ၁၅ (A/5)၊ ပြည်လမ်း၊ အေဝမ်း /၉မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၃၂၀၅၀၁၈၊
၀၁-၆၆၄၀၂၆၊ ၆၅၆၉၇၀

---

**မန်နေဂျာတစ်ဦး အလိုရှိသည်**
Control /Admin Manager (၁)ဦး ဘွဲ့ရ၊ အင်္ဂလိပ်စကားပြောနိုင်ရမည်။
Mercury Rays, အမှတ် (၃၉)၊ အမှတ် (၃) လမ်းမကြီး၊ ပျဉ်းမပင် စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။

---

Dancer ဖြစ်ချင်သော အမျိုးသမီးငယ်များအလိုရှိသည်။ နှစ်ပတ်အတွင်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၅၄၁၇၆၅၈

---

Chief Accountant (မ-၁ဦး)၊ Account (မ-၃ဦး)၊ Sale & Marketing Manager (ကျား/မ-၁ ဦး)၊ Project Engineer (or) Site Engineer (ကျား/မ - ၂ ဦး)၊ Store Manager (မ-၁ ဦး)၊ Store စာရင်းကိုင် (မ-၃ဦး) ။ အမှတ်-G(၄၊၅၊၆)၊ပုလဲကွန်ဒို၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

---

**SPEEDY Internet Centre**
အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့်နားလည်သူ (ကျား/မ) တစ်ဦး အလိုရှိသည်။ Blg 3, Room 4, Myo Pya Aim Yar (North Side), 8 Mile, Mayangone, Yangon.
ဖုန်း-၀၁-၆၆၀၁၆၃

---

Trainee Sales Representative (၁၀) ဦး အလိုရှိသည်။ ဒုတိယနှစ်၊ အသက် (၁၉-၂၇)၊ ယာဉ်မောင်းလိုင်စင်ရှိသူများ။ အမှတ်(၄၉)၊မယ်ဇီကုန်းလမ်း၊ လှိုင်မြို့နယ်။
ဖုန်း-၀၁-၂၃၀၅၀၁၉

---

**မနေဇုန် ကုမ္ပဏီလီမိတက်**
အရောင်းစာရေးဝန်ထမ်း (မ-၁၀ဦး) ဘွဲ့ရ/၁၀ တန်းအောင်/အခြေခံပညာ အထက်တန်းအဆင့်ရှိပြီး အင်္ဂလိပ်စာဖတ်နိုင်ရမည်။ အသက် ၁၈ နှစ်မှ၃၀နှစ်အတွင်းဖြစ်ရမည်။ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
ဖုန်း-၀၉-၇၃၂၂၄၄၅၉

---

**Auto Mandalar Car Show Room**
ရေဆေးလုပ်သားနှင့် ရေဆေး/ဆီထိုးကျွမ်းကျင် (၂)ဦး။ No.240/C, Upper Pazundaung Road, Satsan Quarter, Mingalar Taung Nyunt Township, Yangon.
ဖုန်း-၀၁-၂၉၀၃၁၂

---

**Mlle Collection**
စက်ချုပ်ကျွမ်းကျင်ဝန်ထမ်း(မ-၂ဦး)၊ လက်ချုပ်ဝန်ထမ်း (မ-၁ဦး)။ အမှတ် (၇၃)၊ ရှေ့ဝတီလမ်း၊ အလုံ၊ ရန်ကုန်။
ဖုန်း-၀၉-၅၁၅၄၉၈၅

---

ဒရိုင်ဘာအလိုရှိသည်။ C.Vဖောင်ဖြင့်လာရောက်လျှောက်ထားနိုင်ပါသည်။
ဖုန်း-၂၀၅၆၂၇

---

**Blue Mountain Department**
ရောင်းမောင်း(ကျား)။ အမှတ်(၁၁၇)၊ ဝါးတန်းလမ်း(ကလီလမ်း)၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၉၉၆၄

---

မိုးရာသီဖွဲ့အချစ်သီချင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် ဗီစီဒီရိုက်မည်ဖြစ်၍ မော်ဒယ်သရုပ်ဆောင်သစ်များ(ကျား/မ)မည်သူမဆိုဆက်သွယ်ပါဝင်သရုပ်ဆောင်နိုင်ပါသည်။
ဖုန်း-၀၉-၄၃၁၀၆၅၆၇

---

Taxi ယာဉ်မောင်းအလိုရှိသည်။ ခေတ်ဆီစားသက်သာသော 1300CC Pro Box နေ့မောင်း တစ်လက်ကိုင် နံနက် (၆)နာရီမှ ည(၇)နာရီ၊ စပေါ် (၃)သိန်း၊ တစ်နေ့ ၁၀,၀၀၀ ကျပ်၊ ပုဇွန်တောင်မြို့ နယ်လာနိုင်သူ။
ဖုန်း-၂၉၂၀၇၃

---

**Beauty Land (Beauty Sloon)**
ဆိုး/ကောက်/ဖြောင့် ကျွမ်းကျင် (၂)ဦး၊ လျှော်/သစ်ကျွမ်းကျင်(၂)ဦး၊ လက်သည်း ကျွမ်းကျင် (၂)ဦး၊ အလုပ်သင်(၂) ဦး။ အမှတ်(၉)၊ စလင်းလမ်း၊ မြေညီထပ်။
ဖုန်း-၀၉-၄၃၀၉၃၂၅၀

---

**ဂရင်းလိ(ဖ်)ဖြန့်ချိရေး**
အရောင်းကြီးကြပ်ရေးမှူး ကျား/မ (၁)ဦး၊ အရောင်းမြှင့်တင်ရေးဝန်ထမ်း (ကျား-၂ဦး) (မ-၃ ဦး)၊ အရောင်းဝန်ထမ်း(ကျား-၂ဦး)(မ-၂ဦး) အရောင်းအကူဝန်ထမ်း(ကျား-၂ဦး) (မ-၂ဦး)။ ဖုန်း-၀၉-၅၀၁၆၃၂၈

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

**Film Maker / Self-Shooting Video Editor**

**Job location** Yangon, Myanmar

**Job description** Proximity Designs is looking for a creative individual to work with our professional film maker photographer as a part of the growing media team. We work in a fascinating environment and are continuously hearing interesting stories. We are looking for someone to help us craft these stories into compelling material, in a variety of media, for our myriad of audiences. This would be a great opportunity for someone with a curious mind and a passion for storytelling, who is looking to employ and develop their skills in photography and/or film making while making a difference in the lives of rural families in Myanmar.

**Job activities**
- Frequent travel to project areas to meet with customers and collect stories
- Photography, videography and video editing.
- Managing Proximity's photography and film archives.
- Translating interviews from Myanmar to English.
- Contributing content for social media sites (facebook, blog, flickr etc).

**Experience & Skills**
- Strong in English and fluent in Myanmar.
- Experience in translation and interpretation.
- Professional experience in photography and/or film making.
- Experience using Final Cut Pro or Adobe Premiere prefered.
- Comfortable traveling in rural areas.
- Professional experience using social media.
- An ability and desire to learn new skills.

**Personal Attributes**
- Creative thinker.
- Strong interpersonal skills.
- An eye for a shot.
- An ear for a story.

**To apply** Send resume and cover letter to **jobs@proximitydesigns.org.**
Indicate in the subject line of your email the position you are applying for and how you learned of the vacancy (journal ad, website, colleague). This position is open to Myanmar nationals only.


**Closing Date** Position open until filled.

proximity

Proximity Designs is an international social enterprise that designs and creates products and services for people living in poverty. Our products are affordable, innovative and boost productivity and incomes. We've been distributing these products to tens of thousands of families across Myanmar since 2004.

Proximity Designs | New University Avenue Building C Suite 202 Yangon.
Tel: 95-1 555 221, 95-1 555 270, 95-1 558 077

# အမျိုးသမီးဘာသာရပ်ဆိုင်ရာရောဂါများသည်ကိုယ်ဝန်မဆောင်နိုင်ခြင်းနှင့်သားအိမ်ခေါင်းကင်ဆာကို လွယ်ကူစွာဖြစ်ပွားလာစေသည်။အမျိုးသမီးများအချိန်တစ်ခုကိုသတ်မှတ်၍ပုံမှန်ရောဂါများကိုစစ်ဆေးသင့်သည်။



Open Daily
AM - (8:00) to (8:00) PM

ပိုလိုအမျိုးသမီးအထူးကုဘာသာရပ်မှာဦးဆောင်အမေရိကန်နိုင်ငံမှနောက်ဆုံးပေါ်သားအိမ်လမ်းကြောင်း ကြည့်မှန်ပြောင်း၊လျှပ်စစ်ဖြင့်မိန်းမကိုယ်လမ်းကြောင်းကြည့်မှန်ပြောင်း၊သားဆက်မြှုပ်ကုသရေးကိရိယာ၊ သားဥပြွန်ဆက်သွယ်ရေးကိရိယာ၊သားအိမ်လည်တံကုသရေးကိရိယာ၊ဆီးခုံကုသရေးကိရိယာ၊အမေရိကန် Leep ခွဲစိတ်ကုနည်းပညာအသစ်စသည်တို့တိုးတတ်သောပစ္စည်းကိရိယာများကိုဦးစားပေးတပ်ဆင်၍ အမျိုးသမီးဘာသာရပ်ဆိုင်ရာရောဂါများကိုကုသခြင်း နည်းပညာဖြင့်ခေတ်သစ်သို့ပို့ဆောင်ပေးသည်။



## ပိုလိုဆေးခန်းသည် (၅) မျိုးသောအမျိုးသမီးရောဂါကိုကုသသောဌာနဖြစ်ပါသည်။

(၁) မီးယပ်ယဉ်ရောင်အထူး - မိန်းမကိုယ်လမ်းကြောင်းရောင်ရမ်းခြင်း၊ဆီးစပ်ဆီးခုံရောင်ရမ်းခြင်း၊အဖြူပုံမှန်မဟုတ်ခြင်း၊ မိန်းမကိုယ်သွေးထွက်ခြင်း။

(၂) သားအိမ်ခေါင်းအထူး - သားအိမ်ခေါင်းပုပ်ရွဲခြင်း၊သားအိမ်ခေါင်းအသားသီးထွက်ခြင်း၊သားအိမ်ခေါင်း ဥအိတ်ရောင်ခြင်း၊သားအိမ်ခေါင်းကင်ဆာ

(၃) သားဆက်မြှုံအထူး - ရာသီမမှန်ခြင်း၊သားဥပြွန်စေးကပ်ပိတ်ဆို့ခြင်း၊လိင်အင်္ဂါကူးစက်ရောဂါဖြစ်ခြင်းများ၊


(၄) အမျိုးသမီးလှပတောင်ရောဂါ - ဒြောင်းကျရောဂါဆက်စပ်ရောဂါဖွန်ဆက်ကြွက်နှီအရိုးနှင့်ရေယုန်များ။


(၅) သားအိမ်နှင့်ဆုံကြည့် မှန်ပြောင်းဖြင့် - သားအိမ်ကြွက်သားအစုအကျိတ်တည်ခြင်း၊သားဥပြွန်ပိတ်ဆို့ခြင်း၊သားဥအိမ်ရောင်ရမ်းခြင်း၊ သားအိမ်နှင့်ဆုံကြီးကြားတွင်ရေအိတ်တည်ခြင်းများကိုစစ်ဆေးကုသပေးခြင်း၊

## အောက်ပါအမျိုးသမီးရောဂါအမျိုးမျိုးကိုအထူးကုပေးလျက်ရှိပါသည်၊

| | |
|---|---|
| အဖြူတိုးများခြင်း၊ | သားအိမ်လည်တံရောင်ယမ်းခြင်း၊ |
| အနံ့အသက်စိမ်းနှင့်ပုပ်သိုးခြင်း၊ | ဆီးခုံရောင်ယမ်းခြင်း၊ |
| ဆီးမှုန်ခြင်း၊ | နောက်ဆက်တွဲသားဥအိမ်ရောင်ယမ်းခြင်း၊ |
| ဆီးအောင့်ခြင်း၊ | မိန်းမကိုယ်လမ်းကြောင်းရောင်ယမ်းခြင်း၊ |
| ဆီးသွားရွှင်နာကျင်ခြင်း၊ | မိန်းမကိုယ်လမ်းကြောင်းအမြင်သက်ရောင်ယမ်းခြင်း၊ |
| ရာသီသွေးအနည်း/အများမမှန်ခြင်း၊ | မိန်းမကိုယ်လမ်းကြောင်းတွင်အသားပိုထွက်ခြင်း၊ |
| ကျားမဆက်ဆံရာတွင်သွေးထွက်ခြင်း၊ | ရာသီသွေးအချိန်မမှန်ကန်ခြင်း၊ |
| မိန်းမကိုယ်လမ်းကြောင်းပုံမမှန်၍သွေးထွက်ခြင်း၊ | သားဆက်မြှုံခြင်း၊ |
| အဖြူမှုန်ခြင်း (သို့) သွေးမှုန်များပါခြင်း၊ | သားအိမ်လည်တံပုပ်သိုးရွဲခြင်း၊ |
| ကလေးမွေးဖွားပြီးနောက်ဆက်တွဲရောဂါဖြစ်ခြင်း၊ | သားအိမ်လည်တံအသားပိုထွက်ခြင်း၊ |






အမေရိကန်နိုင်ငံ၏ LEEP သားအိမ်ခေါင်းခွဲစိတ် ကုသမှုကိရိယာဖြင့် သားအိမ်ခေါင်းတွင်း ဖြစ်ပွားလျက်ရှိသောရောဂါများကို ကုသပေးခြင်း၊ ခွဲစိတ်မှုပြုရန်မလို၊သွေးအထွက်နည်း နာကျင်မှုအနည်းဆုံး၊

ဝေဒနာရှင်၏ကိုယ်ရေးအချက်အလက်များကိုထိန်းသိမ်းကာကွယ်ပေးမည်။

**POLO ဆေးခန်း** Hot Line - 09 421168222 , 09 421168000
အမှတ်(၁၂၉/၁၃၁) ဘားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

## " အမျိုးသားတစ်ဦးကိုကျန်းမာစေခြင်းဖြင့် မိသားစုတစ်ခုလုံးချမ်းသာသုခဖြစ်စေနိုင်သည်။ "

" နောက်ဆုံးပေါ်အဆင့်မြင့်စက်ကိရိယာများဖြင့် အမျိုးသားရောဂါအမျိုးမျိုးနှင့်လိင်ပိုင်းဆိုင်ရာရောဂါများကိုကုသပေးသည်။ "



**အောက်ပါရောဂါလက္ခဏာများသည်အမျိုးသားဆိုင်ရာဘာသာရပ်များအနေဖြင့် အချိန်မီဆရာဝန်ထံပြသသင့်ပါသနည်း။**

(၁) ဆီးမှုန်ဆီးအောင့်ခြင်း၊ဆီးတောက်မွန်စွာသွားမရခြင်း၊ဆီးကျန်ခြင်း၊အဖြူဆင်းခြင်း (သို့) ဆီးလမ်းကြောင်းနီရဲရောင်ကိုင်း ခြင်းသည်ပိုခြင်း။

(၂) ဆီးခုံအောက်ပိုင်း၊ပေါင်ခြံနှင့် ...

(၃) ...

**အထူးကုသပေးသောရောဂါဝေဒနာများမှာ . . .**



Open Daily
AM - (8:00) to (8:00) PM

**POLO ဆေးခန်း** Hot Line - 09 421168222 , 09 421168000
အမှတ်(၁၂၉/၁၃၁) ဘားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

## "အဆင့်မြင့်နောက်ဆုံးပေါ်နည်းပညာသုံးစက်ပစ္စည်းများဖြင့် လိပ်ခေါင်းရောဂါကိုတစ်ကြိမ်တည်းကုသ၍ဖြင့်ပျောက်ကင်းစေရမည်၊"

30% Discount



ပါရဂူကိုယ်တိုင်ကုသခြင်း၊ မခွဲစိတ်၊မနာကျင်၊ ဆေးရုံတက်ရန်မလို၊ ပြန်လည်ဖြစ်ပွားခြင်းမရှိစေရ။

**ကုသမှုထူးခြားချက်များ**

Open Daily
AM - (8:00) to (8:00) PM

- USA Johnson PPH Micro နည်းပညာဖြင့် ...
- USA ၏ HCPT နည်းပညာနှင့် Cook ...

**ကုသမှုရောဂါများ**



ကုသမှုအကျိုးရှိရန် အာမခံချက်ပေးသည်၊

**POLO ဆေးခန်း** Hot Line - 09 421168222 , 09 421168000
အမှတ်(၁၂၉/၁၃၁) ဘားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ် ရရှိသောမြန်မာ

ထုံးတမ်းစဉ်လာအတိုင်း နီညိုရောင်သက်န်းများဝတ်ရုံပြီး ခေါင်းတုံးရိတ်ထားသော ဘုန်းတော်ကြီးများက အတန်းလိုက်စီတန်းကာ ရေများစိုစွတ်၍ ကျင်းချိုင့်များပြည့်နေသည့် ရန်ကုန်မြို့လမ်းများပေါ် လျှောက်လာကြသည်။ ၎င်းတို့ ဖြတ်သန်းရာလမ်းတစ်လျှောက်ရှိ အိမ်များမှ ဆွမ်းများအလှူခံကြသည်။ ရှေ့ဆုံးမှသံဃာတစ်ပါးက ကြေးစည်တီး၍ ဆွမ်းခံကြွလာပြီဖြစ်ကြောင်း အသိပေးသည်။ ထိုအချိန်မိုးရွာလာသည်။ ယခုအချိန်မှာ မြန်မာနိုင်ငံတွင် မိုးရာသီဖြစ်ပါသည်။

ဤနိုင်ငံတွင် ရိုးရာယဉ်ကျေးမှုများ စိမ့်ဝင်နေဆဲဖြစ်သည်။ မြို့တော်ဟောင်းရန်ကုန်မှာလည်း နှစ်ပေါင်း (၅၀)ခန့် စစ်အာဏာရှင်အောက်ရောက်ရှိခဲ့ပြီး ယခင်အတိုင်းမပြောင်းလဲ။

ရန်ကုန်မြို့လမ်းများပေါ်၌ တစ်ချိန်က ကြီးကျယ်ခမ်းနားသော ဝင်းတံခါးများ၏နောက်ကွယ်တွင် ကိုလိုနီခေတ် အဆောက်အအုံများက ပြိုပျက်နေသည်။ အချို့အဆောက်အအုံများဆိုလျှင် နှစ်ပေါင်းများစွာ မရှင်းမလင်းဘဲထားရှိသောနွယ်ပင်၊ သစ်ပင်စိမ်းစိမ်းများအောက်ပျောက်နေပါသည်။

သို့သော်ယခုဆိုလျှင်ဗိုလ်ချုပ်ကြီးများက ၎င်းတို့ယူနီဖောင်းများချွတ်၍ ဒီမိုကရေစီတစ်မျိုးဆီသို့ ဦးလှည့်ခဲ့သည်မှာ ၂ နှစ်ပင်ရှိလာခဲ့ပြီဖြစ်သည်။ ယင်းပြောင်းလဲမှု၏ ပြယုဂ် ဒေါ်အောင်ဆန်းစုကြည်လည်း ပါလီမန်ထဲရောက်နေသည်မှာ တစ်နှစ်ရှိပြီ။ ပိတ်ဆို့တားဆီးမှုများ ဖယ်ရှားလိုက်ပြီဖြစ်ရာ ထိုအရာများအားလုံးက သူတို့အတွက် မည်သို့ အဓိပ္ပာယ်ရှိသည်ကို တဖြည်းဖြည်းချင်းမြင်တွေ့လာကြသည်။

ရန်ကုန်မြို့ပြင်ပတွင်တောက်ပြောင်နေသော စက်ရုံသစ်ကြီးတစ်ရုံတည်ရှိပါသည်။ ဖာမိုဆိုအဝတ်အထည်ကုမ္ပဏီကို ဂျပန်လုပ်ငန်းရှင်များပိုင်ဆိုင်ပြီး တရုတ်နိုင်ငံ၌ အဝတ်အထည်များ ထုတ်လုပ်နေကျဖြစ်သည်။ သို့သော် တရုတ်နိုင်ငံတွင် လုပ်ခလစာများ အလွန်မြင့်မားလာရာ သူတို့က အခြားတစ်နေရာကို ရှာဖွေလာကြသည်။

ဖာမိုဆို၏ဒုတိယအထွေထွေမန်နေဂျာ ကာဇူတိုယာမာဇာကီက "တရုတ်နိုင်ငံမှာ ကျွန်တော်တို့စက်ရုံသုံးရုံရှိပါတယ်။ အခုဆို နှစ်ရုံကို ပိတ်လိုက်ပါပြီ။ မကြာခင် တတိယစက်ရုံကိုလည်း ပိတ်တော့မယ် ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုတွေ အကုန်လုံးကို မြန်မာနိုင်ငံကို ပြောင်းပါတော့မယ်"ဟု ပြောပါသည်။

စီးပွားရေးပိတ်ဆို့တားဆီးမှုများရှိနေပါက ဖာမိုဆိုကို မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ခြင်းမှတားဆီးဖွယ်ရှိပါသည်။ အခုအချိန်မှာတော့ သူတို့ဒီကိုရောက်လာပြီး စက်ရုံသစ်နှင့် အလုပ်သမား ၁,၁၀၀ ကို အလုပ်ပေးထားပါပြီ။

ထုတ်လုပ်မှုမှာကြီးမားသည်။ အလုပ်ရှုပ်သော စက်တန်းများမှ နေ၍ တစ်နေ့လျှင်စီးပွားရေး ဝတ်စုံပေါင်း ၆၀၀ ထွက်ရှိလာသည်။ အလုပ်သမားများကို တစ်လလျှင် ကန်ဒေါ်လာ ၇၅နှင့် ညီမျှသော လစာပေးထားသည်။ အလုပ်သမားများအတွက်မူယင်းပမာဏမှာလွန်ခဲ့သောနှစ်အနည်းငယ် ၂၅ဒေါ်လာမှ တိုးတက်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၌ဖာမိုဆိုကယင်းထက် လေးဆပေးရသည်ဆိုတော့ နှစ်ဖက်စလုံး အနိုင်ချည်း။

မစ္စတာယာမာဇာကီမှာလည်း ၎င်းအတွက်အကြီးမားဆုံး ကန်ထရိုက်တစ်ခုရလုဆဲဆဲဖြစ်သည်။ ပြီးခဲ့သည့်နှစ်အတွင်း ဗြိတိန်နိုင်ငံမှ လက်လီကုန်ပစ္စည်း အရောင်းကုမ္ပဏီကြီး မတ်စ်နှင့်စပင်ဆာက ၎င်း၏ စက်ရုံကို လာရောက်ခဲ့သည်။ သူတို့ မြင်တွေ့ရတာကို ကြိုက်ကြပါသည်။ သို့သော်သဘောတူလက်မှတ်မရေးထိုးမီ အလုပ်သမားများ ဘေးကင်းလုံခြုံရေးကို ပိုမိုအာရုံစိုက်လုပ်ဆောင်ရန် သူတို့က အလိုရှိကြသည်။

မစ္စတာယာမာဇာကီက M&S အမှတ်တံဆိပ်အတွက်ပိုကောင်းအောင်လုပ်ပေးရန် လိုအပ်ချက်စာရင်းကို ကျွန်တော့်ကို ပြသပါသည်။ "ဒါဟာ သူတို့ရဲ့ ညွှန်ကြားချက်ပါ။ တချို့ကိစ္စတွေကို တိုးတက်အောင်လုပ်ရဦးမယ်။ အရေးပေါ်ကယ်ဆယ်ရေးလိုအချိန်မျိုးအတွက်ကြမ်းပြင်မှာမြားတွေပြသထားဖို့နဲ့ အဲဒီလိုမျိုးဟာတွေပေါ့။ သူတို့က ခွင့်ပြုလိုက်မှ ကျွန်တော်တို့ ထုတ်ကုန်တွေကို စပြီးပို့လို့ရမယ်"ဟု ၎င်းကဆိုသည်။

**စာမျက်နှာ(၂၀)သို့**

စာမျက်နှာ(၂၀)သို့

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇွန်(၉)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 560,000 |
| Panasonic(LCD) | 32SC4S | 260,000 |
| Sony (LCD) | 35BX | 265,000 |
| Sony (LED) | 32EX33 | 315,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | RA20F17 | 175,000 |
| Hitachi | 190W | 235,000 |
| Panasonic | NR.BT224 | 235,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP | 240,000 |
| Mitsubishi | 1.0HP | 245,000 |
| Samsung | 1.0HP | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၆,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၉၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၉)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၉၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၇၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၄,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇွန်(၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun(2) | 814 | 860 | 860 | 890 |
| Jun(3) | 814 | 860 | 860 | 890 |
| Jun(4) | 814 | 860 | 860 | 890 |
| Jun(5) | 814 | 860 | 860 | 890 |
| Jun(6) | 814 | 860 | 860 | 890 |
| Jun(7) | 814 | 860 | 860 | 890 |
| Jun(8) | 814 | 860 | 860 | 890 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 545,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 1TB HDD, 14" | 628,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 935,000 |
| IntelCore i7 1.9GHz,8GB DDR3,500GB HDD+8GB SSD, HD,14" | 920,000 |
| **ASUS** | |
| Intel Core i3 2.5 GHz, 2GB, 500GB HDD, HD, 14" | 459,000 |
| Intel Core i5 1.8 GHz, 4GB D3, 750GB HDD, 14" | 647,000 |
| Intel Core i7 2.0 GHz, 8GB D3, 750GB HDD+4GB SSD,15.6" | 910,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 500GB HDD, 14" | 939,000 |
| **Acer** | |
| Intel Core i3 1.5 GHz, 2GB DDR3, 500GB HDD, HD, 11.6" | 408,000 |
| Intel Core i3 1.4 GHz, 2GB DDR3,60GB SSD, HD, 11.6" | 685,000 |
| Intel Core i5 1.7 GHz, 4GB RAM DDR3, 750GB HDD, 15.5" | 770,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 751,000 |

7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

စာမျက်နှာ(၁၉)မှ

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ် ရရှိသောမြန်မာ

ပြီးခဲ့သည့် လက အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထည်ချုပ် စက်ရုံအဆောက်အအုံပြိုကျ၍ အလုပ်သမားရာပေါင်းများစွာ သေဆုံးခဲ့ခြင်းက အလုပ်သမားများကို စျေးပေါပေါခိုင်းစေမှုအပေါ် တစ်ကမ္ဘာလုံးက အာရုံစိုက်လာခဲ့ကြသည်။ မစ္စတာယာမာဇာကီကမူ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် မြန်မာအလုပ်သမားများ အခြေအနေတိုးတက်လာမည်ဟု ယုံကြည်ပါသည်။

"နောက်ဆုံးတစ်ကြိမ် M & S ကုမ္ပဏီလာပြီး စစ်ဆေးတုန်းက သူတို့က အရေးပေါ် ထွက်ပေါက်အမှတ်အသားမလုပ်ထားဘူးလို့ပြောတယ်ဆိုတော့ ကျွန်တော်တို့က မြားတွေထိုးလိုက်ပြီး အရောင်ကိုလည်း ပြောင်းလိုက်တယ်"ဟု ကြမ်းပြင်ပေါ်မှ မြားများကို လက်ညှိုးထိုးပြရင်း မစ္စတာယာမာဇာကီက ပြောသည်။

"သူတို့ဆီက အော်ဒါရတာကို ကျွန်တော်တို့ ဂုဏ်ယူပါတယ်။ Marks & Spencer အတွက် ကျွန်တော်တို့ ထုတ်လုပ်ပေးလိုက်ပြီဆိုတာနဲ့ အခြားဝယ်လက်တွေ ကလည်းအလိုအလျောက်ကျွန်တော်တို့ရဲ့ အရည်အသွေးကို စိတ်ချယုံကြည်သွားကြလိမ့်မယ်"ဟု ၎င်းက ပြောပါသည်။


စက်ရုံအလုပ်သမား နှစ်ဦးဖြစ်သော လှိုင်လှိုင်နှင့် နီညိုမာတို့ကို တွေ့ရစဉ်
ဓာတ်ပုံ -news.sky.com

ထမင်းစားချိန်နာရီဝက်သတ်မှတ်ထားသော အချိန်တွင် Sky News က အလုပ်သမားသုံးဦးကို စကားပြောကြည့်ပါသည်။ လှိုင်လှိုင်ဆိုသော အမျိုးသမီးက ငယ်ရွယ်ပုံပေါက်သော်လည်း (၃၁)နှစ်ရှိပြီဟုဆိုသည်။ ၎င်းသူငယ်ချင်း နီညိုမာက (၂၈)နှစ်ဟု ၎င်း၏ အသက်ကိုပြောသည်။

မြန်မာနိုင်ငံဥပဒေက စက်ရုံများတွင် အလုပ်လုပ်ရန် အသက် (၁၅)နှစ်ရှိရမည်ဟုပြဌာန်းထားပါသည်။ မစ္စတာယာမာဇာကီကမူ သူ့ကုမ္ပဏီက အနိမ့်ဆုံးအသက်ကို (၁၈)နှစ်ဟုသတ်မှတ်ထားကြောင်း ပြောသော်လည်း အလုပ်ရရှိဖို့ အချို့က အသက်လိမ်ပြောသည်ကိုလည်း ဝန်ခံပါသည်။

နိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများရှိလာကတည်းက အခြေအနေများ ကောင်းမွန်လာသည်ဟု အလုပ်သမားနှစ်ဦးစလုံးက သဘောတူပါသည်။ ကျွန်တော်တို့ နှစ်နာရီကြာလည်ပတ်စဉ်အတွင်း သူတို့အားလုံးက အလုပ်အပေါ် ကျေနပ်ကြသည်ဟု ဆိုရပါမည်။

ရန်ကုန်မြို့တစ်ဝန်းတွင် အပြောင်းအလဲလက္ခဏာများ ပိုမိုမြင်တွေ့ရသည်။ မြို့၏ကျယ်ပြောသောမြစ်တစ်လျှောက် အလုပ်ရှုပ်နေသော ဆိပ်ကမ်းသစ်။ လွန်ခဲ့သော ၂ နှစ်ကဆိုလျှင် ယင်းဆိပ်ကမ်းမှာ ဗလာကျင်းနေခဲ့သည်။ ယခုဆိုလျှင် ကမ္ဘာတစ်ဝန်းမှ ကုန်သေတ္တာများဖြင့် ပြည့်နေသည်။

Marks & Spencer ဝတ်စုံများနှင့် ဤနိုင်ငံမှ ပေးနိုင်သော အခြားအရာများအားလုံးကို ဤဆိပ်ကမ်းမှနေ၍ ကမ္ဘာတစ်ဝန်းသို့ ပို့ဆောင်ပါသည်။ သို့တည်းမဟုတ် မြန်မာပြည်၏ ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက် တည်ဆောက်နေသော အခြားဆိပ်ကမ်းများမှ ပို့ဆောင်ပါလိမ့်မည်။

သို့သော် ယင်းမှာ ဇာတ်လမ်းအပြည့်အစုံမဟုတ်သေးပါ။ ပိတ်ဆို့တားဆီးမှုများက အနောက်တိုင်းမှနေ၍ ဆယ်စုနှစ် ၂ စုကျော်မည်သည့်အရာမဆို မြန်မာနိုင်ငံသို့ တင်ပို့ခြင်းမပြုနိုင်ခဲ့။ ချုံးချုံးကျနေသော ဘတ်စ်ကားများက မြန်မာနိုင်ငံ၏လမ်းများပေါ် အိပဲ့အိပဲ့ သွားလာနေသည်။ ထရပ်ကားများမှာ အခြားခေတ်တစ်ခေတ်ရောက်နေသည်။

ယခုအချိန်တွင်မူ မည်သူမဆို ဒီကို ကုန်ပစ္စည်းတင်သွင်းလာနိုင်သည်။ အပျိုစင်စျေးကွက်နီးပါးပင် ဖြစ်သည်။ ပြည်သူများ ချမ်းသာလာသည်နှင့်အမျှ ပိုမိုဝယ်ယူလာကြပါလိမ့်မည်။ သို့ဖြင့် စီးပွားရေးဘီးများ စပြီးလည်ပတ်လာပါလိမ့်မည်။ သို့ဖြစ်စေကာမူ စိန်ခေါ်မှုမှာ ကြီးမားဆဲဖြစ်သည်။ ဤနိုင်ငံမှာ ဗြိတိသျှနယ်ချဲ့သမားများက ဖြစ်သလိုရေးဆွဲခဲ့သော နယ်နိမိတ်မျဉ်းများကျေးဇူးကြောင့် လူမျိုးနွယ်အုပ်စုအများအပြားဖြင့် ဖွဲ့စည်းထားသည်။

အာဏာရှင်စနစ်အလွန် ဒီမိုကရေစီစနစ်တွင် တင်းမာမှုများ ပြန်ရောက်လာသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက မွတ်ဆလင်များကို တိုက်ခိုက်ရန် အားပေးသည်ဟူသော စွပ်စွဲမှုများဖြင့် ဘာသာရေးအရငြိစွန်းလာသည်။ ဘာသာရေး၊ လူမျိုးရေးအသွင်ပဋိပက္ခများကြောင့် တစ်နှစ်တာကာလတွင် လူပေါင်း ၁၀၀ ကျော်သေဆုံးပြီး ၁၂၅,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က နိုင်ငံအနောက်ဘက်စွန်းသွေးထွက်သံယိုအကြမ်းဖက်မှုများမှာစစ်ဘက်ကထောက်ခံသော လူမျိုးတုံးသတ်ဖြတ်မှုအထောက်အထားဟု မကြာသေးမီကပင် ကြေညာခဲ့သည်။ ယင်းအဖြစ်အပျက်များမှာ နိုင်ငံ၏အခြားဒေသသုံးခုသို့ ရောက်ရှိပြီး ထိန်းချုပ်ခဲ့ရသည်။ ယင်းမှာ ဒီမိုကရေစီနိုင်ငံအဖြစ် ထွက်ပြူစပြုလာသော နိုင်ငံမှာ ရာမရောက်သေးဆိုသော လက္ခဏာပင်ဖြစ်ပါသည်။

Sky News : Burma Benefits From Foreign Investment Drive **ဆောင်းပါးကို ရဲမင်းဘာသာပြန်သည်။**

စာမျက်နှာ(၇)မှ

## အားပြိုင်နေတဲ့ ဇွန်ပန်းပွင့်ကလေးများ

ဘကကျောင်းများ၊ ကျေးလက်တောရွာများရှိ စာသင်ကျောင်းများတွင် လိုအပ်ချက်များက ရှိလို့နေဆဲ ဖြစ်ပါသည်။ ဒေသခံများနှင့် နီးစပ်ရာ အလုပ်ရှင်များက တတ်အားသမျှ ဝိုင်းဝန်းပံ့ပိုးနေကြသော်လည်း ပြည့်စုံနိုင်ကြခြင်း မရှိသေးပါ။ ကျောင်းစဖွင့်နေပြီဖြစ်သော်လည်း စာသင်ခုံလိုအပ်နေသော ကျောင်းများ၊ စာသင်ဆောင်၊ အမိုးအကာအခင်းမလုံခြုံသေးသော ကျောင်းများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများနှင့် အီလက်ထရွန်နစ်ကိရိယာ အသုံးမပြုနိုင်သေးသော ကျောင်းများ၊ သန့်ရှင်းကျန်းမာမှုအတွက် လုံခြုံစိတ်ချရခြင်း မရှိသေးသည့်ကျောင်းများမှာ ဒေသအသီးသီး တွင်တည်ရှိနေပါသေးသည်။ ဒေသအနှံ့ရှိ စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို ပွင့်လင်းမြင်သာ လွတ်လပ်စွာဖြင့် စစ်တမ်းကောက် လေ့လာကြည့်မည်ဆိုပါက များစွာစိတ်ဝင်စားဖွယ်ကောင်း၍ အကျိုးရှိမည်ဟု ထင်ပါသည်။

"ကျွန်တော့်သမီးကို မနှစ်က အပြင်မူကြိုမှာ ထားတယ်။ မူကြိုဆရာမတွေက မုန့်ပဲထိုင်ရောင်းနေကြတယ်။ ရောင်းတဲ့မုန့်တွေက ကျန်းမာရေးအရ မသင့်တော်ဘူး။ ဝယ်ပြီး မကျွေးပြန်ရင်လည်း ကလေးကို သနားရတယ်။ ဒီနှစ်တော့ ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းက ဖွင့်တဲ့ မူကြိုကို ပြောင်းထားပါတယ်။ မူကြိုက အစိုးရရဲ့ အခမဲ့ မူလတန်းစနစ်ထဲမှာ မပါတဲ့အတွက် မူကြိုထားချင်ရင် အလှူငွေကျပ် သုံးသောင်းထည့်ရပါတယ်။ တောင်ကြီးမှာဆိုရင်ကျပ်တစ်သိန်း၊ ပခုက္ကူမှာဆိုရင်ကျပ်ငါးသောင်းထည့်ဝင်လှူဒါန်းနိုင်မှ လေ့ကျင့်ရေး မူကြိုထားခွင့်ရကြတယ်လို့ ဆိုပါတယ်။ မူကြိုကလေးတွေ အတွက် စံနှုန်းမီတဲ့ နေရာကျယ် ကျယ်ဝန်းဝန်း၊ အသုံးအဆောင်၊ ဥယျာဉ်ပန်းခြံ၊ ကစားကွင်းနဲ့ ကရုဏာတွေကို ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် ပိုကောင်းပါတယ်"ဟု မိဘတစ်ဦးက ပြောပြပါသည်။

ဇွန်လသည် အခြေခံပညာကျောင်းများသာမက အဆင့်မြင့်ပညာတက္ကသိုလ်များလည်း ပြန်လည်ဖွင့်လှစ်သောအချိန် ဖြစ်ပါသည်။ ဇွန်လ ၆ ရက် ကြာသပတေးနေ့က ဖြစ်ပါသည်။ "တနင်္လာနေ့က ကျောင်းတွေပြန်ပြီး စဖွင့်ပေမယ့် သမီးတို့က ဒီနေ့မှ စတက်တာပါဆရာ။ ဒီနေ့ ရက်ရာဇာလည်းဟုတ်၊ ကြာသပတေးနေ့လည်း ဖြစ်လို့ပါ။ မနက်ဖြန် သောကြာတစ်ရက်တည်းဆိုတော့ မလာတော့ဘူး။ လာမယ့်တနင်္လာနေ့ကလည်း ပြဿဒါးနေ့မို့ အင်္ဂါနေ့မှပဲ ပြန်တက်တော့မယ်"ဟု ဆိုသူများက တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူများ ဖြစ်ပါသည်။

မိုးဦးကျဇွန်လတွင် ဇွန်ပန်းကလေးများ မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်တတ်ပါသည်။ ဖွေးဖွေးလွလွ အဆင်းလှ၍ သင်းတပျံ့ပျံ့ မွှေးရနံ့လည်း ရှိပါသည်။ ထို့အတူ စာရေးသူတို့ မြန်မာပြည်၏ အနာဂတ်ခေါင်းဆောင်လူငယ်ကျောင်းသား၊ ကျောင်းသူများသည်လည်း ဇွန်လအခါတွင် စာသင်ကျောင်းတော်များသို့ ရွှင်ရွှင်ပျော်ပျော် ချီတက်ကြရပါသည်။ အဖြူ အစိမ်းနှင့် လွယ်အိတ်ကို မဝယ်နိုင်၊ လိုအပ်သော အာဟာရကိုလည်း မမှီဝဲနိုင်၊ ထိုက်သင့်သော မိသားစုနွေးထွေး၊ လုံခြုံ၊ ဂရုစိုက်မှုကိုမျှ မရကြရှာသည့် ကျောင်းသား၊ ကျောင်းသူလေးများသည်လည်း ဤဇွန်လတွင်ပင် ပညာသင်နှစ်တစ်ခုကို အစပြုကြရပါသည်။ စာသင်ခုံနှင့်စာသင်ခန်းအရေးပေါ် လိုအပ်နေမှုများ၊ ကျောင်းအပ်ခြင်း မပြုနိုင်သေးသော အရေအတွက်များစွာ ကျန်ရှိနေမှုများစသည့် ပညာရေးဆိုင်ရာ သတင်းများကို ပုဂ္ဂလိကသတင်းစာများတွင် ဖတ် ရှုသိရှိနေရပါသည်။

ဇွန်ပန်းကလေးများက အလှချင်းပြိုင်နေကြသလို ကျောင်းသား၊ ကျောင်းသူများမှာမူ ဘဝချင်းပြိုင်နေကြရလေသလားဟု စဉ်းစားမိပါသည်။ မြေကောင်းရေကောင်းမှာ အကောင်းတကာ့ အကောင်းဆုံးတွေကို ရရှိခံစားအသုံးချပြီးတော့ ပွင့်ခဲ့ရတဲ့ ဇွန်ပန်းကလေးတွေလို ကျောင်းသား၊ ကျောင်းသူမျိုးစာရေးသူတို့နိုင်ငံမှာ ရာခိုင်နှုန်းမည်မျှ ရှိပါမည်နည်း။ မြေခြောက်၊ ရေခြောက်မှာ လေအနှောက်ခံပြီးမှ မပွင့်တပွင့် ပွင့်ခဲ့ရသည့် ဇွန်ပန်းကလေးတွေလို ကျောင်းသား၊ ကျောင်းသူမျိုးရော ရာခိုင်နှုန်းမည်မျှ ရှိပါမည်နည်း။

ဇွန်ပန်းကလေးများသည် အဆင်းအားဖြင့်လည်းကောင်း၊ ရနံ့အားဖြင့်လည်းကောင်း လောက၏ သာယာတင့်မောလှပခြင်းကို ပေါင်းစပ်ခြယ်မှုန်းပေးကြမြဲဖြစ်ပါသည်။ လူသားမျိုးဆက်ကျောင်းသား၊ ကျောင်းသူများသည်လည်း သူတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းများဖြင့် နိုင်ငံတော်အကျိုးကို သယ်ပိုးကြမည်သာဖြစ်ပါသည်။ နောင်တစ်ချိန်တွင် သူတို့ သယ်ပိုး ထမ်းဆောင်ကြမည်မှာ "ကောင်းကျိုးက များများလား၊ မကောင်းကျိုးက များများလား" ဆိုသည်ကိုဖြင့် သူတို့အားပြိုင်ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော မိမိ သဘောအတိုင်း (သို့တည်းမဟုတ်)မိဘများ အလိုတော်အတိုင်း (သို့တည်းမဟုတ်)ဘဝဇာတ်ဆရာ စီမံသည့်အတိုင်း ပါဝင်ကပြသရုပ်ဆောင်ခဲ့ကြရသော ပညာရေးခရီးလမ်းဇာတ်လမ်းမှတ်တမ်း များက အဓိကလွှမ်းမိုးရိုက်ခတ်မှုရှိ လိမ့်မည်ဟု ဆိုလိုက်ချင်ပါတော့သည်။




မွန်မြတ်ဆေးခန်း
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့် သွေးထဲအဆီများသူများကုသခြင်း
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
အမှတ်-၁၀၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။

## မိုက်ခရိုဆော့ဖ်က ပြည်တွင်းဆော့ဖ်ဝဲလုပ်ငန်းများအား နည်းပညာအခမဲ့ကူညီမည်



*ဂရိနိုင်ငံ အေသင်မြို့ရှိ မိုက်ခရိုဆော့ဖ် ရုံးချုပ်ကို တွေ့ရစဉ်* ဓာတ်ပုံ-softpedia

**နိုင်ချို**

**ရန်ကုန်၊ ဇွန်-၉**

နာမည်ကြီးနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် မိုက်ခရိုဆော့ဖ်က မြန်မာနိုင်ငံရှိ ဆော့ဖ်ဝဲလုပ်ငန်းများကို နည်းပညာများအခမဲ့ ထောက်ပံ့ပေးသွားမည်ဟု Microsoft Partner ဖြစ်သော MIT ကုမ္ပဏီ မှသတင်းရရှိသည်။

"ဒီနည်းပညာပံ့ပိုးပေးတဲ့ အစီအစဉ်ကို အခုကတည်းကစပြီး လျှောက်ထားနိုင်ပါပြီ။ လျှောက်ထားမယ့်ကုမ္ပဏီတွေအနေနဲ့က စည်းမျဉ်းတွေတော့ရှိတယ်။ မိုက်ခရိုဆော့ဖ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းနဲ့ကိုက်ညီဖို့လိုတယ်"ဟု မိုက်ခရိုဆော့ဖ် မှ မြန်မာနိုင်ငံ မိတ်ဖက်အဖြစ် ခန့်အပ်ထားသော MIT ကုမ္ပဏီမှ CEOဒေါက်တာထွန်းသူရသက်ကပြောသည်။

အထက်ပါနည်းပညာပံ့ပိုးမှုတွင် ဝင်ရောက်လျှောက်ထားသောကုမ္ပဏီများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီဖြစ်ရမည်။ ဆော့ဖ်ဝဲရေးသားသောကုမ္ပဏီဖြစ်ရမည်။ ကုမ္ပဏီစတင် တည်ထောင်သည့်ရက်မှ သက်တမ်း ငါးနှစ်အောက်ရှိရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုငွေမှာမြန်မာငွေကျပ်သိန်းတစ်သောင်းအောက်ရှိရမည်ဖြစ်သည်။

ယင်းအချက်များနှင့်ကိုက်ညီသည့် ဆော့ဖ်ဝဲကုမ္ပဏီငယ်များကို မိုက်ခရိုဆော့ဖ်က နည်းပညာနှင့်ပတ်သက်၍ အနည်းဆုံးသုံးနှစ်ခန့် အကူအညီပေးသွားမည်ဖြစ်သည်။

နည်းပညာရယူလိုသောကုမ္ပဏီငယ်များအနေဖြင့် သတ်မှတ်ထားသည့် အချက်အလက်၊ စာရွက်စာတမ်းများနှင့် အတူ Microsoft Partner ဖြစ်သည့် MIT ကုမ္ပဏီတွင်အခမဲ့လာရောက်လျှောက်ထားနိုင်ကြောင်း MIT မှ သတင်းရရှိသည်။

## iPhone အဟောင်းပြန်သွင်း အသစ်လဲလှယ်ပေးမည့် အစီအစဉ်Appleကုမ္ပဏီ စဉ်းစားနေ




**နယူးယောက်-** Appleကုမ္ပဏီထုတ် iPhone အဟောင်းကိုင်ထားသူများမော်ဒယ်အဟောင်းများကို Appleကုမ္ပဏီ ဖုန်းဆိုင်များတွင် ပြန်သွင်းပြီး အသစ်ဖြင့်လဲလှယ်ကိုင်ဆောင်နိုင်ရန် အစီအစဉ်ကို Appleကုမ္ပဏီကစဉ်းစားနေသည်။

ထို့သို့ ပြန်သွင်းလာသော iPhone 4 နှင့် iPhone 4s များကို ပြန်လည်ပြင်ဆင်၍ အိန္ဒိယကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပြန်လည်ရောင်းချရန်လည်း စီစဉ်ထားသည်။ထို့အတွက် ယင်းဈေးကွက်များတွင် Appleထုတ်ကုန်များ ပိုမို သုံးစွဲလာရန်လည်း ရည်ရွယ်သည်။

ယင်းအစီအစဉ်ဖြင့် အမေရိကန်နိုင်ငံတွင် ၎င်း၏ ထိပ်တန်းမော်ဒယ်ဖုန်းများပိုမိုအရောင်းသွက်လာပြီးဟန်းဆက်အဟောင်းများကိုရောင်းချရာတွင်လည်းမြန်ဆန်လာလိမ့်မည်ဟု Apple ကုမ္ပဏီက မျှော်လင့်ကြောင်း ဘလွန်းဘာ့ဂ်စီးပွားရေးသတင်း ဝက်ဘ်ဆိုက်ကဆိုသည်။ —Ref: UN

## ဆက်သွယ်ရေးလိုင်စင်ရလျှင် ဒေါ်လာသန်းတစ်ထောင်စတင်ရင်းနှီးမည်ဟု Bharti ကုမ္ပဏီဥက္ကဋ္ဌပြောကြား



**ခင်မေဇော်**

**နေပြည်တော်၊ ဇွန်-၈**

အိန္ဒိယနိုင်ငံမှ ဆက်သွယ်ရေးလုပ်ငန်း Bharti Group က မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိခဲ့ပါက အမေရိကန်ဒေါ်လာသန်းတစ်ထောင် စတင်သုံးစွဲသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌဘီလီယံနာသူဌေး ဆန်နေးလ်ဘဟာတီမစ်တယ်ကပြောသည်။

မြန်မာနိုင်ငံမှ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်အတွက် လေလံတင်ထားသည့် အခြေအနေနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ ဆက်သွယ်ရေးလုပ်ငန်းပိုင်ရှင် Bharti Group ဥက္ကဋ္ဌ ဘီလီယံနာ သူဌေး Sunil Bharti Mittal ကို ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပနေသည့် အချိန်အတွင်း Time of India က သီးသန့်တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာနိုင်ငံ၌ လေလံတင်ထားသည့် ကိစ္စအပေါ် တုံ့ပြန်ချက်ကို Sunil Bharti Mittal က "လိုင်စင် နှစ်ခုအတွက် လျှောက်ထားသူ ၈၂ဖွဲ့ရှိခဲ့တာ။ အခုတော့ ၁၁ဖွဲ့ပဲကျန်ပါတော့တယ်။ ခေါင်းပန်းလှန်သလိုပဲ။ သတင်းကောင်းကတော့ သူတို့မကြာခင်ဆုံးဖြတ်မှာမို့ လာမယ့်ကိုးလမှာ စရမှာပါ။ တစ်သီးပုဂ္ဂလလေလံကို ခွင့်မပြုတာဆိုလို့မြန်မာကလွဲရင် ကမ္ဘာမှာ အီသီယိုးပီးယားပဲ ရှိတယ်။ အိန္ဒိယနိုင်ငံဘေးက နိုင်ငံကြီးဖြစ်နေတော့လည်း ကျွန်တော်တို့အတွက်တော့ ဒါက အဓိပ္ပာယ်ရှိပါတယ်။ ဥရောပက ဝင်ဆွဲတဲ့သူတွေထက်စာရင် ကျွန်တော်တို့က သဘာဝအရလည်း ကိုက်ညီနေတယ်။ နောက်ပြီး ဘာလုပ်ဖို့လိုတယ်ဆိုတာကိုလည်း ကျွန်တော်တို့က သိနေတယ်လေ။ သူတို့အတွက်ကတော့ ဒါတွေက ခက်ခဲနိုင်ပါတယ်"ဟု ပြောဆိုသွားသည်။

လာမည့်သုံးနှစ်အတွင်းတွင် တစ်နိုင်ငံလုံးကိုဖြန့်ကြက်နိုင်မည်ဟု မျှော်လင့်ထားသော်လည်း ထို့ထက်ပင် မြန်နိုင်သေးကြောင်း လည်းသူကပြောဆိုသည်။

လျှပ်စစ်မီးရရှိမှု နည်းပါးသဖြင့် အခြားနည်းလမ်းများကို သုံးပြီး စွမ်းအင်ရယူမည်ဟု သူကဆိုသည်။"အိန္ဒိယလိုမဟုတ်ဘဲ ကျေးလက်ဒေသမှာ လူဦးရေများတော့နေရောင်ခြည်စွမ်းအင် ဒါမှမဟုတ်ဒီဇယ်ဆီကိုသုံးပြီး ဆက်သွယ်ယူရမှာပါ။ လျှပ်စစ်ကနည်းနေတဲ့အတွက်ပါ"ဟု ပြောကြားခဲ့သည်။

ရင်းနှီးမည့်ငွေများ ရရှိနိုင်မှုနှင့်ပတ်သက်၍ ဖြေကြားရာတွင် "ကျွန်တော်တို့မှာ ဘဏ္ဍာငွေတွေများတော့ ပြဿနာမရှိပါဘူး။ ငွေလည်းချေးလို့ရပါတယ်။ ကျွန်တော်တို့မှာ ၄ ဒသမ ၅ ဘီလီယံအကြွေးရှိပြီး ဝင်ငွေကောင်းပါတယ်။ အိန္ဒိယဘက်မှာ အကြွေးသိပ်များများမရှိပါဘူး။ ကာတာဖောင်ဒေးရှင်းကလည်းရင်းနှီးမြှုပ်နှံထားပါတယ်။ အဲဒီကလည်း ဝင်ငွေရှိပါတယ်။"

ယင်းပိုင်ဆိုင်သော Bharti Airtel ကုမ္ပဏီသည် လတ်တလော အခြေအနေမကောင်းလှဘဲ သုံးနှစ်ဆက်တိုက် အကျိုးအမြတ်ရရှိမှုနည်းပါးကြောင်း အစီရင်ခံစာများအရ သိရသည်။


ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိသူကို ဇွန်လကုန်ပိုင်းတွင် ကြေညာမည်ဖြစ်သည်။





**အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**

အရောင်း၊အဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမှန်ကန်မြန်ဆန်စွာ သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်လှောင်နှင့် အကြွေးစာရင်းထိန်း ကွန်ပျူတာစနစ် iLedger® ကို INTEGRA Systems Company ၄၂-ဦး ... ဆက်သွယ်ရန်ဖုန်းမှာ 01-703625, 09-73085653



# ဖေ့စ်ဘွတ်ခ်လုပ်ငန်းဝန်ဆောင်မှု Page များ စီးပွားဖြစ်မရောင်းနိုင်သေး

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၈**

လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဖေ့စ်ဘွတ်ခ်တွင်စီးပွားရေးဆိုင်ရာ Group နှင့် Page များဖန်တီးရန် အကောင့်များကို စီးပွားဖြစ်အရောင်းအဝယ်ပြုလုပ်ခြင်းမှာ ဖြစ်လာနိုင်ရန်ခက်ခဲပြီး နိုင်ငံတကာတွင်လည်း ထို့သို့ရောင်းချမှုပုံစံမျိုး မရှိကြောင်း Mido မှ ဒုအမှုဆောင်ဒါရိုက်တာကပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက မန္တလေးမှ ဖေ့စ်ဘွတ်ခ်စာမျက်နှာများပြုလုပ်သူတစ်ဦး၏ အိမ်၊ခြံ၊ မြေအကျိုးဆောင်ဟူသော အကောင့်ကို ကျပ် ၁၅သိန်းနှင့် အရောင်းအဝယ်ဖြစ်ခဲ့သည်ဟူသော သတင်းများပေါ်ထွက်လာပြီးယင်းသတင်းကြောင့် စီးပွားရေးဝန်ဆောင်မှုစာမျက်နှာတည်ထောင်သူများ အထူးစိတ်ဝင်စားခဲ့ကြသည်။

လက်ရှိတွင်ဖေ့စ်ဘွတ်ခ်ပေါ်၌ အိမ်၊ ခြံ၊ မြေ၊ ကား၊ မိုဘိုင်း၊ အွန်လိုင်းဈေးရောင်းဝန်ဆောင်မှု စသည့်စာမျက်နှာအများအပြားတည်ထောင်လျက်ရှိကြသည်။

စီးပွားရေးသမားများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် မိမိကုန်ပစ္စည်းများကြော်ငြာနိုင်ရန်အတွက် အင်တာနက်ဖေ့စ်ဘွတ်ခ်စာမျက်နှာများဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်မှုများရှိသော်လည်း ထိုဖေ့စ်ဘွတ်ခ်စာမျက်နှာကို အရောင်းအဝယ်ပြုရန်မှာ မလွယ်ကူနိုင်ဟု ထင်မြင်မိကြောင်း Mido (Myanmar ICT For Development Organization)မှ ဒုအမှုဆောင်ဒါရိုက်တာ ဦးညီညီက ပြောသည်။

"တစ်ယောက်ယောက်က ဝယ်လိုက်ရင်တောင် သူမဟုတ်ဘူးဆိုတာသိသွားရင် ဆက်သွယ်ဖို့ဆိုတာမလွယ်လောက်ဘူးထင်တယ်။ သူမဟုတ်ဘူးဆိုတာ သိသွားရင် တခြားသူကလည်း လက်ခံမှာ မဟုတ်လောက်ဘူး"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အင်တာနက်ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် စာမျက်နှာ (Link)များကို ဝေမျှခြင်း၊ Like လုပ်ခြင်းဖြင့် ကုန်ပစ္စည်းကြော်ငြာများကို ကြေညာခြင်း၊ ပြိုင်ပွဲများပြုလုပ်ခြင်းတို့ အများအပြားရှိနေပြီး ထိုသို့ ကုန်ပစ္စည်း ကြော်ငြာခြင်းမျိုးကိုပြည်တွင်း အသုံးပြုမှုမှာ အချိန်မကြာမြင့်သေးသော်လည်း နိုင်ငံတကာ၌ တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြောင်း သိရသည်။

ထိုသို့ ကြော်ငြာခြင်းကြောင့် စရိတ်သက်သာစွာဖြင့် လူအများကြား ပျံ့နှံ့မှုပိုမိုမြန်ဆန်ထိရောက်ခြင်းနှင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ရှိလူဦးရေသိန်းချီကို တစ်ကြိမ်တည်းဖြင့်ကြေညာနိုင်ခြင်းကြောင့် အသုံးပြုမှုများလာခြင်းလည်းဖြစ်ကြောင်း ဦးညီညီကဆက်လက်ပြောသည်။

ပြည်တွင်း၌ အင်တာနက် အသုံးပြုသူများ၏ ၁၀ရာခိုင်နှုန်းမှာ သတင်းနှင့်လိုအပ်သည့်အချက်အလက်များကို သိရှိစေရန်သုံးစွဲနေကြခြင်းဖြစ်သော်လည်း ကျန် ၉၀ ရာခိုင်နှုန်းမှာ ဖေ့စ်ဘွတ်ခ်စာမျက်နှာအသုံးပြုနေခြင်းဖြစ်ကြောင်း Myanmar Information Tech-nologyကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဦးထွန်းသူရသက်က ကမ္ဘာ့စီးပွားရေးဖိုးရမ်၌ ပြောကြားခဲ့သည်ကို ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်။

မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူ ၆၂၀,၀၀၀ရှိရာ ဖေ့စ်ဘွတ်ခ်အကောင့်အရေအတွက် ခုနှစ်သိန်းကျော်ရှိပြီး မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲသူ နှစ်သိန်းခွဲခန့်ရှိကြောင်း သတင်းရရှိသည်။




# အင်တာနက်ဆိုင်များ Skype သုံးစွဲမှုလျော့ကျလာ

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၉**

ပြည်ပသို့ အွန်လိုင်းမှ ဈေးနှုန်းသက်သာစွာ ဖုန်းခေါ်နိုင်သည့် Skype VOIP ဖုန်းခေါ်ဆိုမှုကို အင်တာနက်ဆိုင်များ၌ အသုံးပြုမှုလျော့နည်းသွားကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ရှိ အင်တာနက်ဆိုင်အများစုတွင် Skype သုံးစွဲမှုနည်းပါးပြီး Pfingo ဖြင့်သာ နိုင်ငံခြားသို့ ဖုန်းခေါ်ဆိုလိုသူများကို ဝန်ဆောင်မှုပေးကြောင်း ထိုဆိုင်များမှ သိရသည်။

"Pfingo က သတ်သတ်ဝယ်ရတယ်။ Skype က ပိုက်ဆံသွင်းပြီးသုံးရတာနဲ့ ရိုးရိုးသုံးရတာ နှစ်မျိုးရှိတယ်။ Pfingo က နိုင်ငံခြားဖုန်းခေါ်တာအတွက်သီးသန့်လေ။ Skype ကျတော့ နှစ်မျိုးရှိပေမယ့် ပိုက်ဆံနဲ့သုံးရတာ ဆိုတော့ သိပ်မသုံးတတ်ဘူး။ ရိုးရိုးသုံးတာပဲ ဆိုင်မှာရှိတယ်"ဟု Valentine အင်တာနက်ဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။

Pfingo သုံးစွဲ၍ နိုင်ငံခြားသို့ ဖုန်းခေါ်ဆိုရာတွင် ဒေါ်လာနှင့် ငွေဖြည့်သွင်းထားရန်လိုအပ်ပြီး Skype သုံးစွဲသူများအနေဖြင့် ရိုးရိုးသုံးစွဲလိုပါက ခေါ်ဆိုမည့်သူနှင့် လက်ခံပြောဆိုမည့်သူတို့တွင် အကောင့်ရှိရန်လိုအပ်ပြီး ပိုက်ဆံဖြင့် လအလိုက်ဝယ်ယူထားပါက Sky-pe အကောင့်ရှိရန်မလိုအပ်ဘဲဖုန်းခေါ်ဆိုနိုင်ကြောင်း သိရသည်။

လက်ရှိတွင် Skype ဖြင့် ဖုန်းခေါ်ဆိုမှုမှာ ဝယ်ယူရန် သက်သာသော်လည်း အချို့ဝန်ဆောင်မှုပေးသည့်အင်တာနက်ဆိုင်များအနေဖြင့် လအလိုက်ဝယ်ယူထားခြင်းမဟုတ်သည့် မိနစ်အလိုက်ပုတ်ပြတ်ဝယ်ယူခြင်းသာ အများအပြားရှိကြောင်း ထိုဆိုင်များက ပြောသည်။

ခေါ်ဆိုမှုအရေအတွက် ပေါ်မူတည်ကာ ခန့်မှန်းမရခြင်းကြောင့် မိနစ်အလိုက်ငွေဖြည့်သွင်းကာကြိုတင်ဝယ်ယူထားခြင်းမှာ ပိုမိုအဆင်ပြေပြီး လအလိုက်ဝယ်ယူထားပါက ခေါ်ဆိုမှုနည်းသည့် လများတွင် တွက်ခြေမကိုက်ခြင်းကြောင့် ဖြစ်သည်ဟု အင်တာနက်ဆိုင်ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြော သည်။

မိနစ်အလိုက်ပုတ်ပြတ်ဝယ်ယူရာတွင် မိနစ် ၄၀၀ နှင့် မိနစ် ၁၂၀ နှစ်မျိုးရှိပြီး Skype နှုန်းထားများမှာ ယခင်ကပင် ထိုဈေးနှုန်းများသာ ကျသင့်ခြင်းဖြစ်ပြီး သုံးစွဲမှုနည်းပါးခြင်းကြောင့်သာ မသိရှိကြခြင်းဖြစ်ကြောင်း Skype ဝယ်ယူမှုများအတွက် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုဘိုင်းဖုန်းများတွင် Skype ဖြင့် နိုင်ငံရှစ်နိုင်ငံကိုသာ ခေါ်ဆိုနိုင်သော်လည်း ကြိုးဖုန်းများတွင် နိုင်ငံ ၅၀ ကျော်ကို ခေါ်ဆိုနိုင်ကာ တစ်နိုင်ငံတည်းသာ ဝယ်ယူထားပါက ကျပ် ၈,၀၀၀ ကျသင့်မည်ဖြစ်သော်လည်း နိုင်ငံ ၆၃ နိုင်ငံလုံးအတွက် ဝယ်ယူထားပါက တစ်လလျှင် ကျပ် ၁၅,၀၀၀ သာ ကျသင့်မည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

# ပြည်သူများအမေး ဒေါ်အောင်ဆန်းစုကြည်အဖြေ

ညီညီဇော်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဆယ်စုနှစ်တစ်စုကျော်မရောက်ဖြစ်သည့် ပြင်ဦးလွင်မြို့သို့ ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက လာရောက်မည်ဟု ကတိပြုထားသောကြောင့် ဇွန် ၉ ရက်တွင် ပြင်ဦးလွင်သို့ ရောက်ရှိလာပြီး မဟာအံ့ထူးကံသာ ဘုရားဝင်းအတွင်း လူထုနှင့် တွေ့ဆုံခဲ့သည်။ ယင်းတွေ့ဆုံရာတွင် လူငယ်များ အလုပ်လက်မဲ့ဖြစ် နေသည့် ကိစ္စရပ်များ၊ ရေရှားပါးမှု၊ လျှပ်စစ်မီးမရရှိမှု၊ ညံ့ဖျင်းနေသော ပညာရေးစနစ်၊ တရားဥပဒေစိုးမိုးရေး အရေးပါမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ နိုင်ငံသူနိုင်ငံသားများ ညီညွတ်ရေး အစရှိသည့် အကြောင်းအရာများဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးချက်များအပြင် လူထုကို မေးခွန်း ၅ ခု မေးခွင့်ပြုခဲ့သည်။

**အမျိုးသားတစ်ဦး- အမေစုခင်ဗျာ။ ကျွန်တော်တို့ နိုင်ငံအတွက် တရားဥပဒေစိုးမိုးမှုရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ပေးပါမလဲခင်ဗျာ။ လက်ရှိ ကျွန်တော်တို့မှာ အိုးအိမ်တွေ ဖျက်ဆီးခံထားရတာ အတိဒုက္ခဖြစ်နေပါတယ်။ ကူညီပေးပါ အမေစုခင်ဗျား။**

ဒီကိစ္စကိုလည်း ကျွန်မဆီ စာတက်လာပါတယ်။ အဲဒီဟာကို သက်ဆိုင်ရာဌာနနဲ့ ကျွန်မဆက်သွယ်ပြီး ကျွန်မမေးမြန်းပါ့မယ်။ ကျွန်မတို့ လွှတ်တော်မှာဆိုလို့ရှိရင် ဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် မတော်မတရားကိစ္စတွေ မဖြစ်အောင်လို့ လုပ်ပေးနိုင်တဲ့ နည်းလမ်းရှိတယ်။ နောက်ပြီးတော့ မတရားတဲ့ကိစ္စတွေဖြစ်နေတယ်ဆိုလို့ရှိရင်လည်း ကျွန်မတို့ တရားဥပဒေစိုးမိုးရေးကော်မတီအနေနဲ့က သက်ဆိုင်ရာဌာနတွေကို ဘာကြောင့် ဒီလိုဖြစ်နေလဲ၊ ဒါတွေကို ဘယ်လိုပြုပြင်ပေးနိုင်မလဲဆိုတာတွေကို ကျွန်မတို့က မေးမြန်းပြီးတော့ စုံစမ်းလို့ရပါတယ်၊ အဲဒီဟာကတော့ ကျွန်မလုပ်ပေးပါမယ်။

**ဆရာတော်တစ်ပါး-ဒကာမကြီး ဒေါ်စု၊ဦးပဥ္ဇင်းတို့ကလည်း ဒကာမကြီးကို မိခင်တစ်ယောက်လိုပဲ တိုင်းသူ ပြည်သားတွေကလည်း မိခင်တစ်ယောက်လို အားကိုးခဲ့တယ်နော်။ ခုလည်းပဲ အနှစ်နှစ်ဆယ်ကျော်ကြာ အမေစုကို မျှော်ခဲ့ရတာ ဒီနေ့ချိန်ထိရောက်ပြီ။ ဒါပေမဲ့ အခုဒီနေ့ ဒီအချိန်မှာ ဦးပဥ္ဇင်းတို့ တိုင်းပြည်အတွင်းမှာ ဦးပဥ္ဇင်းတို့ ဘာသာတရားကို ချုပ်ချယ်ပြီးတော့ အမျိုးမျိုးခုတုံးလုပ်ပြီးတော့ နှိပ်စက်ခံနေရတာ၊ လူမျိုးခြားတွေကနှိပ်စက်နေတာ အမေစုအနေနဲ့ အဲဒါအတတ်နိုင်ဆုံးဘယ်လိုများ အကောင်းဆုံး လုပ်ပေးနိုင်ပါမလဲ။**



*မေးခွန်းများကိုဖြေကြားပေးနေသော ဒေါ်အောင်ဆန်းစုကြည်* ဓာတ်ပုံ - ညီညီဇော်

တပည့်တော် ဒီကိစ္စကို မကြာခင်တုန်းက ကမ္ဘာ့စီးပွားရေးဖိုရမ်တက်ခဲ့တယ်လေ။ ငါးရက်ခြောက်ရက်၊ ခုနစ်ရက်မှာ၊ အဲဒါဆိုရင် တစ်ကမ္ဘာလုံးက လူမျိုးစုံ ဘာသာစုံတွေ ရောက်ကြပါတယ်။ ရောက်ကြတဲ့အခါကျတော့ လူမျိုးစုံဘာသာစုံနဲ့ တူတူအလုပ်လုပ်ကြတယ်။ တူတူနှီးနှောဖလှယ်ကြတယ်။ အဲဒီကလူငယ်တွေကို တပည့်တော်မ မေးကြည့်ပါတယ်။ အခုဆိုလို့ရှိရင် ဘာသာရေးနဲ့ပတ်သက်လို့ လူမျိုးရေးနဲ့ပတ်သက်လို့ ပဋိပက္ခတွေ ဖြစ်နေတာတွေက ဘာဖြစ်လို့ဖြစ်နေတယ်လို့ထင်သလဲ။ ဒါတွေကို ဘယ်လိုပြေလည်အောင်လုပ်ရမလဲ။ လုပ်လို့ရမလဲလို့ထင်သလဲလို့ တပည့်တော်မတို့ ဆွေးနွေးတဲ့အခါကျတော့ အခြေခံအားဖြင့် လိုအပ်ချက်ကတော့ အပြန်အလှန်နားလည်မှု ရှိရမယ်။ အပြန်အလှန်လေးစားမှုရှိရမယ်။ တစ်ဖက်ကနေ တစ်ဖက်ကို အထင်သေးတယ်။ တစ်ဖက်ကနေ တစ်ဖက်ကို နိုင်ထက်ကလူပြုတယ်ဆိုတာ မရှိရဘူး။ နောက်ပြီးတော့ ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ စိတ်ထဲမှာထားလို့ မဖြစ်ဘူး။ အဲဒီတော့ တပည့်တော်မတို့ ပဋိပက္ခဖြစ်တယ်ဆိုတာ နှစ်ဖက်ဖြစ်ပါတယ်။ နှစ်ဖက်စလုံးက ကြိုးစားရမှာပါ။ ဒီတော့ တပည့်တော်မတို့ရဲ့ နိုင်ငံအတွင်းက နိုင်ငံသူနိုင်ငံသားများဟာ ကိုယ့်နိုင်ငံကို ဦးထိပ်ထားပြီးတော့ ဒီနိုင်ငံအတွင်းမှာ အေးချမ်းဖို့အတွက်ကို အဲဒါကို အဓိကထားပြီးတော့ လုပ်ဖို့ကအရေးကြီးပါတယ်။ တပည့်တော်မကလည်းပြောပါတယ်။ ဒီနိုင်ငံမှာ၊ အခုခေတ်မှာဆိုလို့ရှိရင် တစ်နိုင်ငံအတွင်းမှာ ဖြစ်တဲ့ကိစ္စတွေက သူ့ချည်းပဲအထီးကျန်ထားလို့မရဘူး။ တစ်ကမ္ဘာလုံးအဖြစ်အပျက်တွေနဲ့ဆက်နွယ်နေတယ်။ အဲဒီ ဆက်နွယ်နေတာကြောင့် အမြင်ကျယ်ကျယ်နဲ့ ကြည့်ရမယ်။ အပြင်ကနေ အထဲကို ကြည့်တဲ့အခါမှာလည်း နားလည်မှုနဲ့ကြည့်ရမယ်။ အထဲကနေအပြင်ကိုကြည့်တဲ့အခါမှာလည်း နားလည်မှုနဲ့ ကြည့်ရမယ်။ တပည့်တော်မတို့ရဲ့ ပြည်သူပြည်သားတွေဟာ သဘောထားလည်းကြီးရမယ်။ အမှန်တရားကိုလည်း မြတ်နိုးရမယ်။ နောက်ပြီးတော့ တပည့်တော်မတို့ ဗုဒ္ဓဘာသာများဖြစ်တဲ့အတိုင်း မေတ္တာကရုဏာကိုလည်း တတ်နိုင်သလောက်ပွားရမယ်။ ဒါပေမဲ့ အဓိက အရေးကြီးဆုံးကတော့ ခုနက တပည့်တော်မပြောတဲ့ တရားဥပဒေစိုးမိုးရေးပဲ။ အဲဒီဟာနဲ့စတာပဲ။ တပည့်တော်မက ဘယ်နေရာမှာဘာဆိုပြီး အသေးစိတ် ပြောမသွားချင်ဘူး။ ဒါပေမဲ့ ဖြစ်တဲ့ကိစ္စမှန်သမျှဟာ စောစောစီးစီးကတည်းက တရားဥပဒေစိုးမိုးရေးနဲ့ ကြပ်ကြပ်မတ်မတ်ထိန်းလိုက်လို့ရှိရင် အဲဒီလောက် အန္တရာယ်တွေက ပွားသွားမှာမဟုတ်ဘူး။ အဲဒီလို တရားဥပဒေနဲ့ ကြပ်ကြပ်မတ်မတ် မထိန်းလိုက်လို့ ဒီလိုဖြစ်ခဲ့တာလို့ တပည့်တော်မ ဒီလိုပဲပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားဥပဒေစိုးမိုးရေးရဲ့ အရေးကြီးရလဒ်တစ်ခုကတော့ လူတွေရဲ့ စိတ်လုံခြုံမှုပဲ။ စိတ်လုံခြုံမှုရှိပြီဆိုရင် ငါတို့ရဲ့ အိမ်တွေကို ဘယ်သူကမှ မီးနဲ့မရှို့ဘူး။ ငါတို့ကို ဘယ်သူကမှ အန္တရာယ်မပြုဘူး။ စိတ်လုံခြုံမှုရှိပြီဆိုလို့ရှိရင်တစ်ယောက်နဲ့တစ်ယောက် နားလည်မှုယူလို့ရတယ်။ စိတ်လုံခြုံမှုမရှိတဲ့သူကို တစ်ယောက်နဲ့တစ်ယောက် နားလည်မှုယူပါလို့ ဆိုတာပြောလို့မရဘူး။ အဲဒါတော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် တပည့်တော်မတို့ ဥပဒေစိုးမိုးရေးကို အလေးထားတဲ့အလျောက်တရားဥပဒေစိုးမိုးရေးကနေစရမယ်လို့တပည့်တော်မ လျှောက်ချင်ပါတယ်။

**ဦးပဥ္ဇင်းတို့ မြန်မာပြည်သူတွေနဲ့ တကွ ဘုရားသားတော်တွေကအစပေါ့လေ။ ဒကာမကြီးပြောသလို မေတ္တာတရားကိုအခြေခံပြီးတော့ ဦးပဥ္ဇင်းတို့က အတိုင်းအတာတစ်ခုထိတော့ သည်းခံခဲ့တာပေါ့လေ။ ဒါပေမဲ့ ခုဖြစ်နေတဲ့ အခြေအနေက ဘာလဲဆိုတော့ လူ့အခွင့်အရေးဆိုတဲ့ အခွင့်အရေးတစ်ခုကို ရဟန်းသံဃာတော်တွေကလည်း အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရတယ်။ ပြည်သူပြည်သားတွေလည်း ဒီဘာသာတရားနဲ့ပတ်သက်ပြီး အိုးအိမ်တွေကိုစွန့်ခွာပြီးတော့ ကိုယ်လုပ်ချင်တဲ့ ဒါန၊ သီလ၊ ဘာဝနာတောင် မလုပ်နိုင်တဲ့အတွက် အဲ့လို အခြေအနေဖြစ်နေတာကို အမေစုအနေနဲ့ အတတ်နိုင်ဆုံးပေါ့လေ။ အဲဒါလေးကို တင်ပြချင်တာပါ။**

တင်ပါ့ဘုရား။ အဲဒါလည်း တရားဥပဒေစိုးမိုးရေးပေါ့။ ဒီဟာကို ရပ်ရွာအေးချမ်းရေးကို ကာကွယ်စောင့်ရှောက်ရမှာ ဘယ်သူ့တာဝန်လဲ။ ဒါအုပ်ချုပ်ရေးပိုင်းဆိုင်ရာရဲ့တာဝန်ပဲ။ တရားဥပဒေစိုးမိုးရေးနဲ့စောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ကျောင်းသားတစ်ဦး- ကျွန်တော်သိချင်တာ ပညာရေး၊ လူတိုင်းပညာတတ်ချင်တယ်။ ပညာကိုသိအောင်လုပ်ရမယ်။ ဥပဒေကို နားလည်ရမယ်။ အဲဒါကို အမေစုကြည့်ပြီးစီစဉ်ပေးပါ။ ခုဟာက ဘာသာရေးမှာ ပညာရေးရှိတယ်ပေါ့နော်။ အမေစု ကျွန်တော် အမေစုကို ပုံမှန်မေးတာပေါ့နော်။ အခုဟာက ဥပဒေဘယ်သူမှ မတတ်ဘူး။ အဲဒီဥပဒေဘယ်သူမှမတတ်လို့ လူတွေခံနေရတာ။**

အဲဒါက ဥပဒေရေးဆွဲတဲ့သူတွေတောင်မှ အချို့က မတတ်တတတ်ပါပဲ။ ကျွန်မကိုယ်ကျွန်မ ပြောတာပါ။ ဘာလို့လဲဆိုတော့ ကျွန်မက လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ဆိုတော့ ဥပဒေပြုဆိုင်ရာပေါ့နော်။ ကျွန်မလဲ ခုမှ သင်ယူနေရတာပါ။ ဘာလို့လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာဆိုလို့ရှိရင် ဒီလိုတရားဥပဒေစိုးမိုးရေးဆိုတာလည်း မရှိခဲ့တာကြာပြီ။ နောက်ပြီးတော့ လွှတ်တော်ဆိုတာလည်း မရှိခဲ့တာကြာပြီ။ ဆက်ပြီးမေးချင်လို့လား မေးလိုက်ပါ။

**အမေစု ကျွန်တော်တို့ ကျောင်းတွေပေါ့နော်။ဥပဒေပညာတအားဖွင့်ပေးစေချင်တယ်။**

သား၊ ကျောင်းတွေအကြောင်းမပြောနဲ့။ တက္ကသိုလ်က ဥပဒေတောင်မှ အဆင့်မမီသေးလို့ကြိုးပမ်းနေရတယ်။ ကြိုးစားပါ့မယ်။ မူလတန်းအဆင့်ကနေပြီးတော့ ကြိုးစားရမယ်။ ကျွန်မတို့ဟာ အဓိကအားဖြင့် ကျွန်မတို့ကလေးတွေဟာ မူလတန်းအဆင့်ရောက်အောင်တင်မကဘူး။ မူလတန်းအဆင့်မှာ သင်ရတာ လုံလောက်ရမယ်။ အဲဒီကနေစရမှာ။ အခုကျွန်မတို့ တက္ကသိုလ်မှာ ဥပဒေပညာအဆင့်မြှင့်ရေးအတွက် အင်မတန်မှ ကြိုးစားနေပါတယ်လို့ ပြောပါရစေ။

**ကျောင်းသားတစ်ဦး- ကျွန်တော်တို့ကတော့ နိုင်ငံတကာ ဆက်ဆံရေးပညာလေ့လာနေတဲ့ ကျောင်းသားတွေပါ ခင်ဗျ။ ကျွန်တော်တို့ အဓိက သိချင်တာက ကျွန်တော်တို့က အမေစုကို သမ္မတဖြစ်စေချင်ပါတယ်။ ကျွန်တော်တို့စဉ်းစားရမယ့်ကိစ္စတွေက အခြေခံဥပဒေကိစ္စတွေပေါ့လေ။ အဲဒါတွေနဲ့ ပတ်သက်လို့ အမေစုသိမြင်နိုင်တဲ့ သုံးသပ်နိုင်တဲ့ အနေအထားတွေနဲ့ ဘယ်လိုလုပ်ရင် အဆင်ပြေနိုင်မယ်ဆိုတာလေးတွေ ပြောပြစေချင်ပါတယ်။**

ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တကယ်တော့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်နဲ့ မကိုက်ညီတဲ့ဥပဒေဖြစ်တယ်။ ဒါကျွန်မရှင်းရှင်းလင်းလင်းပြောတာ။ အချို့က ပြောတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်သူတွေက လက်ခံပြီးတော့ အတည်ပြုခဲ့တာပါလို့။ အဲဒါကို ကျွန်မ သိပ်မယုံချင်ဘူး။ အဲဒီအချိန်တုန်းက တစ်ခုတော့ ပြောနိုင်တယ်။ ကျွန်မက လုံးဝမထောက်ခံခဲ့ဘူး။ ကျွန်မက အကျယ်ချုပ်ဘဝအနေနဲ့ပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ကန့်ကွက်မဲထည့်ခဲ့တယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေက ထောက်ခံတဲ့ ၉၂ ရာခိုင်နှုန်းဆိုတာ ကျွန်မကတော့ စဉ်းစားစရာလို့ စိတ်ထဲမှာ ဒီလိုပဲရှိပါတယ်။ အဲဒီတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မတို့ ပြုပြင်ဖို့ ကြိုးစားရမယ်။ ဒီလိုပြုပြင်ဖို့ ကြိုးစားတာနဲ့ ပတ်သက်လို့ ကျွန်မတစ်ခုပြောချင်တယ်။ ကျွန်မတို့ မကြာခင်ကာလတွေအတွင်းမှာနေပြည်တော်မှာလွှတ်တော်ကိုယ်စားလှယ်တွေ ပိုပြီးတော့ တရားရေးနဲ့ ပတ်သက်ပြီးတော့ နားလည်ဖို့ ဥပဒေနဲ့ ပတ်သက်ပြီး နားလည်နိုင်ဖို့ ကျွန်မတို့သင်တန်းတွေစီစဉ်တယ်။ သင်တန်းတွေ စီစဉ်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့လည်း သင်တန်းတစ်ခုပြုလုပ်ခဲ့တယ်။ အဲဒီသင်တန်းမှာ လာပြီးတော့ စကားပြောတဲ့ အမေရိကန်ပြည်ထောင်စုက နာမည်ကြီးတက္ကသိုလ်က ဘယ်လိုပြောသွားလဲဆိုတော့ သူတစ်ကမ္ဘာလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာခဲ့ပြီးပြီတဲ့။ ဒီနိုင်ငံက ဥပဒေလောက် ပြင်ရခက်တဲ့ ဥပဒေတစ်ခါမှ မတွေ့ဖူးဘူးတဲ့။ အဲဒီဟာကိုက ပြောင်းလဲဖို့လိုပြီလို့ ပြောသွားပါတယ်။ ကျွန်မတို့လဲ ဒီအတိုင်းပဲ ကြိုးစားသွားမယ်။ ကျွန်မက ဘာမဆို အေးအေးချမ်းချမ်းနဲ့ စည်းကမ်းဘောင်အတွင်းက ဖြစ်စေချင်တယ်။ အဲဒီလိုဖြစ်စေချင်တယ်ဆိုတာက ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ကိုကြည့်ပြီး ဖြစ်စေချင်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ ဥပဒေ ဘောင်အတွင်းက လုပ်တဲ့ အလေ့အကျင့်ဖြစ်သွားပြီဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် ကျွန်မတို့ အများကြီးစိတ်ချရပြီ။

**ကျွန်မက မောရစ်သျှနိုင်ငံက လာတာပါ။ ကျွန်မ ဒီနိုင်ငံကို ရောက်တာ နှစ်ရက်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ဒီနှစ်ရက်အတွင်းမှာတောင်မှ မြန်မာနိုင်ငံရဲ့ အလားအလာတွေ ကောင်းတယ်ဆိုတာမြင်ရပါတယ်။ ကျွန်မရဲ့အတွေးအခေါ်အရ ဒီနိုင်ငံဟာ ထွန်းသစ်စနေမင်းကြီးလိုတစ်နေ့ထက်တစ်နေ့တိုးတက်လာမယ်လို့ကျွန်မယုံကြည်ပါတယ်တဲ့။ အဲဒါကြောင့် နိုင်ငံခြားမှာရောက်နေတဲ့ အရည်အချင်းပြည့်စုံတဲ့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ ပြန်လာပြီးတော့ မိမိတို့နိုင်ငံကို ကူညီဖို့ အားပေးပါ၊ တိုက်တွန်းပါလို့ အကြံပြုပါတယ်။**

*(သူမ၏မေးမြန်းချက်ကိုဒေါ်အောင်ဆန်းစုကြည်က ဘာသာပြန်ဆိုပြောပေးကာအဖြေပေးသည်။)*

ကျွန်မတို့နိုင်ငံနဲ့ ဘာမှမပတ်သက်တဲ့ နှစ်ရက်သာ အလည်လာနေတဲ့ နိုင်ငံခြားသူတစ်ယောက်က နေပြီးတော့ ကျွန်မတို့ နိုင်ငံတိုးတက်ဖို့အတွက် နိုင်ငံခြားရောက် နိုင်ငံသူ၊ နိုင်ငံသားများ ဖိတ်ခေါ်သင့်တယ်ဆိုလို့ရှိရင် ကျွန်မတို့ အဝေးရောက် နိုင်ငံသူ၊ နိုင်ငံသားများကလဲ ကိုယ့်နိုင်ငံ တိုးတက်ဖို့အတွက် ကောင်းမွန်ဖို့ ဝင်ရောက်ပြီးတော့ ကူညီလို့ရတဲ့ ကဏ္ဍကနေပြီး ကူညီကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ ။

(တစ်)

အင်းဝအခြေစိုက် ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)နှင့် မကြာခဏခရီးသွားဖြစ် ကြစဉ်ပြည်တွင်းစစ်နှင့်ပတ်သက်၍ ဆရာဦးကို လေးပြောလေ့ရှိသည့်စကားတစ်ခွန်းကို ကျွန်တော်အလွန်သဘောကျပါသည်။ ပြည်တွင်းစစ်ဆိုတာ ခဲးကို ဘယ်တစ်လက်ညာတစ်လက်ကိုင်ပြီး တစ်ယောက်တည်းရန်ဖြစ် နေတာနဲ့တူတယ်ဗျတဲ့။ ဘယ်လက်ကပဲ ညာလက်ကိုခုတ်ခုတ်၊ ညာလက်ကပဲ ဘယ်လက်ကိုခုတ် ခုတ်ပြတ်တာက ကိုယ့်လက်ပဲလေ တဲ့။

မှန်ပါသည်။ ကချင်စစ်သား ပဲကျကျ၊ ကရင်စစ်သားပဲကျကျ၊ ရှမ်းစစ်သားပဲကျကျ၊ မြန်မာစစ်သားပဲကျကျ ဘယ်သူ့ဘက်က ဘယ်လောက်ကျကျ အားလုံးက မြန်မာနိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေချည်းသာ ဖြစ်ပါသည်။ အကုန်လုံးအရှုံးတွေချည်း။ အနိုင်ဟူသည်မရှိ။

(နှစ်)

တိုင်းပြည်နိုင်ငံတစ်ခု ဆင်းရဲမှုရွံ့နွံကြီးအတွင်းသို့ သက်ဆင်းသွားရခြင်းနှင့်ပတ်သက်၍ ပညာ ရှင်တို့ သဘောတူလက်ခံထားသောအချက်တော်တော်များရှိရာ သဘာဝသယံဇာတပေါများခြင်းတဲ့၊ ပညာတတ်နည်းပါးခြင်းတဲ့၊ အိမ်နားနီးချင်းကောင်းမရှိခြင်းတဲ့၊ အစိုးရကောင်းတစ်ရပ် မရှိခြင်း တဲ့၊ ပြည်တွင်းစစ်တာရှည်ခြင်းတဲ့ စသည် . . . စသည်။

ကျွန်တော်တို့နိုင်ငံ၌ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည်မှ စတင်၍ ရေတွက်သော် ယခု ၂၀၁၃ ခုနှစ်၌ပြည်တွင်းစစ်သက်တမ်း ၆၅ နှစ်ရှိပါလေပြီ။ မုဆိုးမပေါင်းများစွာ၊ နိုင်ငံသားတို့၏ အသက်ပေါင်းများစွာ၊ ခြေပြတ်လက်ပြတ်ပေါင်းများစွာ၊ မိဘမဲ့ကလေးပေါင်းများစွာ လူတို့စွန့်ခွာထွက်ပြေးရသည့် ရွာပေါင်းများစွာ စသည်စသည်ဖြင့်အနိဋ္ဌာရုံအကြွင်းတွေကျန်ရစ်ခဲ့သော်လည်း ထိုသင်္ချာပုစ္ဆာကြီးတွင် ရလဒ်ဟူ၍ မည်မည်ရရမရှိ။ စစ် သည်အဖြေမှန်ကို ဘယ်သော အခါကာလတွင်မှမပေး။




# ဘားတိုးဘရက်ချ်ရဲ့ စစ်သားမိန်းမ ဘာတွေရလဲ

မောင်သာချို

(သုံး)

သည်ရက်တွေထဲ ရန်ကုန်မြို့ တစ်နေရာရှိ Myanmar Media Library တွင်ပြသခဲ့သည့် ကချင်စစ်ပွဲ အမှတ်တရဓာတ်ပုံပြပွဲ မှ အပြန် ဘာကြောင့်မှန်းမသိ ဂျာမန်ကဗျာဆရာကြီး ဘားတိုးဘရက်ချ်ကို သွားပြီးသတိရနေမိပါသည်။

ဘားတိုးဘရက်ချ် (Bertolt Brecht)။ ဂျာမန်ပြဇာတ်ရေးဆရာ၊ ပြဇာတ်ဒါရိုက်တာ၊ ကဗျာဆရာ။ မွေးတာက ၁၈၉၈ ခု၊ ဖေဖော်ဝါရီလ ၁၀ရက်။ ဆုံးတာက ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်။ Augsburg မြို့မှာမွေး၍ East Berlin မှာ သေသူ။

ဘားတိုးဘရက်ချ်က စစ်မုန်းသူဖြစ်ပါသည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်၏ ထိပ်တန်းတရားခံ ဟစ်တလာကို သူအလွန်မုန်းပါသည်။

ဟစ်တလာက ၁၉၃၈ခုနှစ်တွင် ဩစတြီးယားကိုတိုက်သည်။ ၁၉၃၉ တွင် ချက်ကိုတိုက်သည်။ ပိုလန်ကိုတိုက်သည်။ ၁၉၄၀ ခုနှစ်တွင်ဒိန်းမတ်ကိုတိုက်သည်။ နော်ဝေးကိုတိုက်သည်။ နယ်သာလန်ကိုတိုက်သည်။ ဘယ်လ်ဂျီယံကိုတိုက်သည်။ လူဇင်ဘာ့ဂ်ကိုတိုက်သည်။ ပြင်သစ်ကိုတိုက်သည်။ ၁၉၄၁ ခုနှစ်တွင်ရုရှကိုတိုက်သည်။ သည့်အတွက် ဂျာမန်စစ်သားပေါင်းများစွာ၏ အသက်နှင့်ခန္ဓာတို့ကို စတေးခဲ့ရသည်။

တိုက်ပွဲပေါင်းများစွာတို့၏ နိုင်ခြင်းများနှင့် ရှုံးရခြင်းတို့ အတွက် ဟစ်တလာ့ဂုဏ်ရောင်မည်သို့ထွန်းပြောင်သည်မထွန်းပြောင်သည်ကိုအသာထား။ စစ်သားကလေးတို့၏ ဇနီးသည်များက ဘာများအကျိုးအမြတ်တွေရခဲ့ပါသလဲ ဆိုသည်ကို ဘားတိုးဘရက်ချ်က ကဗျာဖွဲ့ထားခဲ့ဖူးပါလေသည်။

ဆရာတင်မောင်အေးဘာသာပြန်ဆိုခဲ့ပုံကလေး လက်ဆင့်ကမ်းပါရစေလား။

ပရိတ်မြို့တော်ကြီးကို
ဟစ်တလာရဲ့
နာဇီတပ်မတော်ကြီးသိမ်းစဉ်က
စစ်သားမိန်းမ ဘာတွေရသလဲ။
ပရိတ်မြို့တော်က
ဒေါက်မြင့်ဖိနပ်ကြီးတွေ
ရတယ်လေ
အောင်သတင်းနဲ့
အောင်ဆုမွန်တွေ တောင်းတဲ့
စာတွေရယ်
လက်ဆောင်ရယ်
စစ်သားမိန်းမ
ဒေါက်မြင့်ဖိနပ်ကြီးတွေရခဲ့တယ်။
ဩစထရီးယားနိုင်ငံ
အော့စလိုမြို့ကို ကျူးကျော်စဉ်က
အော့စလိုမြို့တော်က
သားမွေးအထည်စကလေး
တစ်ခုရတယ်
သဘောကျမယ်လို့တော့
ထင်တာပဲဆိုတဲ့စာနဲ့အတူ
စစ်သားမိန်းမ
သားမွေးအထည်စ
တစ်စရခဲ့တယ်။
အမ်စတာဒမ်သူဌေးမြို့တော်က
စစ်သားမိန်းမ
ဘာတွေရသလဲ။
အမ်စတာဒမ်မြို့တော် ကတော့
ဦးထုပ်ကလေးတစ်လုံး
ရတယ်လေ
ချက်ပြည်ဖြစ်
ဦးထုပ်ကလေးကလှသမို့
လိုက်ဖက်လှပမှာပဲတဲ့
စစ်သားမိန်းမ
ဦးထုပ်တစ်လုံးရလိုက်ပါတယ်။
ဘယ်လ်ဂျီယံမြို့တော်
ဘရပ်ဆဲကို
နာဇီတွေကျူးကျော်တော့
စစ်သားမိန်းမ
ဘာတွေရသလဲ။
ဘရပ်ဆဲနိုင်ငံက
ရှားပါးလှတဲ့လည်ဆွဲတစ်ခုရတယ်
ပျော်စရာပါပဲ
ဝမ်းသာစရာပါပဲ
စစ်သားမိန်းမ
ဘရပ်ဆဲနိုင်ငံက လည်ဆွဲတစ်ခု
ရတယ်။
အလင်းရောင်တွေ
ဝေဝေရွှန်းပနေတဲ့
ပါရီမြို့တော်က
စစ်သားမိန်းမ
ဘာတွေရသလဲ။
ပါရီမြို့တော်က
ပိုးဂါဝန်ပုံကျကျတစ်ထည်
ရတယ်။
တစ်နယ်လုံးသိတယ်
စစ်သားမိန်းမ
ပိုးဂါဝန်တစ်ထည်ရတယ်။
ရူမေးနီးယားနိုင်ငံ
ဘူခါရက်ကို
ဟစ်တလာစစ်တပ်တွေ
ရောက်တော့
စစ်သားမိန်းမ
ဘာတွေရသလဲ။
ဘူခါရက်မြို့တော်က
ဂါဝန်ကားကားဖားဖားပွပွ
ကြီးရတယ်။
ကြည့်ရဆန်းပြီး
ဝတ်ရတာရယ်စရာသိပ်
ကောင်းတယ်
စစ်သားမိန်းမ
ဂါဝန်ကားကားကြီးတစ်
ထည်ရတယ်။
နှင်းနိုင်ငံ ရုရှားပြည်က
စစ်သားမိန်းမ
ဘာတွေရသလဲ။
မုဆိုးမအထိမ်းအမှတ်
ဝတ်စုံနက်ပဲလက်ခံရတယ်။
ဝမ်းနည်းကြေကွဲတာမို့
လင်သည်ရဲ့
သေဆုံး မှုအထိမ်းအမှတ် ပေါ့
စစ်သားမိန်းမ
ဝတ်စုံနက်တစ်စုံရပါတယ်။

ဆရာတင်မောင်အေး ဘာသာပြန်ဆိုဖူးခဲ့တဲ့ ဂျာမန်ကဗျာ အကျော်အမော်ဘားတိုးဘရက်ချ်ရဲ့ လက်ရာ စစ်ဆန့်ကျင်ရေးကဗျာ တစ်ပုဒ်ပါ။

ဘားတိုးဘရက်ချ်က စစ်ပွဲတို့ အနိုင်ရလေသောအခါ စစ်သားမိန်းမတို့ ဂါဝန်ကလေး၊ ဦးထုပ်ကလေး၊ ဒေါက်မြင့်ဖိနပ်ကလေး၊ သားမွေးအထည်ကလေး၊ လည်ဆွဲကလေးရဖြင့်သာ ကျေနပ်ကြရပုံကို ဂျာမနီနာဇီတို့ တစ်နိုင်ငံပြီးတစ်နိုင်ငံ၊ တစ်မြို့ပြီးတစ်မြို့ အောင်ပွဲဆင်သွားပုံဖြင့်ဖော်ပြပြီး ရုရှ၌ စစ်သားတို့ကျဆုံးလေသော အခါဝမ်းနည်းမှုဝတ်စုံအနက်တစ်ထည်သာရကြောင်းဖြင့် အောင်မြင်ခြင်း၊ ကျရှုံးခြင်းတို့သည် စစ်သားတို့အတွက် ဘာမှမည်မည်ရရမရှိလှပါကြောင်း ရေးဖွဲ့ထားခဲ့ခြင်းပင်ဖြစ်ပါသည်။

ဒါက သူတို့ရဲ့ကျူးကျော်စစ်။

ကျွန်တော်တို့က ပြည်တွင်းစစ်။

ဘယ်သူပဲကျဆုံး ကျဆုံး ကျွန်တော်အားလုံးကျဆုံးတာပဲ မဟုတ်ဘူးလား။ ဘယ်လက်ပြတ်တော့လည်း ကိုယ့်လက်ပြတ်တာ၊ ညာလက်ပြတ်တော့လည်း ကိုယ့်လက်ပြတ်တာ။ သူနိုင်လို့လည်း ပျော်ဖို့မကောင်း၊ ကိုယ်နိုင်လို့လည်းပျော်ဖို့မကောင်း။

စစ်သားမိန်းမ ဘာတွေရလဲ ဆိုတာ ညီနောင်ချင်းစစ်ခင်းတဲ့ပွဲမှာ မေးဖို့မကောင်းတဲ့မေးခွန်းပါ။ ။

---

**စာမျက်နှာ(၂၄)မှ**

## ကိုယ်ချင်းစာနာတတ်ကြပါစေ

စာမျက်နှာ(၂၄)မှ

လယ်လုပ်တဲ့ တောင်သူအချင်းချင်း ကောက်လှိုင်းသယ်ချိန်တွေမှာ လှည်းလမ်းအတိအကျမရှိသော်လည်း အချင်းချင်းနားလည်မှုကြောင့် ဟိုးအရင်တုန်းကအတိုင်း လှည်းလမ်းပေးခဲ့ရတယ်ဆိုတဲ့ အကြောင်းပြောပြပါတယ်။ စပါးစိုက်တဲ့တောင်သူတွေအတွက် လုံးလည်ချာလပတ် ရိုက်နေရတဲ့ဘဝဆိုတာ ထီးကြီးရပ်ထဲက ကိုအေးသိန်းက ပြောပြပါတယ်။ စပါးစိုက်ပြီဆိုတာနဲ့ မိမိရှိတဲ့ လက်ဝတ်လက်စားလေးတွေ ပေါင်နှံပြီး စိုက်ပျိုးရေးဆေးဝယ်လိုက် လုပ်အားခရှင်းလိုက်နဲ့ကုန်တော့တာပဲ။ စိုက်ပျိုးရေးဆေးဆိုရင် စပါး ပဲပုတ်ထဲရောက်တဲ့အထိ လိုအပ်နေတာဖြစ်လို့ စပါး၊ ပဲရောင်းပြီးတာနဲ့ ပေါင်နှံထားတဲ့ လက်ဝတ် လက်စားလေးတွေ ပြန်ရွေးနိုင်လို့ အပိုဘာမှ မရှိကြောင်း ပြောပြပါတယ်။ စိုက်ပျိုးရေးဆေးလည်း ဂရုစိုက်ပြီး ကိုင်တွယ်အသုံးပြုရကြောင်း စပါး၊ ပဲ အခင်းထဲက ပိုးတွေသေမသေတော့ မသိဘူး။ ပြီးခဲ့တဲ့နှစ်က မြောက်ဘက်ရွာက တောင်သူတစ်ဦးက ဆေးဖျန်းရင်းနဲ့ ခါးပုံစ ထဲထည့်ထားတဲ့ ကွမ်းယာယူစားမိတာ သေပါလေရော။ နောက်တစ်ဦးက ဆေးဖျန်းရင်းနဲ့ ပိုက်ခေါင်းချေးစို့နေ၍ ပါးစပ်နှင့် မှုတ်လိုက်တာ သေပြန်ရော။ လယ်သမားများအတွက် တစ်ရာသီ စပါးစိုက်စိုက်၊ ပဲစိုက်စိုက် ရင်းနှီးမြှုပ်နှံမှုများပါတယ်။ လက်ရှိကုန် ဈေးနှုန်းနဲ့ မိသားစုဘဝရပ်တည်မှုလုံးဝ မဖြစ်နိုင်သည့်အတွက် ငွေကြေးရရှိမှုများပြားသည့် အခြားနိုင်ငံကို အလုပ်သွားလုပ်တဲ့သူတွေ ကျေးလက်တောရွာတွေမှာ အများဆုံးတွေ့ရှိရပါတယ်။ အချို့လည်း တစ်ဖက်နိုင်ငံရောက် တစ်ဖက်နိုင်ငံက ရဲတွေနဲ့လုပ်ငန်းပိုင်ရှင်တွေနဲ့ပေါင်းပြီး မြန်မာအလုပ်သမားတွေကို ပြဿနာရှာကြတယ်။ ပြဿနာတက်၍ ဒုက္ခတွေရောက်ပြီးပြန်လာတဲ့သူတွေ ကျေးလက်နေ တောသူတောင်သားများ အများဆုံးတွေ့ ရပါတယ်။ တစ်ဖက်နိုင်ငံကို အလုပ်ရဖို့အတွက် ပွဲစားက စီစဉ်ရမှာဆိုတော့ နယ်စပ်ကပါလာတဲ့ ငွေကြေးဖြင့် စားသောက်ပြီး စောင့်ပေဦးတော့ ပွဲစားက လိမ်သွားတာလည်း ခံရသေးသည်။ ဒါကြောင့် ပုံရိုးရိုးပြောရရင် ဆူးပေါ်ဖက်ကျ ဖက်ပေါ်ဆူးကျ၍ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်တာပါပဲလေ။ လုပ်ကိုင်စားသောက်ရတာချင်းအတူတူ စည်းမဲ့ကမ်းမဲ့တစ်ဖက်သားဆုံးရှုံးနစ်နာမှု မဖြစ်အောင်အတတ်နိုင်ဆုံး စောင့်ထိန်းကြပါလို့ အကြံပြုရေးသားလိုက်ရပေသည်။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဉက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**



# ပြည်ထောင်စုငြိမ်းချမ်းရေး

**ကိုဝမ်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးက အမှန်လိုအပ်လျက် ရှိနေပါပြီ။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးချိန်ကတည်းက ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်း မရှိခဲ့ပါ။ အလံဖြူ အလံနီ ကွန်မြူနစ်များ၊ ပြည်သူ့ရဲဘော်ဖြူ ပြည်သူ့ရဲဘော်ဝါ၊ ရောင်စုံသူပုန်များ၊ ကရင်အမျိုးသားများ၏ ကေအင်န်ဒီအို လက်နက်ကိုင်များ စသည်တို့ ဆူပူသောင်းကျန်းခဲ့ရာကာလတစ်ခုတွင် ရန်ကုန်အစိုးရ (Rangoon Government) ဟူ၍ပင် နိုင်ငံခြားသတင်းစာများက ခေါ်ဝေါ်ရေးသားခံခဲ့ရသည်။ ထို့နောက် ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ရိုးမက ဗ. က. ပများ၊ ကေအင်န်ဒီအိုတစ်ဖြစ်လဲ ကေအင်န်ယူအဖွဲ့အစည်း၊ ကေအိုင်အေ၊ ပအိုဝ်း၊ ကရင်နီ၊ မွန်၊ ချင်းစသည့် လက်နက်ကိုင် အဖွဲ့အစည်းအသီးသီးတို့ ပေါ်လာခဲ့ပြန်သည်။

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံသည် မ. ဆ. လ တစ်ပါတီအာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ်များအောက်တွင် အိမ်နီးချင်းနိုင်ငံများထက် နှစ်ပေါင်းငါးဆယ်ခန့် နောက်ကျကျန်ရစ်ခဲ့သည်။

တောင်တန်းနေပြည်သူတို့မှာ မိအေးနှစ်ခါနာ ဖြစ်ခဲ့ရသည်။ တိုင်းပြည်က နောက်ကျကျန်ရစ်ခဲ့သည့်အထဲ တောင်တန်း ပြည်သူတွေဘဝက မငြိမ်းချမ်းရပြန်လို့ ဖြစ်သည်။ ဤသို့နှင့် ကရင်အမျိုးသား စစ်ပြေးဒုက္ခသည်များ နယ်စပ်ရှိ ဒုက္ခသည်စခန်းများသို့ ရောက်သွားကြသည်။ သည်အထဲက အချို့က ကုလသမဂ္ဂစစ်ပြေးဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (United Nations High Commissioner for Refugees-UNHCR) ရုံး၏ အစီအစဉ်ဖြင့် တတိယနိုင်ငံများသို့ ရောက်သွားခဲ့ကြသည်။ ကြေကွဲဖို့ရာ ကောင်းပါသည်။ နှမြောဖို့ရာ ကောင်းပါသည်။

ကိုယ့်အိမ်မှာ မငြိမ်းချမ်းရာက သွေးချင်းတို့အဝေးသို့ရောက်ရသည်။ ပို၍ဝေးသောနေရာသို့လွင့်ခဲ့ကြရသည်။ ဤပုဂ္ဂိုလ်များ အထူးသဖြင့် နယ်စပ် ဒုက္ခသည်စခန်းနေပုဂ္ဂိုလ်များ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်ရွာ ပြန်ရောက်ဖို့ရာလည်း သင့်ပါပြီ။

ယင်းသို့ ညီနောင်သားချင်းတို့ အိမ်ပြန်လာကြဖို့ရာအတွက် စိတ်ချလုံခြုံသော အလုံးစုံငြိမ်းချမ်းရေးကို လိုအပ်ပါသည်။ ငြိမ်းချမ်းရေး။ မည်ကဲ့သို့သော ငြိမ်းချမ်းရေးမျိုးလဲ။ အင်အားရှိသူက ထင်သလို အနိုင်ကြဲပြီးကာမှ ကြောက်ရွံ့သဖြင့် ငြိမ်ဝပ်ပိပြားရသော ငြိမ်းချမ်းရေးလား။ သို့တည်းမဟုတ် မိမိတို့အချင်းချင်း မတူကွဲပြားမှုတွေကို စိတ်ရင်းကောင်း စေတနာကောင်းနှင့် အဖြေရှာ၍ရသော ငြိမ်းချမ်းရေးမျိုးလား။ တစ်မြေတည်းနေ တစ်ရေတည်းသောက် သဘာဝလက္ခဏာတူသူ အချင်းချင်းတို့အကြားဖြေရှင်း၍မရသော ပြဿနာဟူ၍ မရှိနိုင်ပါ။ မည်သူကမှ နိုင်ဖို့မလိုသလို မည်သူကမှ အရှုံးပေးဖို့ရာလည်း မလိုပါ။ မေတ္တာကို အခြေခံဖြေရှင်းဖို့ရန်ပဲ လိုအပ်ပါသည်။

> မိမိတို့သည် ညီနောင်သားချင်းများဖြစ်သည်။ မိမိက သူ့ကိုနိုင်လျှင်လည်း မကောင်းသလို သူက မိမိကိုနိုင်သည်လည်း မကောင်းပါ။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဗမာကြီးဝါဒမရှိသလို ရှမ်းကြီးဝါဒ၊ ရခိုင်ကြီးဝါဒဟူ၍ မရှိပါ။ မရှိသင့်ပါ။ ပြည်မပြည်နယ် မရှိသလို ပြည်မသား၊ ပြည်နယ်သားဟူ၍ မရှိပါ။ မြေပြန့်တွင် နေထိုင်သူနှင့် တောင်တန်းတွင်နေထိုင်သူဟူ၍ပဲရှိပါသည်။

ယင်းသို့မိမိတို့အိမ်သားချင်း ညှိနှိုင်းဆွေးနွေးကြရာဝယ် ပြင်ပက လူတစ်စုံတစ်ရာ မလိုအပ်ပါ။ ပြင်ပကလူ ပါဝင်လာကာ ပြင်ပလူ၏ ဩဇာသက်ရောက်လာပါလိမ့်မည်။ ပြည်တွင်းရှိ ညီနောင်သားချင်းများနှင့်ပင် လုံလောက်ပါသည်။ ဟိုဘက်အိမ်ကလူ၊ ဒီဘက်အိမ်ကလူဟူသည် သူ၏အကျိုးစီးပွားကို မျှော်ရှု၍သာ ပါဝင်ပါလိမ့်မည်။ အိမ်သားချင်းညှိနှိုင်းရာဝယ် အပြင်လူကို သက်သေထားရသည်ဆိုခြင်းသည် မိမိတို့၏ကိုယ်စိတ်ဂုဏ်သိက္ခာလည်း ပျက်ယွင်းစေပါသည်။

မြတ်ဗုဒ္ဓက 'သမဂ္ဂါနံ-တပေါ-သုခေါ' ညီညွတ်ခြင်းသည် ချမ်းသာ သုခကိုဖြစ်စေ၏ဟု မိန့်ဆိုခဲ့သည်။ ငြိမ်းချမ်းရေးဟူသော ချမ်းသာသုခရဖို့ရန် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်း နည်းလမ်းပဲ ရှိပါသည်။ အလုံးစုံသော ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သရွေ့ ဤနိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းစက ကွယ်ပျောက်နေမည်သာဖြစ်ပါသည်။

တစ်ခု စဉ်းစားကြရအောင်ပါ။ ပြည်ပ အန္တရာယ်တစ်ခုကို ရင်ဆိုင်ရဖို့ရာ ရှိလာခဲ့သော်။ ဤကဲ့သို့ အကွဲကွဲအပြားပြား ညီညွတ်မှုမရသေးဘဲ မည်ကဲ့သို့ ရင်ဆိုင်ကြမည်နည်း။ ပြည်တွင်းအင်အားစု အားလုံး၏ ညီညွတ်မှုသည်သာ ဤတိုင်းပြည်၏ ခွန်အားဖြစ်သည်။ သို့သော် ပြည်တွင်းအင်အားစု၏ ညီညွတ်မှုကို မည်ကဲ့သို့ ရရှိနိုင်မည်လဲ။ တစ်ဦးဦး တစ်ဖက်ဖက်က အသာစီးရမှု၊ အပေါ်စီးရမှုဖြင့် ညီညွတ်ရေးကို မရနိုင်ပါ။ တရားမျှတမှု၊ တန်းတူညီမျှမှုဖြင့်သာ ညီညွတ်ရေးကိုတည်ဆောက်နိုင်ပါမည်။

မိမိတို့သည် ညီနောင်သားချင်းများဖြစ်သည်။ မိမိက သူ့ကိုနိုင်လျှင်လည်း မကောင်းသလို၊ သူက မိမိကိုနိုင်သည်လည်း မကောင်းပါ။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဗမာကြီးဝါဒ မရှိသလို ရှမ်းကြီးဝါဒ၊ ရခိုင်ကြီးဝါဒ ဟူ၍ မရှိပါ။ မရှိသင့်ပါ။ ပြည်မ ပြည်နယ်မရှိသလို ပြည်မသား၊ ပြည်နယ်သားဟူ၍ မရှိပါ။ မြေပြန့်တွင် နေထိုင်သူနှင့် တောင်တန်းတွင် နေထိုင်သူဟူ၍ပဲ ရှိပါသည်။ ဒါကလည်း မိရိုးဖလာအစဉ်အလာအရ မိမိတို့နှစ်သက်ရာနေရာတွင် နေထိုင်ကြတာပဲရှိသည်။ မြေပြန့်မှာပဲ နေနေ၊ တောင်တန်းမှာပဲ နေနေ အားလုံးတွင် ပြည်ထောင်စုမြန်မာနိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးတန်းတူညီရှိသည်။ တန်းတူညီရှိဖို့ရာ လိုအပ်သည်။

မိမိတို့အချင်းချင်းဝယ် တန်းတူညီမျှမှု စိတ်ဓာတ်တွေ၊ တရားမျှတမှု စိတ်ဓာတ်တွေ၊ အေးအတူပူအမျှစိတ်ဓာတ်တွေ မမွေးမြူကြဘဲနှင့်ကား အေးချမ်းသာယာသော ဖွံ့ဖြိုးတိုးတက်သော ရွှေပြည်တော်ဟူသည် မျှော်လေတိုင်းဝေး၍ နေပေလိမ့်ဦးမည်။

Business
7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# တရိပ်ရိပ်တက်နေသော အိမ်ခြံမြေဈေးကွက် ပလုံစီလေမလား

**ခင်မေဇော်(ဝါရှင်တန်ဒီစီ)**

မြန်မာနိုင်ငံရှိ အိမ်ခြံမြေဈေးများ အလွန်တရာ မြင့်တက်လျက်ရှိရာ ရန်ကုန်တွင်ရှိသည့်မြေဈေးက ထိုင်းနိုင်ငံဘန်ကောက်မြေဈေးထက်ပင် ပိုမိုမြင့်မားနေသည်။ လက်ရှိတွင် လိုအပ်ချက်များပြားနေပြီး ပံ့ပိုးနိုင်သည့် မြေကနည်းပါးနေသဖြင့် ဤသို့ဈေးကြီးလာရခြင်းဖြစ်သည်။ သို့ရာတွင် ခိုင်မာသော စီးပွားရေးပေါ် အခြေခံ၍ ဖြစ်လာသော ဈေးမဟုတ်ဘဲ မြေများကို အစိုးရကချုပ်ကိုင်ထားပြီး ပုဂ္ဂလိက မြေပိုင်ရှင်များကသာ ရောင်းချနေသောကြောင့် ဤသို့ ပလုံစီသော ဈေးများဖြစ်ပေါ်ပြီး မကြာမီကျဆင်းသွားနိုင်သည်ဟု အိမ်ရာ ဆောက်လုပ်သူများက ဆိုသည်။

ဟိုတယ်များ၏ အခန်းများက အရည်အသွေးကောင်းမွန်သော်လည်း လတ်တလောအခန်းအရေအတွက်က မလုံလောက်ကြောင်း စင်ကာပူနိုင်ငံအခြေစိုက် Gaw Capital မှ Goodwin Gaw က ပြောဆိုသည်။ Gaw Capital သည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel ကို ဝယ်ယူလုပ်ကိုင်နေသည့် ကုမ္ပဏီ ဖြစ်သည်။

မကြာသေးမီအချိန်အထိမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စီးပွားရေးအခွင့်အလမ်း နည်းပါးလှသဖြင့်ငွေရှင်များက အိမ်ခြံမြေဈေးကွက်များတွင်သာငွေပုံအောပြီးရင်းနှီးကြသည်ကလည်း အိမ်ရာဈေးနှုန်းများမြင့်မားရသည့်အကြောင်း

**စာမျက်နှာ( ၂၈)သို့**

## ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်း မျက်နှာကြက်ပြင်ရန် တင်ဒါခေါ်မည်

**အိမွန်ကျော်**

**ရန်ကုန်၊ ဇွန်-၇**

ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းရှိစတုရန်းပေ ၂,၀၀၀ ခန့်ရှိသော မျက်နှာကြက်ကို ပြန်လည်ပြုပြင်ရန် မကြာမီရက်ပိုင်းအတွင်း တင်ဒါခေါ်မည်ဟု ဂေါပကအဖွဲ့မှ သတင်းရရှိသည်။

ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းတွင် ရွှေဇဝါယွန်းဖြင့်ပြုလုပ်ထားသော မျက်နှာကြက်ကို မူလပန်းချီလက်ရာမပျက် Aluminium Composite ဖြင့် အသစ်ပြန်လည်ပြုလုပ်မည်ဟု ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ပြောသည်။

"မျက်နှာကြက်ပျက်နေတာတွေပြင်ဖို့ ဈေးပြိုင်ခေါ်ထားပါတယ်။ ရွှေဇဝါယွန်းလုပ်တတ်တဲ့ ပုဂ္ဂိုလ်တွေ လာလုပ်ကြပေါ့"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လုပ်ငန်း ဆောင်ရွက်လိုသူများသည် လုပ်ငန်းသုံးပစ္စည်းများဖြစ်သော ရွှေဆိုင်း၊ Composite ပြား၊ ငြမ်းဝါး အစရှိသည့် ကုန်ကျစရိတ်များကို ကျခံရမည့်အပြင် တပ်ဆင်ပြီးသည်အထိ တာဝန်ယူပေးရမည်ဖြစ်သည်။

ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ဂေါပကရုံး၊ ရွှေနှင့် ရတနာဌာနတွင် ဇွန် ၁၇ ရက်မှ ၁၉ ရက်အတွင်း ဝယ်ယူနိုင်ပြီး ဇူလိုင် ၃၁ ရက်တွင် တင်ဒါပိတ်မည်ဟု သတင်းရရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၃၉ | ၉၄၉ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၅ | ၇၆၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၄၃ | ၁၂၆၁ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၆ | ၃၀. ၆၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၄၅ | ၁၄၆ | ကျပ် |

၂၀၁၃ ဇွန် ၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၂၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၆၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၇. ၅၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၃၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၇. ၀၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၈၅ဒေါ်လာ | | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၇. ၁၇ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၉၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၉၇၈. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၂၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၂၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၅၂၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၆၇၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၉၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၂၀၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၂၃၈၄. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၄. ၆၅ |
| ငွေ | ၁ အောင်စ | ၂၁. ၅၈ |
| ကြေးနီ | ပေါင် | ၃. ၂၇ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇွန် ၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



# အီးယူအခွန်အထူးသက်သာခွင့်ရသော်လည်း လတ်တလော ပြောင်းလဲမှုသိသာစွာမရှိနိုင်သေး

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇွန် - ၉**

ဥရောပသမဂ္ဂ၏ အခွန်အထူးသက်သာခွင့်ရသော်လည်း ယခုနှစ်အတွင်း သိသာသည့်တိုးတက်ပြောင်းလဲမှုများရရှိရန် မလွယ်ကူကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

"ဝယ်သူတွေ စိတ်ဝင်စားအောင်လုပ်ရမယ်။ အရည်အသွေးကိုအခုထက်ပိုပြီးမြှင့်ရမယ်"ဟုမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးနှင်းဦးက ပြောကြားသည်။လက်ရှိ ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရန် ပြည်တွင်းစက်ရုံအချို့ပြင်ဆင်မှုရှိသော်လည်း အများစုမှာ ငွေကြေးအရင်းအနှီးလိုအပ်ချက်ကြောင့် လုပ်ငန်းများအကောင်အထည်မဖော်နိုင်သေးကြောင်း ဦးနှင်းဦးက ဆိုသည်။

"အီးယူရော၊ အမေရိကကရောဝင်ဖို့ပြင်ဆင်နေတဲ့ အဆင့်ပဲရှိသေးတယ်"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက ဆိုသည်။

ပြည်တွင်း၌ အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးလိုအပ်ချက်ထုတ်လုပ်စွမ်းအားကို အခြေခံသည့် လုပ်အားခ စသည်တို့ကြောင့် အထည်ချုပ်လုပ်ငန်းများ ပြည်တွင်းသို့ဝင်ရောက်ရန် အခက်အခဲဖြစ်နေသည်။ လက်ရှိပြည်တွင်းအထည်ချုပ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမှာ ကိုရီးယားနိုင်ငံသည် အများဆုံးဖြစ်နေပြီး ဂျပန်နှင့် အာဆီယံနိုင်ငံများ ရင်းနှီးမြှုပ်နှံကြကာ အီးယူနှင့်အမေရိကန်နိုင်ငံမှာ အနည်းငယ်သာရှိသည်။

ဥရောပသမဂ္ဂမှ အထူးအခွန်သက်သာခွင့်(GSP)ရရှိသဖြင့် မြန်မာ့ဆန်ကို ယင်းဈေးကွက်များသို့ တင်ပို့မည်ဆိုပါက တစ်တန်လျှင် ဒေါ်လာ ၂၀၀ ကျော် သွင်းကုန်အခွန်သက်သာခွင့်ရမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာချက်ထုတ်ခဲ့သည်။

ဥရောပဈေးကွက်က အရည်အသွေးမြင့် ကုန်ပစ္စည်းများကိုသာ အဓိကဝယ်ယူသဖြင့် ပြည်တွင်းဈေးကွက်တွင် အတန်းစားနှစ်မျိုးကွဲနိုင်ကြောင်းပြည်ပသို့ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်များကဆိုသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)






**စာမျက်နှာ(၂၇)**

## တရိပ်ရိပ်တက်နေသော အိမ်ခြံမြေဈေးကွက် ပလုံစီလေမလား မှ

ရင်းတစ်ခုဖြစ်ကြောင်း Myanmar Capital Advisors မှ Paul Wilson က ပြောသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်း မြေဈေးများကသုံးဆမှငါးဆအထိမြင့်တက်သွားသည်။ အစောပိုင်းအိမ်ရာဆောက်လုပ်သူများအနေဖြင့်လုပ်ကိုင်နိုင်သော်လည်း ယခုလက်ရှိဈေးနှင့်မှု သိပ်အဓိပ္ပာယ်မရှိလှဟု အိမ်ခြံမြေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများက ယူဆကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ နည်းပါးလှသော အဆင့်မီအိမ်ရာများကြောင့် ဈေးမတန်တဆတက်နေမှုများသည်ပလုံစီသည့်သဘောသာဖြစ်ကြောင်း နိုင်ငံတကာစီးပွားရေးလေ့လာသူများကဆိုသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြေလှမ်းစတင်ချိန်ဖြစ်၍ လိုအပ်ချက်ရှိသော်လည်း ယင်းလိုအပ်ချက်က အကန့်အသတ်ရှိသဖြင့် ဈေးနှုန်းများ ပြန်လည်ထိုးကျသွားနိုင်သည်ဟု ဆိုသည်။

ဤသို့ ပုံမှန်မဟုတ်သည့်မတန်တဆဈေးများကို ထိန်းသိမ်းနိုင်ရန်အတွက် မြေများကို အိမ်ရာစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမည့်သူများကို အစိုးရက ဖိတ်ခေါ်ဖွင့်ပေးသင့်သည်ဟု Goodwin Gaw က ဆိုသည်။ ဤသို့ပြုလုပ်ရာတွင် အစိုးရက တွန်းတွန်းတိုက်တိုက်လုပ်ဆောင်သင့်ကြောင်းလည်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ငွေများစွာရှိနေပါသည်။ အစိုးရတရားဝင်ကျောက်စိမ်းရောင်းရငွေကပင် တစ်နှစ်လျှင် ဒေါ်လာသန်းလေးထောင်ရှိနေသည်။ တရားမဝင်ရောင်းချမှုတွင် သန်း ၃၆ ဘီလီယံဖိုးရှိသည့် ကျောက်စိမ်းများက တရုတ်နိုင်ငံသို့ ဝင်နေကြသည်။ ဘိန်းမှရသော တရားမဝင်ငွေများလည်း အများအပြားရှိနေသည်။ ထိုငွေများကို ထားစရာနေရာ ရင်းနှီးစရာနေရာ သိပ်မရှိပါ။ စတော့ဈေးကွက်လည်း မရှိခဲ့။ ထို့ကြောင့် မြေတွင် ရင်းနှီးလိုက်ကြသည်ဟု Paul Wilson က အမေရိကန် နိုင်ငံ လော့စ်အန်ဂျလိစ်မြို့ ဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို ရှောင်ရှားသင့်ကြောင်း ၎င်းက အကြံပြုခဲ့သည်။ မြန်မာပြည်သူများက အိမ်ရာဈေးကွက်အပေါ် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးလျှင် ရင်းနှီးမြှုပ်နှံမည့်သူများ ပိုတိုးလာနိုင်မည်ဟူသော မျှော်လင့်ချက်ကြီးကြီးဖြင့် စောင့်စားနေကြသည်။ သို့သော် မတ်လက ကုန်ဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၁ ဒသမ ၄ ဘီလီယံဒေါ်လာ သာရှိခဲ့ပြီး မြန်မာလူဦးရေ၏ ၁၀ ရာခိုင်နှုန်းမျှသာရှိသော လာအိုနိုင်ငံထက်ပင် မပိုပါ။

ပြီးခဲ့သည့်နှစ်က ရင်းနှီးမြှုပ်နှံမှုများကိုကြည့်လျှင် စင်ကာပူက ဒေါ်လာ ၄၁၈ သန်းနှင့် အများဆုံးဖြစ်ပြီး ယင်းနောက်မှ ဗီယက်နမ်နှင့် တရုတ်တို့ လိုက်ပါလာသည်။ ဂျပန်က ဒေါ်လာ ၅၄ သန်းသာမြှုပ်နှံခဲ့သည်။

ပွင့်လာသော တံခါးများနှင့် လူများစိတ်အားထက်သန်နေသော်လည်း အခြေခံအဆောက်အအုံမရှိမှု၊ လျှပ်စစ်၊ မြေအိမ်ဈေးကြီးမားမှု၊ အရည်အချင်းရှိလူ့စွမ်းအားအရင်းအမြစ်နည်းပါးမှု၊ နီးစပ်ရာစားတော်ခေါ်နေမှုနှင့် လာဘ်စားမှု၊ ရှင်းလင်းမှုမရှိသည့်စည်းမျဉ်းစည်းကမ်းများနှင့် အကူအညီ မဖြစ်စေသည့်အပြင် အစိုးရအရာရှိများက ကုမ္ပဏီများ၏လုပ်ငန်းလမ်းကြောပေါ် ကန့်လန့်အတားအဆီးများဖြစ်နေသည့် ကိစ္စများက နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲများ ဖြစ်သည်ဟု The Wall Street Journal တွင် ဆောင်းပါးရှင် Natasha Brereton Fukui က ရေးသားထားသည်။

7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013



# “လူမှုမီဒီယာတွေသုံးလာတော့ ဆက်သွယ်ရေး ပိုကောင်းတာပေါ့”

## ဂျပန်ဝန်ကြီးချုပ်၏ဇနီး အကီအာဘေးနှင့် ဖေ့စ်ဘွတ်ခ်သုံးစွဲမှုအကြောင်း တွေ့ဆုံခြင်း

ကျော်မျိုး

ယခုအခါ ကမ္ဘာ့ခေါင်းဆောင်တော်တော်များများ ဖေ့စ်ဘွတ်ခ်နဲ့ တွစ်တာလို လူမှုကွန်ရက်တွေ သုံးစွဲပြီး ပြည်သူနဲ့ထိတွေ့ဖို့ ကြိုးစားလာကြတာ ကမ္ဘာတစ်ဝန်းမှာ အထူးအဆန်း မဟုတ်တော့ပါဘူး။ လူမှုကွန်ရက်တွေဟာလည်း နေ့စဉ်ဘဝမှာ ပိုပြီးအရေးပါလာနေပါပြီ။ အိုဘားမား၊ ဂျပ်စတင်ဘီဘာမှသည် တတိယကမ္ဘာမှ ကျောင်းသားလူငယ်လေးများအထိ ကျယ်ပြန့်စွာ သုံးလာနေပါပြီ။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ဇနီးဖြစ်တဲ့ အကီအာဘေးဟာ ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်ကို စွဲစွဲမြဲမြဲ သုံးစွဲသူတစ်ဦးဖြစ်ပြီး သူ့ခင်ပွန်း အာဘေးရဲ့ဖေ့စ်ဘွတ်ခ်စာမျက်နှာမှ အရေးအသားပို့စ်များကို တင်ပေးသူလည်းဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်အဆာဟိရှင်ဘွန်းသတင်းစာနဲ့ဂျပန်ဝန်ကြီးချုပ်ကတော် အကီအာဘေးတို့ရဲ့ ဖေ့စ်ဘွတ်ခ်သုံးစွဲမှုအကြောင်း၊ လူမှုကွန်ရက် အခြေခံပြည်သူလူထုနဲ့ ထိတွေ့မှုအတွေ့အကြုံတွေအကြောင်းကို မေးမြန်းထားတာကိုပြန်လည်တင်ပြပေးလိုက်ရပါတယ်။



**ဖေ့စ်ဘွတ်ခ်ကို စတင်သုံးစွဲဖို့ ဝန်ကြီးချုပ်ကတော်ကို ဘယ်ဟာကများ လုပ်ဆောင်ပေးခဲ့တာပါလဲ။**

ကျွန်မအာဘေးဝန်ကြီးချုပ်ဖြစ်တဲ့ ၂၀၀၆-၇ ပထမသက်တမ်းမှာပဲ ဘလော့ဂ်တစ်ခုကိုစသုံးခဲ့ပါတယ်။ အပတ်စဉ်ထုတ် မဂ္ဂဇင်းတွေ၊ တခြားမီဒီယာတွေမှာရေးကြတဲ့ ဆောင်းပါးတွေက ကျွန်မတွေးတာနဲ့ကွာခြားနေခဲ့တယ်။ ပြီးတော့ ကျွန်မကလည်း ကိုယ့်အတွေးအမြင်တွေကို ကိုယ့်စကားလုံးတွေနဲ့ ဖော်ပြနိုင်မယ့် ဖိုရမ်တစ်ခုကို လိုချင်နေခဲ့မိတယ်။ ဒီနောက် အာဘေးရာထူးက နုတ်ထွက်တော့ ကျွန်မလည်း ဖေ့စ်ဘွတ်ခ်ကို စသုံးဖြစ်တော့ပါတယ်။

ပထမတော့ ကျွန်မ ကိုယ့်အကြောင်းကိုယ်ရေးတာပါ။ ဒါပေမဲ့ ကျွန်မအမျိုးသား အစားစားနေတဲ့ပုံကို တစ်ခါကျွန်မတင်လိုက်တော့ နှစ်သက်ကြောင်း Like ကလစ်နှိပ်အားပေးကြတာတွေ အများကြီးရခဲ့တယ်။ ဒီမှာပဲလူတိုင်းက သူ့ကို တွေ့မြင်ချင်နေကြတယ်။ သူ့ရဲ့ တကယ့်ဘဝကို စိတ်ဝင်စားတယ်ဆိုတာကို ကျွန်မနားလည်သဘောပေါက်သွားတော့တယ်။ ဖေ့စ်ဘွတ်ခ်က ကျွန်မယောကျ်ားရဲ့ တကယ့်စရိုက် သဘာဝအစစ်အမှန်ကို ဖော်ပြဖို့ အကောင်းဆုံးနည်းလမ်းဖြစ်မယ်လို့ကျွန်မထင်ခဲ့ပါတယ်။

**အဲဒါကို ဝန်ကြီးချုပ်ကရော ဘယ်လိုတုံ့ပြန်ခဲ့ပါသလဲ။**

သူ့ပုံကို ဖေ့စ်ဘွတ်ခ်ပေါ်မှာ တင်ပြီးနောက် အောက်မှာ(ဖတ်မိသူတွေ) ရေးထားကြတဲ့မှတ်ချက်တွေကို ကျွန်မအမျိုးသားကို ပြန်ပြပါတယ်။ သူလည်းမှတ်ချက်တွေကို ဖတ်ရတာ ဝမ်းသာခဲ့တယ်။ သူ့အတွက်လုပ်ထားတဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာကိုပြပြီးတဲ့နောက် သူ့ကိုလည်း ကျွန်မပြောခဲ့တယ်။ ဒီလိုမှတ်ချက်တွေ ကျွန်မမကြာခဏရပါတယ်ပေါ့လေ။ ဒီလိုနဲ့သူလည်း အဲဒါတွေကို ဖြည်းဖြည်းချင်း စဖတ်လာပြီး ဖေ့စ်ဘွတ်ခ်မှာ စိတ်ဝင်စားလာတာ ဖြစ်နိုင်ပါတယ်။ သူလည်း (နောက်ပိုင်း) မကြာခဏ ဖေ့စ်ဘွတ်ခ်သုံးတတ်လာတယ်။ သူက ကျွန်မကိုပြောတယ်။ “ဒီလိုမျိုး ထောက်ခံအားပေးတဲ့ မှတ်ချက်တွေကို အများကြီးရဖို့ ငါမျှော်လင့်မိတယ်” တဲ့။

**ဖေ့စ်ဘွတ်ခ်မှာ(စာအရေးအသား၊ ပုံ စသဖြင့်) အသစ် Update တွေ တင်တဲ့အခါ ဝန်ကြီးချုပ်ကတော်အနေနဲ့ ဘယ်လိုများ ခံစားရပါသလဲ။**

ကျွန်မဖေ့စ်ဘွတ်ခ်သုံးနေတာ ပြည်သူတွေအနေနဲ့ ဝန်ကြီးချုပ်ကတော်တစ်ယောက်ရဲ့ဘဝကို ပိုပြီး ကောင်းကောင်းနားလည်သဘောပေါက်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သုံးနေတာပါ။ ကျွန်မ ဖေ့စ်ဘွတ်ခ်ကို စသုံးတော့ လုံခြုံရေးပိုင်းကို တင်းကျပ်တာပိုကောင်းတယ်လို့ အကြံပေးခံခဲ့ရဖူးတယ်။ ဒါပေမဲ့ ကျွန်မယုံကြည်တာကတော့ ပွင့်လင်းစွာနေတာဟာ အန္တရာယ်ဖြစ်နိုင်ခြေကို စီမံခန့်ခွဲရတဲ့ Risk Management တစ်မျိုးပါပဲ။ တကယ်လို့ကျွန်မက တစ်ခုခုကိုဖုံးကွယ်ဖို့ကြိုးစားလိုက်မယ်ဆိုရင်လူတွေကပိုပြီးစပ်စုချင်လာမှာပဲ။ မဟုတ်ဘူးလား။ ကျွန်မက အရက်ကို စွဲစွဲလမ်းလမ်းသောက်ဖူးတယ်။ ဒါပေမဲ့ ကျွန်မ ဘယ်လောက်များများ သောက်ခဲ့တယ်ဆိုတာကို ရေးလိုက်ရင် လူတွေအနေနဲ့လည်း ကျွန်မကို နောက်ပြောင်တော့မှာ မဟုတ်တော့ဘူးပေါ့။ မဟုတ်ဘူးလား။

**ဒါပေမဲ့ဖေ့စ်ဘွတ်ခ်ကပြဿနာအချို့ကိုလည်းဖြစ်စေနေပါတယ်။ ဝန်ကြီးချုပ်ကတော်အနေနဲ့ တောင်ကိုရီးယားသီချင်း ရုပ်ရှင်ကားတစ်ကားကို ကြည့်လိုက်မိတဲ့အကြောင်း ရေးလိုက်ရင် ဝေဖန်ကြတဲ့မှတ်ချက်တွေ တက်လာရောမဟုတ်လား။**

တောင်ကိုရီးယားကားကြည့်မိလို့ ဝေဖန်ခံရတာအပြင် ကျွန်မဖေ့စ်ဘွတ်ခ်စာမျက်နှာမှာ တစ်ခါတစ်လေလည်း(တခြား)ဝေဖန်ခံရတာတွေရှိပါတယ်။ ဒါပေမဲ့ ဝေဖန်တဲ့မှတ်ချက်တွေကို ကျွန်မပြန်ဖြေပေးပါတယ်။ တချို့မှတ်ချက်တွေကို ပြန်အဖြေပေးအပြီးမှာ ကံကောင်းပါစေဆိုပြီး ရေးသွားတဲ့ မက်ဆေ့ချ်တွေရရင် ကျွန်မသိပ်ပျော်ပါတယ်။ သူတို့ဟာနည်းနည်းလေးတော့ ကျွန်မကို ပိုသိလာတယ်လို့ ခံစားမိပါတယ်။ အပြန်အလှန် ဆက်ဆက်စကားပြောနေရင်းကနေ လူတွေကိုပိုပြီးဆက်သွယ်ထိတွေ့လာနိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ကျွန်မအနေနဲ့လည်း တောင်ကိုရီးယား ဒါမှမဟုတ် တရုတ်ကို မကြိုက်ဘူးလို့ မဖော်ပြချင်ပေမယ့် ကျွန်မခင်ပွန်းကို ထောက်ခံသူတွေက သူ့ကိုမထောက်ခံဖို့ တောင်းဆိုတဲ့ မှတ်ချက်ကွန်မန့်တွေ ရေးကြတဲ့အခါမှာတော့ အဲဒါက ကျွန်မကို ဝမ်းနည်းမိစေပါတယ်။

**ဝန်ကြီးချုပ်ကရော ဘာများ တစ်ခုခု ပြောသေးလဲ။**

ကျွန်မခင်ပွန်းကို ပြောတော့ သူက (ဖေ့စ်ဘွတ်ခ်)မှာရေးတာ ကောင်းပါတယ်တဲ့။ ကျွန်မခင်ပွန်းက တစ်ခါမှ “အဲလိုမျိုးတွေ မရေးနဲ့ကွာ” လို့မပြောပါဘူး။ ဥပမာပြောရရင် အစိုးရလေယာဉ်ပေါ်မှာ သူ အိပ်ပျော်နေတဲ့ပုံကို ကျွန်မဖေ့စ် ဘွတ်ခ်ပေါ်မှာ တစ်ခါတင်ဖူးတယ်။ အဲဒီမတိုင်ခင်ကပဲ သူ့ကိုဓာတ်ပုံပြပြီး တင်ဖို့ ခွင့်ပြုချက်တောင်းခဲ့ပြီး သားပါ။ သူက “အိုကေ၊ ရတယ်လေ” လို့ ပြောခဲ့ပါတယ်။ တချို့ကတော့ ကျွန်မဟာ သူ့ရဲ့ မောပန်းနေတဲ့ ပုံတွေမျိုး ကို မတင်သင့်ဘူးလို့ ထင်ကောင်းထင်ပေမယ့် ကျွန်မကတော့ အရင်ဆုံးသူ့ဆီက အတည်ပြုချက်ရယူတာပါ။

**ဖေ့စ်ဘွတ်ခ်မှာ အခုဆို လူတွေဆီက ဝေဖန်တာရော၊ ထောက်ခံအားပေးတဲ့ မှတ်ချက်တွေရော ရနေပါတယ်။ ဝန်ကြီးချုပ်နဲ့ရော မတင်သင့်တဲ့ ပို့စ်တွေတင်ပြီးတဲ့နောက်ပိုင်း သူနဲ့ပြန်ဆွေးနွေးတာမျိုးရော ရှိဖူးလားခင်ဗျ။**

အဲဒီလိုမျိုး ကျွန်မတို့ မလုပ်ကြပါဘူး။ ကျွန်မက ဝေဖန်ရေးတွေရေးလို့ ဝေဖန်ရေးတွေ ပြန်ရမယ်ဆိုရင်ဖေ့စ်ဘွတ်ပေါ်မှာဘယ်လိုဝေဖန်ရေး အကြောင်းအရာမျိုးမှ ကျွန်မရေးမှာမဟုတ်ပါဘူး။ ကျွန်မရဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာကို ဖတ်တဲ့သူတွေ ပျော်ရွှင်ပြီး စိတ်အပန်း ပြေစေချင်ပါတယ်။ ဒါပေမဲ့ ကျွန်မတစ်ခါမှ ဝေဖန်ရေးမှတ်ချက်တစ်ခုကို ပြန်ပြီး ဝေဖန်ရေးနဲ့ မရေးပါဘူး။

**ဖေ့စ်ဘွတ်ခ်ကနေ ဝန်ကြီးချုပ်ရဲ့ သတင်းအကြောင်းအရာတွေကို ဖော်ပြနေတဲ့အပေါ်မှာ အမြင်ကရော ဘယ်လိုရှိပါသလဲ။**

ကျွန်မခင်ပွန်းရဲ့ဖေ့စ်ဘွတ်ခ်စာမျက်နှာက ကြည့်ရှုသူ Follower အခုဆို သုံးသိန်းကျော်ရှိနေပါတယ်။ ဒီစာမျက်နှာရဲ့ ရည်ရွယ်ချက်ကလည်း လူတိုင်းကို သူနဲ့နီးစပ်တဲ့ ခံစားချက်မျိုးဖြစ်စေချင်လို့ပါ။ နိုင်ငံရေးသမားတွေရဲ့ ပုံရိပ်ကိုကြည့်လိုက်ရင် အထူးသဖြင့် ဝန်ကြီးချုပ် တစ်ယောက်ဟာဆိုရင် ကြီးကျယ်ခမ်းနားတဲ့ ပုံစံမျိုးရှိနေတတ်ပါတယ်။ ဒါပေမဲ့ ကျွန်မခင်ပွန်းက ပျော်တတ်တဲ့သူပါ။ သူက ဟာသတွေကိုလည်း သဘောကျတယ်။ ဒီလိုသူ့ရဲ့စရိုက်လေးတစ်ခုကို လူတွေရှေ့မှာ ဘယ်တော့မှ မမြင်ဖူးကြတော့ ကျွန်မက သူဟာ လူတွေနဲ့ ဘာမှအများကြီး ကွာခြားတဲ့သူမဟုတ်ဘူးဆိုတာကို ပြချင်တာပါ။ သူက သတင်းထောက်တွေကြားမှာလည်း မတ်တတ်ရပ်ပြီး အင်တာဗျူးတွေပေးမှာ မဟုတ်တော့ဘူး။ ဒါပေမဲ့ သတင်းစာတွေ၊ ရုပ်သံတွေနဲ့ တစ်ဦးချင်း အင်တာဗျူးတွေတော့လုပ်ပါတယ်။ ကျွန်မယုံကြည်တာကတော့ သူတို့ဟာ ကျွန်မခင်ပွန်းရဲ့ ကောင်းတဲ့အချက်တွေကို ဆွဲထုတ်နိုင်ဖို့အတွက် အလောတကြီးနဲ့ ဗျူးကြတယ်ထင်ပါတယ်။ သူဟာမီဒီယာကို၊ ဖေ့စ်ဘွတ်ခ်ကို၊ Line (အခမဲ့ ဖုန်းခေါ်ဆိုမှုနှင့် မတ်ဆေ့ချ်ပို့နိုင်သည့် မိုဘိုင်းဆော့ဖ်ဝဲ App) ကိုလည်း ကောင်းကောင်းသုံးတတ်တယ်လို့ကျွန်မထင်ပါတယ်။

**ရှင်ဇိုအာဘေးရဲ့ ဝန်ကြီးချုပ်သက်တမ်း ပထမနှစ်အတွင်း သတင်းအချက်အလက်တွေကို ဘယ်လိုပေးပို့ခဲ့ပါသလဲ။**

ဝန်ကြီးချုပ်ကို တိုက်ရိုက်တွေ့နိုင်တဲ့ လူအရေအတွက်က အကန့်အသတ်နဲ့ပဲ ရှိပါတယ်။ အခါအားလျော်စွာပဲ သတင်းမီဒီယာတွေကသာ သူ့အကြောင်းအသေးစိတ်ကို ဖော်ပြနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်နေပါတယ်။ ဒါက သူ့အတွက် သူ့ခံစားချက်တွေကို ဖော်ပြနိုင်ဖို့ခက်ပါတယ်။ ဟိုတုန်းကဆိုဖြစ်နေတဲ့အခြေအနေနဲ့ကိုင်တွယ်ဖြေရှင်းဖို့က တစ်ခါတစ်ခါ သူ့အတွက် ခက်တယ်။ အခုတော့ ဖေ့စ်ဘွတ်ခ်လိုလူမှုမီဒီယာတွေသုံးလာတော့ ဆက်သွယ်ရေးကပိုကောင်းလာတာပေါ့။

*—Ref: Interview: Wife of prime minister tells Facebook strategy By Nozomi Mitsui. Asahi Shinbum.May31*

7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

7DAY BOOK REVIEW


## ကမ္ဘာ့သမိုင်းမှတ်စုငယ်

မြနှင်းဆီ

ရှုပ်ထွေးပွေလီဆန်းပြားပြီး ကိစ္စများမြောင်လှသော လူ့သမိုင်းဖြစ်ရပ်များကို တစ်ထိုင်တည်း ရှင်းလင်းပြေပြစ်စွာ သိရှိနိုင်ပြီး အလွယ်တကူ နားလည်သဘောပေါက်လွယ်စေသည့် စာအုပ်မျိုး ရွေးချယ်ဖတ်ရှုလိုပါက ယခုစာအုပ်သည် အကောင်းဆုံးနှင့် အပြီးအထိ မပျင်းမရိ သယ်ဆောင်သွားစေမည့် သမိုင်းစာအုပ်ဖြစ်သည်။

မူရင်းစာရေးဆရာ E.H. Gombrich သည် ၂၀ ရာစုအတွင်း ထင်ရှားလူသိများခဲ့သည့် သမိုင်းပညာရှင်တစ်ဦးဖြစ်သည်။ ၁၉၀၉ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် မွေးဖွားခဲ့ပြီး ၁၉၃၆တွင် လန်ဒန်သို့ အခြေချကာ လန်ဒန်တက္ကသိုလ်၌ သမိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သမိုင်းဘာသာရပ်နှင့် ဆိုင်သော ပို့ချချက်များ၊ လူတို့၏ ရာဇဝင်သမိုင်းစာပေများ ရေးသားခဲ့သူ ဖြစ်သည်။ ထိုသို့ရေးသားခဲ့ရာ၌ The Story of Art စာအုပ်နှင့် ယခု A Little History of the World စာအုပ် နှစ်အုပ်မှာ ထင်ရှားပြီး ဘာသာအမျိုးမျိုး ပြန်ဆိုခြင်းခံရကာ အုပ်ရေသန်း နှင့်ချီ၍ ရောင်းခဲ့ရသည်။ သမိုင်းစာအုပ်တစ်အုပ်ကို ဤမျှရောင်းခဲ့ရခြင်း၏ အာနိသင်မှာ သမိုင်းကို အလွယ်တကူလေ့လာ၍ သိရှိနိုင်အောင် ရေးနိုင်စွမ်းရှိခြင်းကြောင့်ဖြစ်ပါသည်။ ရာဇဝင်သမိုင်းစာအုပ်အတော်များများသည် ခက်ခဲနက်နဲသော ဖြစ်ရပ်တို့ကို လူပုဂ္ဂိုလ် အတိအကျ၊ သက္ကရာဇ်အတိအကျဖြင့် တိကျလွန်းမက တိကျအောင်ရေးလေ့ရှိသော်လည်း E.H. Gombrich သည် သမိုင်းကို တစ်မျိုးတစ်ဖုံ ချဉ်းကပ်၍ လူနားလည်အောင်၊ စိတ်ဝင်စားအောင်၊ မှတ်ဉာဏ်ထဲစွဲမြဲနေအောင်ရေးရာ၌ သူမတူစွမ်းဆောင်နိုင်သူဖြစ်သည်။ **ကမ္ဘာ့သမိုင်းမှတ်စုငယ်** ဟု အမည်ပေးထားသော ယခုစာအုပ်တွင် အခန်းပေါင်း ၄၀ ခန့်ခွဲကာ လူ့သမိုင်းကို ဆက်စပ်ပြထားသည်။

သမိုင်းမတိုင်မီခေတ်က လူသားများရပ်တည်မှု၊ အီဂျစ်လူမျိုးများ နိုင်းလ်မြစ်ကို ကိုးကွယ်ခြင်း၊ ရက်သတ္တပတ်များ အမည်ပေးပုံ၊ ပါရှန်လူမျိုးများ အကြောင်း၊ ဘေဘီလုံခေတ်၊ လူငယ်ဆီဇင်ဘုရင်ရုရှားသို့ချီတက်ခြင်း၊ အလက်ဇန်း ဒါးသည်ဂရိတ်နှင့် နပိုလီယန်ကဲ့သို့ စစ်ဘုရင်များ၊ တီထွင်မှုများ သမိုင်း၊ အင်္ဂလန်တွင်ပါလီမန်စနစ်ပေါ်ပေါက်ခြင်း၊ အင်အားကြီးနိုင်ငံများ ကိုလိုနီမြေခွဲဝေယူကြခြင်း၊ နာဇီဝါဒပေါ်ထွန်းခြင်းနှင့် နာဇီစစ်တပ်အကြောင်းထိ သမိုင်းဖြစ်ရပ်များကို တိုတိုထိထိ ဖြန့်ကြက်ရေးသားထားသည်။




လူ့သမိုင်းအဆက်ဆက်တွင် ပေါ်ထွန်းခဲ့သော ဘာသာတရားကြီးများ မြစ်ဖျားခံရာကိုလည်း မချန်လှပ်ခဲ့ပါ။ ဘာသာတရားများ ပေါ်ထွန်းလာပုံကို ဗုဒ္ဓနှင့်စပ်လျဉ်း၍ ဉာဏ်အလင်းရရှိသွားသော ပုဂ္ဂိုလ်ထူးနှင့် ၎င်း၏အရပ်ဒေသ၊ တမန်တော်မိုဟာမက်နှင့် ဆက်စပ်၍ အလ္လာသျှင်မြတ်မှအပ အခြား ဘုရားသခင်မရှိ၊ ယေရှုခရစ် ပေါ်ထွန်းလာပုံကို သတင်းကောင်းသတင်းမြတ်ဟူ၍ အခန်းများခွဲကာ ရေးသားထားသည်။ စာအုပ် တစ်နေရာတွင် ဥရောပ၌ နာဇီများကြီးစိုးစဉ်ကာလက အနေအထား တစ်ရပ်ကို အောက်ပါအတိုင်း ရေး သားထားသည်။ "၁၉၃၈ ခုနှစ်တွင် ဟစ်တလာ၏ စစ်သားများသည် ဩစတြီးယားသို့ ချီတက်ဝင် ရောက်သည်။ ထိုအချိန်နောက်ပိုင်းတွင် ဂျာမနီမှာကဲ့သို့ပင် လူတစ်ဦးတစ်ယောက်မှ အခြားလူတစ်ဦးတစ်ယောက်ကို 'မင်္ဂလာ နံနက်ခင်းပါ'ဟု နှုတ်ဆက်လျှင်ပင် ယင်းသည် ထိုသူအတွက် စိုးရိမ်ဖွယ် အရဲစွန့်မှုတစ်ရပ်ဖြစ်သည်" ဟု ဖော်ပြထားသည်။

မူရင်း ဂျာမနီဘာသာဖြင့် ရေးထားပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာအုပ်ကို မြန်မာဘာသာ စကားလေ့လာမှုအား ကောင်းသော မြနှင်းဆီ (Mra Hninzi)က ပြန်ဆို၍ တူဒေးစာ အုပ်တိုက်က တန်ဖိုး ကျပ် ၃,၅၀၀ ဖြင့် ဖြန့်ချိသည်။


## Knowledge ဗဟုသုတ

### ကိုရီးယားလှိုင်းဆိုတဲ့ ဝေါဟာရအကြောင်း

ကိုရီးယားလှိုင်းဟူသော စကားလုံးကို တောင်ကိုရီးယားရုပ်ရှင်များ၊ ဂီတများ၊ ရုပ်သံဇာတ်လမ်းတွဲများ ခေတ်စားလာပြီးနောက် ပိုမိုကြားဖူးလာနေကြသည်။ Hallyu ခေါ် ကိုရီးယားလှိုင်း Korean Wave မှာ ၁၉၉၀ပြည့်နှစ်များမှစတင်ကာ တောင်ကိုရီးယား ယဉ်ကျေးမှုအနုပညာ၊ ဂီတ၊ ရုပ်ရှင် လုပ်ငန်းတို့ လူကြိုက်များ ရေပန်းစားလာခြင်းကို လှိုင်းနှင့်နှိုင်းယှဉ် ရည်ရွယ်ခြင်းပင်ဖြစ်သည်။ Hallyu ဟူသော စကားလုံးတွင် ရင်းမြစ်အားဖြင့် Han နှင့် Ryu စကားလုံးနှစ်လုံးပါဝင်ပြီး Han မှာ ကိုရီးယားဖြစ်ခြင်း သဘော၊ အရည်အသွေးကိုညွှန်းပြီး Ryu မှာ 'စီးဆင်းခြင်း'ဟု ဆိုလိုသည်။ ယင်းစကားလုံးနှစ်လုံးကို အင်္ဂလိပ်လို စာလုံးပေါင်းသောအခါ Hanryu မှ Hallyu ဖြစ်သွားပြီး ကိုရီးယားယဉ်ကျေးမှု ပျံ့နှံ့စီးဆင်းမှုဟု ခေါ်ဆိုနိုင်ကာ အင်ဒို-ဥရောပဘာသာစကားများတွင် "ကိုရီးယားလှိုင်း"ဟု ခေါ်ဝေါ်လာကြသည်။ ကိုရီးယားလှိုင်း စတင်ပေါ်ပေါက်လာမှုတွင် ကိုရီးယားရုပ်သံ ဒရာမာဇာတ်လမ်းတွဲများ အရှေ့အာရှနှင့် အရှေ့တောင်အာရှတွင် လူကြိုက်များ ပျံ့နှံ့လာခြင်းဖြစ်ကာ ဒေသဆိုင်ရာ ပျံ့နှံ့မှုမှတစ်ဆင့် ယူကျု့ဘ်ဗီဒီယို ဝက်ဘ်ဆိုက်ပေါ်တွင် ကေပေါ့ပ်ခေါ် ကိုရီးယားပေါ့ပ်ဂီတ ဗီဒီယိုများပါ လူကြိုက်များမှု ရရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ အသွင်ဆောင်သည့် ပျံ့နှံ့မှု ဖြစ်လာသည်။


—Ref:Wiki




### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မေတ္တာရေးကံကောင်းမည်။ အလိုရှိရာ ပြည့်စုံမည်။ ငွေကြေးကံကောင်းမည်။ မိမိစိတ်ထဲမှ တွေးလိုက်တိုင်း၊ မှန်းဆလိုက်တိုင်း တိတိကျကျဖြစ်ပေါ်နေမည်။ လုပ်ငန်းလုပ်သူများ ကိုယ်ပိုင်အရည်အသွေးထက်မြက်နေ၍ မှန်းသလောက် ထွန်းပေါက်နိုင်သည်။ ဝင်ငွေတိုးပွားခြင်း၊ မှန်းသလောက် အကျိုးခံစားခွင့်ရှိခြင်းကြုံမည်။ ပညာသင်ယူနေသူများ ထူးချွန်သော အောင်မြင်မှုရမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အနှောင့်အယှက်ပေးမည့်သူများ၊ လှည့်စားလိမ်ညာမည့်သူများ၊ ဒုက္ခပေးမည့်သူများ ဝိုင်းပတ်လည်နေသော ကာလဖြစ်သည်။ ဆက်ဆံနေသော ပတ်ဝန်းကျင်မှ သူများကြောင့် ပြဿနာများဖြစ်တတ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ် အခိုင်အမာရပ်တည်သင့်သော ကာလဖြစ်သည်။ ကိုယ့်ကိစ္စနှင့်ကိုယ် ဦးနှောက်ခြောက်၊ ခေါင်းရှုပ်နေရဆဲ သူတစ်ပါးပြဿနာများကို လိုက်လံကူညီပေးနေရမည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အဘက်ဘက်မှ အောင်မြင်သော အနေအထားရှိမည်။ စိတ်ကူးသစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ကိုယ်တိုင်၏ ကျန်းမာရေး၊ မိသားစု ကျန်းမာရေးတွင် အညံ့ကြုံမည်။ အိမ်၌ မပြောပလောက်သည့် ကိစ္စငယ်၊ ပြဿနာတို့ကို အကျယ်ချဲ့၍ စကားငြင်းခုံ၊ ရန်ဖြစ်၊ ပဋိပက္ခပေါ်၊ အိမ်ပူ၊ အိမ်ဆူရခြင်းကြုံမည်။ လုပ်ငန်းခွင်မှသူများ ယခင်မိမိနှင့် ပြဿနာပဋိပက္ခဖြစ်ဖူးသူများနှင့် ပြန်လည်ဆက်ဆံရကိန်းရှိမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ငွေကုန်ကြေးကျများမည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ အတတ်ပညာပိုင်းတွင် အောင်မြင်မှုရလင့်ကစား လူမှုရေး၊ မေတ္တာရေးရာပိုင်းတွင် စိတ်အနှောင့်အယှက်အနည်းငယ်ရှိနေဆဲဖြစ်သည်။ ကိုယ့်ပစ္စည်းနှင့်ကိုယ် သူတစ်ပါး၏ အမြင်စောင်းခြင်း၊ မုန်းတီးခြင်းများ ကြုံရတတ်ပါသည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် စိတ်ရှုပ်ရမည်။ မည်သည့်အကြောင်းအရာနှင့်ကြုံစေ အငြင်းအခုံပြုခြင်း တတ်အားသမျှရှောင်ပါ။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ဆောင်ရွက်သမျှ ထွန်းပေါက်မည်။ အနှောင့်အယှက် အတိုက်အခံ မည်မျှရှိစေ တိုးတက်မှုများ ဖန်တီးနိုင်သော ကာလဖြစ်သည်။ တန်ဖိုးအလွန်နည်းပါးသော ပစ္စည်းမှအစ တန်ဖိုးများစွာ ထိုက်တန်သော ပစ္စည်းအဆုံး ကိုယ်ကဝယ်ယူမည်ဆိုပါက စနစ်တကျသေသေချာချာ စစ်ဆေးပြီးမှ ဝယ်ယူပါ။ နေရာသစ်နှင့် ဆက်သွယ်ချိတ်ဆက်လုပ်ကိုင်မှုများ အဆင်ပြေမည်။




### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ကိုယ်ပိုင်စွမ်းအားနှင့် အသစ်အဆန်းတိုးတက်အောင်မြင်မှုကိုရရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ မူလလုပ်ကိုင်ဖူးခြင်းမရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်။ အယူအဆ၊ သဘာဝ၊ ရှုမြင်သုံးသပ်ပုံမတူ ခြားနားသောသူများနှင့် လုပ်ငန်းတွဲဖက်လုပ်ကိုင်ရမည်။ ပြတ်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်ရမည်။ ကိုယ့်အပေါ် သူတစ်ပါးမှ အသုံးချတတ်သည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အကုန်အကျ၊ အပျောက်အရှများမည်။ အခက်အခဲကြားမှ တိုးတက်မှုရှာဖွေရမည်။ ရုတ်တရက် ဖြေရှင်းရန် အလွန်ခက်ခဲသော ပြဿနာများနှင့် ထိပ်တိုက်ရင်ဆိုင်ရတတ်သည်။ အလွန်စိတ်ရှည်ရမည်။ စာရင်းဇယားများကို သတိနှင့်ကိုင်တွယ်ပါ။ ပူးတွဲလုပ်သောသူများ ဒုက္ခပေးတတ်သည်။ မိမိဦးတည်ရာ လမ်းကြောင်းများတွင် အနှောင့်အယှက်ပေးသောသူများနှင့် ကြုံမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မူလဦးတည်ထားသည့် လုပ်ငန်းများမှ လမ်းကြောင်းပြောင်းဆောင်ရွက်၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ စကားမတည်သောသူများနှင့် တွေ့ရတတ်သည်။ အိမ်တွင် ပစ္စည်းအပျောက်အရှများမည်။ အထားအသို ဂရုစိုက်ပါ။ အမျိုးသမီးအကြီးအကဲ ကျန်းမာရေးအညံ့ရှိမည်။ မြှုပ်နှံထားသော ငွေကြေးမှကောင်းသော အကျိုးအမြတ်ရရှိမည်။ သူတစ်ပါးနှင့်ယှဉ်ပြိုင်ပြီးလုပ်သောကိစ္စများ အထူးအောင်မြင်ကိန်းကြုံရပေမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အကြံအစည်သစ်များ အောင်မြင်မည်။ မူလအခြေအနေမှ ပိုမိုမြင့်မားသော ဘဝအခြေအနေသို့ ကူးပြောင်းမည်။ ပြောင်းလဲမှုနှင့် တိုးတက်မှု ပူးတွဲဖြစ်ပေါ်မည်။ မိတ်ကောင်းဆွေကောင်းအကူအညီရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ လုပ်သမျှ အောင်မြင်ခြင်း ကြုံတွေ့ရမည်။ ပြည်ပနိုင်ငံရပ်ခြားနှင့် တိုက်ရိုက်ဆက်စပ်လုပ်ကိုင်မှုများမှ အကျိုးကောင်းရမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဆန္ဒရည်ရွယ်ချက် မြင့်မြင့်မားမားထားလေ အကျိုးရှိလေဖြစ်မည်။ အခက်အခဲအားလုံးကို ကျော်လွှား၍ တိုးတက်မှု၊ အောင်မြင်မှုရရှိမည်။ သူတစ်ပါးကိစ္စများအတွက် ကြားဝင်၍ တာဝန်ယူပေးရခြင်း၊ အာမခံပေးရခြင်းကြုံမည်။ မိမိကူညီဆောင်ရွက်ပေး၍ သူတစ်ပါးတွင် အကျိုးရှိမည်။ လုပ်ငန်းခွင်မှသူများ အဆင့်တက်ခြင်း၊ ရာထူးတိုးခြင်းရှိမည်။ အိမ်ထောင်သည်များ သားသမီးကျန်းမာရေးအတွက် စိတ်ပူပင်ရတတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အဘက်ဘက်မှ ကောင်းခြင်း၊ တိုးတက်ခြင်းရှိမည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် စိတ်ပူပင်ရမည်။ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို စနစ်တကျအသုံးပြုနိုင်မည်။ သူတစ်ပါးပြဿနာများ၊ ငွေကြေးကိစ္စများကို မိုက်မိုက်မဲမဲ အမုန်းခံပြီးဝင်ရောက်ပြောဆိုရကိန်းကြုံမည်။ လုပ်ငန်းခွင်မှသူများ ပညာသင်တန်းတက်ရောက်ရန်ကြုံမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်း၊ တိုးတက်မှုသတင်းကြားရမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အပြောင်းအလဲနှင့် တိုးတက်မှုရှိမည်။ ရည်မှန်းချက်သစ်များ အောင်မြင်မည်။ အတိုက်အခံများကြားမှ တက်လမ်းရမည်။ တစ်ပါးသူအတွက် ကူညီဆောင်ရွက်မှုများမှ တုံ့ပြန်မှုကောင်းရမည်။ ကာလအတန်ကြာ ဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်ရမည်။ အလုပ်ရှာ၊ အလုပ်လျှောက်ခြင်း၊ စွန့်စား၍ လုပ်ကိုင်ခြင်းများမှ ထူးခြားသော အောင်မြင်မှုရရှိမည်။

7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

စာမျက်နှာ(၅)မှ

# ပြိုင်ကားများကို အလှဆင်ခြင်း

အထူးသဖြင့်ပြိုင်ကားမောင်းနှင်သူ လူငယ်အများစုမှာ မိမိစိတ်ကြိုက် ပြိုင်ကားအများစုကို ပြည်ပနိုင်ငံများမှ တိုက်ရိုက်မှာယူတင်သွင်းကြခြင်းဖြစ်ပြီး ပြိုင်ကားများအပေါ် ငွေကြေးတတ်နိုင်သူ လူငယ်အများစုမှာ ရူးသွပ်ခုံမင်၍ အပို ပစ္စည်းအများစုကို မိမိဘာသာမိမိ ပြည်ပမှ ထပ်မံ တင်သွင်းကာ ကိုယ်တိုင်ဖန်တီး တပ်ဆင်ကြသူအချို့လည်းရှိကြောင်း ပြိုင်ကားမောင်းသူ လူငယ်တစ်ဦးဖြစ်သော ကိုညီက ပြောပြသည်။

“ညဘက်အပြင်ထွက်မောင်းရင် ကိုယ့်ကားတစ်စီးလုံးကို အပြင်မထွက်ခင် ရေမွှေးဖျန်းတာ ရှိတယ်။ တစ်ခါဖျန်းရင် မြန်မာငွေကျပ်၃၀,၀၀၀ ကနေ ၅၀,၀၀၀ အထိပေးရတဲ့ ရေမွှေးမျိုးတွေလည်း ရှိတယ်။ အချို့က ကိုယ့်ကားမှာ ကောင်မလေးတွေတင်ပြီးညဘက် ထွက်မောင်းကြတာ”ဟု ကိုညီကပင် ဆိုသည်။

ထို့ပြင် အစိုးရမှ မော်တော်ယာဉ်တင်သွင်းမှု မူဝါဒကို ပြောင်းလဲလိုက်သည့်ချိန်မှစတင်ကာ ပြိုင်ကားများနည်းတူ အိမ်စီးကားသန့်ကားကောင်းအများစုလည်း ကားအလှဆင်ခြင်းကို ပိုမိုလုပ်ဆောင်လာကြကြောင်း ကျိုက္ကဆံလမ်းဆုံအနီးရှိဖဲလေဒီ ကားအပိုပစ္စည်းရောင်းဝယ်ရေးဆိုင် ပိုင်ရှင်ကိုဇေယျာဝင်းက ပြောသည်။

အိမ်စီးကားအချို့မှာ ပြိုင်ကားများလောက် ကုန်ကျစရိတ်မများဘဲ တရုတ်နှင့် ထိုင်းနိုင်ငံများမှ အဓိက တင်သွင်းလာသည့် ထိုင်ခုံ အစွပ်များ လဲခြင်း၊ နောက်မှန်၌ မြူ ဇစ်ဘားကပ်ခြင်း၊ ခေါင်မိုးစတစ်ကာကို အကြည်သားအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း၊ ခြေနင်းအတက်အဆင်း၌ မီးလင်းခွက်များ တပ်ဆင်ခြင်းများကို ယခုနောက်ပိုင်းတွင်လည်း ပိုမိုလုပ်ဆောင်လာကြကြောင်း ကိုဇေယျာဝင်းကပင် ပြောသည်။

“အိမ်စီးကားသန့်တွေကပြိုင်ကားတွေလောက်တော့စရိတ်သိပ်မကုန်ဘူး။ ငါးသိန်းကနေ ဆယ်သိန်းလောက်သုံးလိုက်ရင်ကောင်းကောင်းရတယ်။ လူတွေလည်း ကားအစုတ်တွေ သုံးနေတုန်းကတော့ ပေပေတေတေ မောင်းကြတာပေါ့။ အခုကိုယ့်ကားက အသစ်တွေဆိုတော့ အလှဆင်ရကောင်းမှန်းနားလည်လာပြီ”ဟုကိုဇေယျာဝင်းကပင် ပြောသည်။

အိမ်စီးကားများနည်းတူ ပြိုင်ကားမောင်းနှင်သူ အမျိုးသမီးငယ်များမှာလည်း ကာတွန်းရုပ်လေးများ ကနုတ်ပန်း အနုအရွလေးများကို စတစ်ကာကပ်ခြင်းနှင့် ကားအတွင်းပိုင်း၌ အံစာတုံးများ ချိတ်ဆွဲခြင်း၊ မီးလင်း မီးခွက်များ တပ်ဆင်ခြင်း၊ ကားတာယာအလွိုင်းများတွင် အလှမီးတပ်ဆင်ခြင်း၊ ကားခေါင်မိုး၌ စတစ်ကာ ပြောင်းလဲတပ်ဆင်ခြင်းများမှာ ယခုနောက်ပိုင်းတွင် ပြိုင်ကားမောင်းနှင်သူအမျိုးသမီးအများစုအတွက် နောက်ဆုံးပေါ် ဒီဇိုင်း အချို့ပင်ဖြစ်သည်။

“ပြိုင်ကားက လူငယ်တွေရဲ့ ဒုတိယအိမ်လို့သုံးရင် အမှန်ဆုံးပဲ” ဟု ဖဲလေဒီ ကားအပိုပစ္စည်းဆိုင်မှ ကိုဇေယျာဝင်းက ပြောကြားသည်။

ပြိုင်ကားတစ်စီးလျှင် ပြည်ပမှတိုက်ရိုက်တင်သွင်းပါက အနည်းဆုံးကျပ်သိန်း ၈၀၀ မှ ၁,၀၀၀ ကျော်အထိရှိပြီး တစ်စီးလုံးကို အလှဆင်ပါက မီးအော်ဒီရိုနှင့် စတစ်ကာများ သုံးစွဲပါက အပြီးအစီး သိန်း ၁၀၀ မှ သိန်း ၄၀၀ အထိ ကုန်ကျမည်ဖြစ်ကြောင်း ပြိုင်ကားကို သိန်း ၁၀၀ ကျော်ဖိုး သုံးစွဲကာ အလှဆင်ထားသည့် အမည်မဖော်လို သူရုပ်ရှင်အနုပညာရှင်တစ်ဦးက ပြောသည်။

အချုပ်အားဖြင့်ဆိုသော် ငွေကြေးတတ်နိုင်သူ လူငယ်အများစုအတွက်ပြိုင်ကားဖက်ရှင်မှာပြင်ပလောကတွင် လူသိနည်းနေသေးသော်လည်း သုံးစွဲမှုငွေပမာဏပေါ် ကိုကြည့်ပြီး တစ်ဦးနှင့်တစ်ဦး နောက်ဆုံးပေါ် ဒီဇိုင်းကို ပြိုင်ဆိုင်နေကြသည်မှာ ပြိုင်ကားလောကတွင် ရေပန်းအစားဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။

ကိုဇင်နိုင်မွေးနေ့လက်ဆောင်ရရှိထားသည့်အင်ဂျင်ပါဝါ ၂,၄၀၀ ကျော်ရှိသည့် ဂျီတီအာအနက် နုရောင်ပြိုင်ကားလေးမှာ နေ့တစ်ဝက်အတွင်း ပြောက်ကျားစတစ်ကာများ တပ်ဆင်လိုက်ပြီးနောက် ကိုဇင်နိုင်တစ်ယောက် ပြိုင်ကားလောကတွင် မကျန်ခဲ့တော့ဟု ယုံကြည်မှု အပြည့်ရှိသွားပြီ ဖြစ်သည်။

လီဘာဆွဲသံရှည်ကြီးဖြင့်ငယ်သံပါအောင်အော်နေသည့် ဂျီတီအာပြောက်ကျားပြိုင်ကားလေးမှာ မီးခိုးတန်းရှည်ကြီးဖြင့် စက္ကန့်ပိုင်းအတွင်း မျက်စိရှေ့မှ ပျောက်ကွယ်သွားပြီလည်း ဖြစ်သည်။







## JOKE

### ကြေကွဲမှု

အမေရိကန်နိုင်ငံတွင် လွှတ်တော်အမတ်တစ်ဦး၏ ကိုယ်ပိုင်စာကြည့်တိုက် မီးလောင်သွားကြောင်း ရိုက်တာသတင်းဌာနက ကြေညာသည်။ မီးလောင်မှုကြောင့် လွှတ်တော်အမတ် ပိုင်ဆိုင်သောစာအုပ်နှစ်အုပ်စလုံးဆုံးရှုံးသွားပြီး အမတ်မင်းမှာ ဝမ်းနည်းကြေကွဲနေသည်။ အကြောင်းမှာ အမတ်မင်းသည် ဒုတိယစာအုပ်မှ ရုပ်ပုံများကို ဆေးရောင်ခြယ်၍ မပြီးသေးသောကြောင့် ဖြစ်သည်။

### မအားလို့ပါ

ယာဉ်ထန်းရဲတစ်ဦးက အမျိုးသားတစ်ဦးထံလှမ်း၍ ဖုန်းဆက်သည်။ “မစ္စတာ ခင်ဗျားမိန်းမကားတိုက်မှုတစ်ခုနဲ့ ကြုံသွားပြီနဲ့တူတယ်။ တကယ်လို့ဖြစ်နိုင်ရင် ဒီကို ခဏလာပြီး သေသွားတဲ့ အမျိုးသမီးဟာ ခင်ဗျားမိန်းမဟုတ်၊ မဟုတ်လာကြည့်ပေးပါ” ဟု ဆိုပါ၏။

ဤတွင် အမျိုးသားက “ရဲမှူးခင်ဗျာ ကျွန်တော်မအားဘူးဗျ။ ဒီလိုလုပ်ပါလား။ အဲဒီအမျိုးသမီးပုံကိုဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ် တင်လိုက်ပါလား။ ကျွန်တော်မိန်းမဟုတ်၊ မဟုတ် ကြည့်လိုက်မယ်လေ။ ဟုတ်တယ်ဆိုရင် ကျွန်တော် 'Like' လုပ်လိုက်မယ်”ဟု ဆိုလိုက်သည်။

# အများပြည်သူကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ မြန်မာအရာရှိ ၂၀ တက်ရောက်

**ဟေမာနင်း**

**ရန်ကုန်** - အစိုးရဌာနများမှ အဆင့်မြင့်အရာရှိ ၂၀ ဦးသည် ကိုရီးယားနိုင်ငံ၌ ပြုလုပ်မည့် အများပြည်သူကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (Public Sector Development Seminar) သို့ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ အစီအစဉ်ဖြင့် တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပညာရေး ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရရုံး၊ သမ္မတရုံးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် သမဝါယမဝန်ကြီး ဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

“ဒီဆွေးနွေးပွဲက တစ်နှစ်တစ်ခါ မြန်မာပြည်က အစိုးရ အဆင့်မြင့် အရာရှိကြီးတွေကို ကိုရီးယားကို ဖိတ်ခေါ်တာပါ။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့က အဖွဲ့ဝင် ဦးစိုးဦး ဦးဆောင်ပြီး သွားရောက်မှာပါ”ဟု KOICA အစီအစဉ်အရာရှိဒေါ်ကေသီခိုင်ကပြောသည်။

ယင်းဆွေးနွေးပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ကိုရီးယားနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့လည်း သွားရောက် လေ့လာကြမည် ဖြစ်ကြောင်းလည်း သိရှိရသည်။



Environment

7 DAY NEWS JOURNAL

Vol.12, No.14 • JUNE 12 , 2013

# တရုတ်ရေနံကုမ္ပဏီ၏ စွန့်ပစ်ကန် ပတ်ဝန်းကျင်ထိခိုက်မည်ကို ဒေသခံများစိုးရိမ်

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၈**

မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ ခင်အေးကျေးရွာအုပ်စု၊ ခင်အေးကျေးရွာအနီးတွင် တရုတ်စီနိုပက်ကုမ္ပဏီ၏ ရေနံတူးဖော်ရေးလုပ်ငန်းမှ စွန့်ပစ်သည့် အညစ်အကြေးများနှင့်ပတ်သက်၍ စစ်ဆေးပေးရန် ဒေသခံတောင်သူ ၄၂ ဦးက လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာ ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူးသို့ မြေ၁၀ရက်တွင် တင်ပြစာ တစ်စောင်ပေးပို့ခဲ့သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

"တရုတ်စီနိုပက်ရေနံ ကုမ္ပဏီရဲ့ စွန့်ပစ်ကန်က ဒေသခံတွေ သောက်သုံးတဲ့ချောင်းအတွင်းမှာ တည်ထားတယ်။ စွန့်ပစ်ကန်ထဲကို စက်ရုံသုံးစွန့်ပစ်ပစ္စည်းတွေ၊ ကျင်ကြီးကျင်ငယ်ကအစ စွန့်ပစ်တယ်ဆိုတော့ အညစ်အကြေးတွေ၊ ဓာတုပစ္စည်းတွေ သောက်သုံးရေ အတွင်း ပျော်ဝင်မှာကို စိုးရိမ်နေရတယ်။ သက်ဆိုင်ရာကိုတင်ပြခဲ့ပေမယ့် နှစ်လနီးပါးကြာသည်အထိ စစ်ဆေးဆောင်ရွက်ပေးတာ မရှိသေးဘူး"ဟု ခင်အေးကျေးရွာ ဒေသခံတစ်ဦးက အဆိုပါတင်ပြစာနှင့်ပတ်သက်၍ ပြောသည်။

ပုလဲမြို့နယ်၊ ခင်အေးကျေးရွာအုပ်စု၊ ခင်အေးကျေးရွာမြောက်ဘက်နှစ်မိုင်ခန့်အကွာတွင်တရုတ်စီနိုပက်ရေနံတူးဖော်ရေး ကုမ္ပဏီက ရေနံတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး အဆိုပါ ကုမ္ပဏီ၏ စွန့်ပစ်ကန်သည် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ လူနှင့်တိရစ္ဆာန်များ မှီခိုသောက်သုံးနေသော ချောင်းပေါ်၌တည်ဆောက်ထား၍ စွန့်ပစ်ရေကန်မှ ယိုစိမ့်သောရေများတွင် ဓာတုပစ္စည်းများပါဝင်ပါက ဒေသခံများ ကျန်းမာရေးထိခိုက်စေနိုင်သဖြင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးကိုတင်ပြခဲ့သော်လည်း တစ်စုံတစ်ရာစစ်ဆေးအရေးယူခြင်းများမရှိသေးကြောင်း ဒေသခံများကပြောသည်။

တရုတ်စီနိုပက် ရေနံကုမ္ပဏီ၏ စွန့်ပစ်ရေကန်သည် အမြင့်ခြောက်ပေ၊ထုတစ်ပေခွဲရှိကျောက်တုံးများဖြင့် ချောင်းအတွင်း တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါချောင်းရေကိုအနီးပတ်ဝန်းကျင်ရှိ ခင်အေးကျေးရွာ၊ ငါန်းချောင်းကျေးရွာ၊ လက်ပံရွာများတွင်နေထိုင်သောဒေသခံများက သောက်သုံးရေအဖြစ် အသုံးပြုနေသည်။

မိုးရာသီ ချောင်းရေကျဆင်းချိန်စွန့်ပစ်ရေကန်ကျိုးပေါက်လာနိုင်ပြီး စွန့်ပစ်ရေကန်ကျိုးပေါက်လာသည့်ရေများသည်ဒေသခံများ သောက်သုံးရေအဖြစ်သုံးစွဲသည့် ချောင်းရေအတွင်းဝင်ရောက်နိုင်၍ ဒေသခံများ ကျန်းမာရေးအန္တရာယ်ကြုံတွေ့လာနိုင်သဖြင့် လိုအပ်သလိုစစ်ဆေးဆောင်ရွက်ပေးပါရန် ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူးသို့ဒေသခံများ စုပေါင်းလက်မှတ်ရေးထိုးတင်ပြခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ၆၃ နေရာတွင် လှုပ်ရှားမှုများပြုလုပ်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇွန်-၈**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့အပါအဝင်နေရာဒေသ ၆၃ ခုတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ဇွန်လ ၅ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်တွင် နယ်မြို့များ၌ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ အမှိုက်ကောက်ခြင်းနှင့် သစ်ပင်စိုက်ခြင်းတို့ပြုလုပ်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် ဇွန်လ ၉ရက်နေ့၌ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူလူငယ်များက လှည်းတန်းမှပြည်သူ့ရင်ပြင်အထိစုပေါင်းလမ်းလျှောက်၍ သန်လျင်မြို့တွင် သစ်ပင်စိုက်ပျိုးမှုများ ပြုလုပ်ခဲ့ကြောင်း ဂေဟဟိတအဖွဲ့မှကာတွန်းဆလိုင်းစွမ်ပီးကပြောသည်။

"နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတတွေကို စနစ်တကျ အသုံးပြုပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးစေဖို့ရည်ရွယ်လုပ်ဆောင်တာ"ဟု ပါဝင်သူတစ်ဦးကပြောသည်။

ထို့အတူ ၂၀၁၂ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကလည်း စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းတို့ကို နေရာဒေသ ၁၆နေရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သူလူငယ်များက ပြုလုပ်ခဲ့သည်။



ဓာတ်ပုံ- sst

# တန့်ကြည့်တောင် ကြိုးပြင်ကာကွယ်တော သတ်မှတ်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇွန်-၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဧရိယာအကျယ်ဝန်း တစ်သောင်းသုံးထောင်ကျော်ကို တန့်ကြည့်တောင်တိုးချဲ့(၃)ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်အတွင်းရှိ ဧရိယာအကျယ်ဝန်း ၁၃,၄၄၀ ဧကရှိနယ်မြေကိုတန့်ကြည့်တောင်တိုးချဲ့(၃)ကြိုးပြင် ကာကွယ်တော အဖြစ်သတ်မှတ်ရန်ရည်ရွယ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှသတင်းထုတ်ပြန်ခဲ့သည်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို ရေ၊ မြေထိန်းသိမ်းကာကွယ်ခြင်း၊အပူပိုင်းဒေသထိန်းသိမ်းကာကွယ်ခြင်း၊ ဒီရေတောထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူ သုံးစွဲနိုင်ရန် ပြုစုထိန်းသိမ်းခြင်းစသည့်လုပ်ငန်းများ စနစ်တကျလုပ်ဆောင်ရန် ရည်ရွယ်၍ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

"ကာကွယ်တောတွေ ဖွဲ့ပြီး တောထိန်းသိမ်းရေးလုပ်တာ ဂေဟစနစ်ကို ပြန်လည်လုပ်ဆောင်တဲ့အတွက်တိရစ္ဆာန်တွေ၊ငှက်တွေ တောထဲကိုပြန်လာတယ်။ ဒါပေမဲ့ ထိန်းရုံတင်မဟုတ်ဘဲတောကိုကာကွယ်ရမယ်" ဟု FREDA မှ သစ်တောထိန်းသိမ်းရေး ပညာရှင် ဦးအုန်းကပြောသည်။

အမျိုးသားသစ်တောကဏ္ဍပင်မနှစ်သုံးဆယ်စီမံကိန်းအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကိုနိုင်ငံတော်ဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းသွားမည်ဟု သတင်းရရှိသည်။



Tourism
7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ဟိုတယ်အခန်းခများ ပုံသေသတ်မှတ်ရန် အချိန်မကျသေးဟုဆို

**နိုင်ချို**

**ရန်ကုန်၊ဇွန်-၈**

မြန်မာနိုင်ငံဟိုတယ်အခန်းခများကို ပုံသေသတ်မှတ်သင့်ကြောင်း ခရီးသွားလုပ်ငန်းအချို့၏ အကြံပြုချက်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ပုံသေဈေးနှုန်း သတ်မှတ်ရန်အချိန်မရောက်သေးဟု ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံသို့ဝင်ရောက်လာသော နိုင်ငံခြားသားဧည့်သည်များသည်ဟိုတယ်၌နံနက်စာအပါအဝင် တစ်ညတည်းခိုနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၅ မှ ဒေါ်လာ၄၀၀ အထိသတ်မှတ်ပေးထားခြင်းနည်းတူမြန်မာနိုင်ငံမှဟိုတယ်များကိုလည်း ထိုသို့ဈေးနှုန်းသတ်မှတ်ပေးသင့်ကြောင်း ခရီးသွားလုပ်ငန်းများက ဝန်ကြီးဌာနသို့ တောင်းဆိုခဲ့သည်။

"အခုအချိန်ကဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေချိန်ဖြစ်လို့ ဟိုတယ်အခန်းခနဲ့ ပတ်သက်ပြီး ပုံသေဈေးနှုန်းသတ်မှတ်ဖို့မသင့်သေးဘူး။ ဟိုတယ်အခန်းခတွေ ဈေးနှုန်းမြင့်လို့ ပြဿနာတက်ရင်ခရီးသွားလုပ်ငန်းရှင်တွေ၊ ဟိုတယ်လုပ်ငန်းရှင်တွေနဲ့ဝန်ကြီးဌာနကပြေလည်အောင် ဖြေရှင်းပေးတယ်"ဟုဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရန်ကုန်မြို့တွင်မကြာသေးမီက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှအခန်းခဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ ဝန်ကြီးဌာနက ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ဟိုတယ်များအကြားပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဟိုတယ်များအနေဖြင့် အခန်းခဈေးနှုန်းနှင့် ဝန်ဆောင်မှုသင့်တင်မျှတရေးအတွက် သတိပေးနှိုးဆော်ခြင်း၊ ပြည်တွင်းဟိုတယ်များကိုလည်း နိုင်ငံခြားသားဧည့်သည်များကို ယုံကြည်စွာလက်ခံထားရှိရန် ဆောင်ရွက်နေခြင်းတို့ကြောင့် ဟိုတယ်လုပ်ငန်းရှင်များတောင်းဆိုခဲ့သောဟိုတယ်အခန်းခဈေးနှုန်းပုံသေသတ်မှတ်ခြင်းသည် ယခုလက်တလောတွင် မဖြစ်နိုင်သေးဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ "ထိုင်းနိုင်ငံမှာက နိုင်ငံခြားသား ဧည့်သည်အဝင်က ၂၀၁၂ ခုနှစ်မှာတောင် ၂၂ သန်းကျော်ရှိတယ်။ ဒီဝင်လာတဲ့ ဧည့်သည်ကိုတည်းခိုရေးနဲ့ပတ်သက်ပြီး အပြည့်အဝပေးနိုင်တယ်။ မြန်မာနိုင်ငံမှာက ဝင်လာတဲ့ဧည့်သည်နဲ့ ဟိုတယ်မလုံလောက်တာတွေ ဖြစ်နေတယ်။ ဟိုတယ်တွေကလည်း ဈေးကို အဆမတန်တောင်းတယ်။ ဝန်ကြီးဌာနနဲ့ကတော့ ညှိနှိုင်းပြီးဆောင်ရွက်ပေးတယ်"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။



*နေပြည်တော်ရှိ ရွှိုင်ရယ်နေပြည်တော်ဟိုတယ် မြင်ကွင်း*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

## နိုင်ငံခြားသားဧည့်သည်များ မြောက်ဦးမြို့ကိုရှောင်သွား

**နိုင်ချို**

**ရန်ကုန်၊ ဇွန် - ၈**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့သို့နိုင်ငံခြားသားခရီးသွားအများစု ရှောင်သွားကြကြောင်း ခရီးသွားလုပ်ငန်းအချို့မှ သတင်းရရှိသည်။

"မြောက်ဦးကိုတရားဝင်သွားလာခွင့်ပြုထားတာကြာပြီ။ အများစုကတော့ ငပလီ၊ သံတွဲကို အသွားများတယ်။ အခုနောက်ပိုင်း မြောက်ဦးကိုနိုင်ငံခြားသားဧည့်သည်ကိုယ်တိုင် မသွားချင်ကြဘူး။ ခရီးသွားလုပ်ငန်းတွေအနေနဲ့ မြောက်ဦးခရီးစဉ်ကို ရောင်းပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူးတစ်ဦးက ပြောသည်။

မြောက်ဦးမြို့နယ်သို့ တရားဝင်သွားလာခွင့်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ၁၅ရက်မှစ၍ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့သော်လည်း ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများနှင့် တည်ငြိမ်မှုမရှိသေးသောကြောင့် နိုင်ငံခြားသား ခရီးသွားများကိုယ်တိုင် ၎င်းတို့၏လုံခြုံရေး အခြေအနေကိုစိုးရိမ်၍ မြောက်ဦးခရီးစဉ်ကို ရှောင်ရှား၍ ဝယ်ယူကြကြောင်း ခရီးသွားလုပ်ငန်းအချို့ထံမှ သိရသည်။

"မြောက်ဦးကို နိုင်ငံခြားသားတွေကိုယ်တိုင်က သိပ်မသွားချင်ကြဘူး။ အခုက မိုးရာသီလည်းဖြစ်တော့ မသွားချင်ကြတာလည်း ပါတာပေါ့။ နောက်ပြီး သူတို့ရဲ့ လုံခြုံရေးကြောင့်လည်း ပါတယ်။ မြောက်ဦးကို ပြန်ဖွင့်တယ်ဆိုပေမယ့် ခရီးသွားလုပ်ငန်းတွေကလည်း ဒီခရီးစဉ်ကိုရှောင်ပြီး ရောင်းကြတယ်"ဟုမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ အတွင်းရေးမှူးတစ်ဦးကပြောသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ၊ မုန်တိုင်း အန္တရာယ်များ၊ ဒုက္ခသည်စခန်းများနှင့် နိုင်ငံတွင်းမတည်ငြိမ်မှုအမျိုးမျိုးတို့ကြောင့် မြောက်ဦးခရီးစဉ်ကို ရှောင်ရှားကြခြင်းဖြစ်သည်ဟု ခရီးသွားလုပ်ငန်းရှင်အချို့က သုံးသပ်သည်။



7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# Cartoon




























7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# စစ်အတွင်းသေဆုံးသွားသောမြို့


AFP

ကြည်နေဝင်းမင်း

စစ်ပွဲအတွင်း မကြာခဏစိတ်ထဲပေါ်ထွက်လာသော ဆိုရိုးစကားတစ်ခု ရှိပါသည်။ 'မြို့တစ်မြို့ကို ကယ်တင်ဖို့အဲဒီမြို့ကိုဖျက်ဆီးပစ်ရမယ်'ဟူ၍။ ယင်းမှာ ဆီးရီးယားနိုင်ငံ ကူရှာမြို့ပင်ဖြစ်သည်။

လွန်ခဲ့သော ၁၈ လက တိုက်ပွဲများအတွင်း မကျရောက်မီ ကူရှာမြို့မှာ သံလွင်ပင်များ၊ မက်မွန်ပင်များနှင့် စိမ်းစိမ်းစိုစိုရှိပြီး လူဦးရေ သုံးသောင်းနေထိုင်သော စည်ကားသည့် နယ်စပ်မြို့ဖြစ်ပါသည်။ ယခုဆိုလျှင် မြို့မှာ ရစရာမရှိအောင် ပျက်စီးသွားပြီး လူ ၅၀၀ မျှသာနေထိုင်တော့သည်ဟု ဒေသခံအရာရှိများက ကျွန်မတို့ကိုပြောပြပါသည်။

ယင်းမြို့ငယ်လေးဆီးရီးယား အစိုးရတပ်ဖွဲ့များ လက်တွင်းကျရောက်ပြီး ကျွန်မတို့ ဒုတိယအကြိမ်ပြန်ရောက်ချိန်တွင် တိုက်ပွဲများပြီးပြီးချင်း ကျွန်မတို့မြင်တွေ့ခဲ့ရသော လှုပ်လှုပ်ရွရွအောင်ပွဲခံသူများမရှိတော့ဘဲ ပိုမိုငြိမ်သက်နေသည်ကိုတွေ့ရသည်။ လမ်းပေါ်မှာ ယာဉ်အသွားအလာရှိပါသည်။ သို့သော် စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထရပ်များ၊ တင့်ကားများဖြင့် သွားလာနေသော အားလုံးလိုလိုက စစ်သားများ။

စစ်သားအများစုမှာ မွေ့ရာများ၊ တီဗီများ၊ ပရိဘောဂများကို အဆောက်အအုံတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းသယ်ကြုံနိုင်သလောက် သယ်ဆောင်နေကြသည်။

မိသားစုတစ်ခုသာ သူတို့အိမ်ပြန်လာသည်ကို ကျွန်မတို့ မြင်တွေ့ရသည်။ လွန်ခဲ့သောတစ်နှစ် ကူရှာမြို့ကို သူပုန်များ သိမ်းပိုက်လိုက်စဉ်က ထွက်ပြေးသွားကြသူများ။ အိမ်လို့မမှတ်မိတော့သောနေရာတစ်ခုသို့ သူတို့ပြန်လာကြခြင်းဖြစ်ပါသည်။

ဈေးဆိုင်ရှေ့သတ္တုယင်းလိပ်တံခါးများမှာ ကျည်ဆန်ပေါက်များ၊ ဗုံးဆန်၊ အမြောက်ဆန် ထိမှန်ရာဗရပွနှင့် ဆန်ခါပေါက်ဖြစ်နေသည်။ နံရံနှင့်မျက်နှာကြက်များမှာလည်း မညီမညာအပေါက်ကြီးများနှင့် ထိုးခွဲထားသည်။ ကြမ်းပြင်မှာ သူပုန်များ၏ဘဝအပိုင်းအစများ ပြန့်ကျဲလျက်။

အဘူဆာမာသည် ပစ္စည်းပုံတစ်ပုံကို ထိုးဆွလိုက်ရာ ရိုင်ဖယ်ပြောင်းတစ်ခု၊ ပစ်စတိုထည့်သောအိတ်၊ အစ္စလာမ်ဘာသာရေးကျောင်းမှ မှတ်စုစာရွက်များနှင့် ကွန်ပျူတာဂိမ်းအောက်ခံပြားတစ်ချပ်ချင်းစီထွက်လာသည်။ ဆီးရီးယား လွတ်လပ်ရေးတပ်ဖွဲ့၏ အမှတ်တံဆိပ်ပါအင်္ကျီတစ်ထည် ကုလားထိုင်ပေါ်တွင် ပစ်တင်ထားသည်။

နံရံတွင် ကပ်ထားသည်က ဒီနေရာတွင် နေထိုင်သွားသော တိုက်ခိုက်ရေးသမားအုပ်စုတစ်ဦးချင်းစီ၏ သွေးအုပ်စုများဖော်ပြထားသောစာရွက်တစ်ရွက်။

အဘူဆာမာ၏ဇနီးက သူတို့မိသားစုပိုင် ကျန်ရှိသမျှပစ္စည်းများကို မြန်မြန်ဆန်ဆန်ထုပ်ပိုးလိုက်သည်။ မွေးပွကလေးအရုပ်များ၊ ဖန်ပန်းကန်ပြားများ၊ အကောင်းစားဆိုဖာကုရှင်များပါ အထုပ်ထဲထည့်သည်။ "ရှင် ဒီမှာပြန်လာနေဦးမလား"ဟု ကျွန်မက အမေးရှိရာ "မလာဘူး ဘယ်တော့မှပြန်လာမနေဘူး"ဟု မျက်ရည်ထွက်မကျအောင် မနည်းထိန်းရင်းပြောပါသည်။

အဘူဆာမာနှင့် ဇနီးတို့ သူတို့၏ပစ္စည်းပစ္စယများနှင့် ပြည့်နေသောကားကို မြို့ကိုဖြတ်မောင်းသွားကြသည်။ လမ်းတိုင်း၊ အိမ်တိုင်းမှာ သူတို့နေရာနှင့်မခြားအလဲလဲအပြိုပြို အပျက်အစီးပုံများ တင်းကျမ်းပင်ဖြစ်ပါသည်။

ကူရှာမြို့တွင် ထင်ထင်ရှားရှားမြင်နေရသော အပျက်အစီးများထက် ပို၍ပူပန်စရာကောင်းသည်က လူမှုရေးအလွှာအချပ်များ တစ်စစီဆုတ်ပြဲသွားခြင်းပင်ဖြစ်သည်။ လူသူကင်းမဲ့နေသော လမ်းတစ်လျှောက် ဆင်းလျှောက်သွားပါက ဒဏ်ရာဒဏ်ချက်များနှင့် စိန့်အီးလီးယက်စ် ဘုရားကျောင်းက ဘာသာအယူအဆမတူသူ ဆီးရီးယားနိုင်ငံသားများ အတူတကွ နေထိုင်ခဲ့ကြသည်ကို သရုပ်ပြနေသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ ပျက်စီးနေရုံသာမက တိုက်ခိုက်မှုများကြောင့် ရုပ်ပျက် ဆင်းပျက်ရှိနေသည်။ ပြောင်လက်နေသောကျောက်ပြားများခင်းထားသည့်ကြမ်းပြင်မှာ ယခုအခါ ကျိုးကြေနေသော အုတ်ခဲအပိုင်းအစများ၊ မှန်ကွဲများက ကောဇောခင်းထားသည်။ ဘာသာရေး အထိမ်းအမှတ်များ ဖျက်ဆီးခံထားရကာ စာအုပ်များ မီးရှို့ခံထားရသည်။

ကူရှာမြို့၏ တစ်ဖက်ခြမ်းတွင် လွန်ခဲ့သောတစ်နှစ်အတွင်း နှစ်ဖက်စလုံးက စစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုခဲ့သော ဆေးရုံပျက်၌ ကျွန်မတို့က မြို့လေးပေးဆပ်ခဲ့ရသော တန်ဖိုးကို စစ်သားများအား မေးကြည့်သည်။

"ဒီလို အပျက်အစီးတွေမြင် တွေ့ရတာ ကျွန်တော့်ရင်ထဲ နာကျင်ပါတယ်"ဟု အရပ်ဘက်အဝတ်အစားများနှင့် စစ်ရေးတာဝန်ထမ်းနေသော လူငယ်တစ်ဦးကဆိုပါသည်။ "ဒီဆေးရုံကိုဆောက်ဖို့ ငွေကြေးအများကြီးကုန်ကျပါတယ်။ ကျွန်တော့်မိသားစုနဲ့ တခြားမိသားစုတွေဆီက အခွန်အကောက်တွေနဲ့ ဆောက်လုပ်ထားရတာပါ"ဟု ၎င်းကပင်ဆက်ပြောသည်။

"လူတွေပြန်လာကြမှာပါ" တခြားစစ်သားငယ်လေးတစ်ဦးက အခိုင်အမာဆိုပါသည်။ "ပိုတောင်ကောင်းလာမယ့်မြို့တစ်မြို့ကို သူတို့ပြန်လာကြပါလိမ့်မယ်။ သူတို့တွေရဲ့ဘဝအခြေအနေ အရင်ကထက်တောင် ပိုကောင်းလာပါဦးမယ်"ဟု ၎င်းက အခိုင်အမာပြောနေပါသည်။ သူတို့တွေအားလုံးက စစ်ကြောင့် တိုင်းပြည်ဆုံးရှုံးရခြင်းအပေါ် သူပုန်များကို အပြစ်တင်ပါသည်။

"ဒါဟာ သူတို့ပြောတဲ့ လွတ်လပ်မှုပေ့ါ"ဟု ပေါက်ကွဲစေသော ပစ္စည်းများကို တိပ်များနှင့်ပတ်ထားသော ကိုယ်တိုင်လုပ် အမြောက်ဆန်များကို လမ်းလျှောက်သွားရင်း ပြသနေသော စစ်သားက ပြောလိုက်ပါသည်။ "ဒါမျိုးတွေနဲ့ ငါတို့ကိုတိုက်ခိုက်တာ သူတို့ ငါတို့ကိုမုန်းလို့ပဲ"ဟု ၎င်းကဆိုပါသည်။

ကူရှားနှင့်ဆီးရီးယားနိုင်ငံတစ်ဝန်း တိုက်ပွဲများမှာ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးကွဲပြားမှုလမ်းကြောင်းများအတိုင်း ကြမ်းကြမ်းတမ်းတမ်း ရေးဆွဲထားသည်။ ယခုအခါ အိမ်နီးချင်းလက်ဘနွန်နိုင်ငံမှ ဟစ်ဘိုလာတိုက်ခိုက်ရေးသမားများ ဆီးရီးယားတပ်ဖွဲ့များနှင့် သွေးစည်းခဲ့ပြီးနောက် ၎င်းအက်ကြောင်းများပိုမိုထင်ရှားလာသည်။

ဟစ်ဘိုလာတပ်ဖွဲ့များမှာ ကူရှာမြို့လမ်းများပေါ်တွင် ပေါ်ပေါ်ထင်ထင် သွားလာနေကြသည်။ တစ်ယောက်ဆိုလျှင် ဟစ်ဘိုလာ အဖွဲ့ဝင်အဖြစ်ထင်ရှားသော အမှတ်အသားအဝါရောင်၊ အစိမ်းရောင်ခေါင်းပတ်ဝတ်ထားရင်း ကျွန်မတို့နား ရဲရဲတင်းတင်းချဉ်းကပ်လာခဲ့သည်။ ကျွန်မက နောက်ဆုံးအခြေအနေကို မေးလိုက်သည်။ "ဒါဟာ သိပ်တော့မခက်ခဲပါဘူး"ဟု ပြောသည်မှာလက်ဘနွန်မှ ဟစ်ဘိုလာတိုက်ခိုက်ရေးသမားများ ဆီးရီးယားနိုင်ငံတွင် အလုံးအရင်းကျလာရောက်နေသည်ဆိုသော သတင်းများအကြောင်း မေးမြန်းချိန်တွင် ယုံကြည်စိတ်ချစွာဖြင့် ပြောကြားသော အဖြေစကားဖြစ်သည်။ လက်ဘနွန် နယ်စပ်မှာလည်းမြို့စွန်မှလှမ်းကြည့်လျှင်ပင် မြင်နိုင်လောက်အောင် နီးကပ်ပါသည်။

"ငှက်ပျောသီးအခွံနွှာစားရသလိုပဲ"ဟု သူဘယ်နိုင်ငံသားဖြစ်ကြောင်း ခန့်မှန်းရန် စိန်ခေါ်သော နောက်ထပ်စစ်သားတစ်ဦးက ဝင်ကြွားပါသည်။

ဟစ်ဘိုလာများအငြင်းပွားဖွယ်ရောက်နေခြင်းကိစ္စကို ကျွန်မက ဆီးရီးယားစစ်သားအချို့ကို မေးမြန်းကြည့်ပါသည်။

စာမျက်နှာ ၃၇ ››

နယူးဟောင်ကောင်ဆေးကုခန်း

နှာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကို
တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း

နာတာရှည် နှာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ နှာခေါင်းယားယံခြောက်သွေ့ခြင်း၊ နှာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်း နာကျင်ယားယံခြင်းနှင့် ခိုးလို့ခုလုဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့အလွယ် တကူပြောင်းလဲသွားနိုင်သည်။

နယူးဟောင်ကောင်ဆေးကုခန်းမှ နှာခေါင်း အလာဂျီ၊ နှာတွင်းလိုက်မြှောင်းရောင်ရမ်းခြင်း၊ နှာခေါင်းထွက်သက် အသားဖု၊ နာတာရှည်လည်ချောင်းနာ၊ ချောင်းဆိုးခြင်း၊ အာသီးရောင်ခြင်းစသော ကုသရန် ခက်ခဲသော ရောဂါများကို ကွန်ပျူတာစက်ကြီးများ (သို့မဟုတ်) နှာခေါင်းအတွင်းသို့ ပြောင်းစင်ဆေးကြော ကုသသည့်နည်းကို အသုံးပြု၍ကုသပေးနေပါသည်။ ဆေးဝါးအကျိုးသက်ရောက် မှုမှာ ရောဂါအစိတ်အပိုင်းကို တိုက်ရိုက် ထိရောက်မှုရှိသည်။ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး အမြန်ဆုံး ပျောက်ကင်းစေပါသည်။ ခုခံအား တိုးတက်စေပြီး ရောဂါထပ် မဖြစ်ပါ။ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသ ပေးပါသည်။ ရောဂါကာလ မည်မျှကြာသည် ဖြစ်စေ ကုထုံး (၁-၂)ကြိမ်အတွင်း အမြစ်ပြတ် ပျောက်ကင်းစေပါသည်။



ပိတ်ရက်မရှိ

ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈ နာရီထိ

အမှတ် (၂၄၇ A)၊ ဗိုလ်ဖြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၆၁၀၅၁၀

7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

စာမျက်နှာ ၃၆ မှ

"ဘာဖြစ်လို့သူတို့ကျွန်တော်တို့နဲ့အတူ မတိုက်သင့်တာလဲ"ဟု တစ်ဦးက မေးခွန်းထုတ်သည်။ တခြားတစ်ဖက်က လစ်ဗျား၊ ဆော်ဒီအာရေးဗီးယား၊ တူနီးရှား၊ အာဖဂန်နစ္စတန်ကလူတွေ ခေါ်သွင်းနေတယ်လေ။ ကမ္ဘာတစ်ဝက်လောက်က ဆီးရီးယားနိုင်ငံမှာ လာပြီး တိုက်ခိုက်နေကြတယ်။

ကူရှာမြို့မှာ ခါးခါးသီးသီး တိုက်ခိုက်နေကြသော စစ်ပွဲအတွင်းမှ မဟာဗျူဟာကျသော မြို့လေးအဖြစ် ကမ္ဘာတစ်ဝန်းသတင်းစာ ခေါင်းစီးများတွင် နေရာရခဲ့သည်။ ဤမြို့လေးကို အိမ်လုပ်နေထိုင်သူများကတော့ ယခုအခါ အနီးပတ်ဝန်းကျင်ရွာများ၊ ကျောင်းများ၊ လမ်းများပေါ် ပြန့်ကျဲနေကြပါသည်။

ပြီးခဲ့သော ရက်သတ္တပတ်သုံးပတ် တိုက်ခိုက်မှုများအတွင်း လူမည်မျှ သေဆုံးခဲ့သနည်း။ ကျွန်မတို့မသိသေးပါ။ ဒါပေမဲ့ ကျွန်မတို့ မြင်တွေ့ခဲ့ရသည်ကတော့ သေဆုံးသွားသောမြို့လေး ပင်ဖြစ်ပါသည်။

*(ဘီဘီစီနိုင်ငံတကာရေးရာသတင်းထောက်ချုပ် Lyce Doucet ၏ Qusair- The Syrian City that Died ကိုပြန်ဆိုပါသည်။)*

# Leader's Profile

## ကမ္ဘာ့စီးပွားရေးဖိုရမ် တည်ထောင်သူ

# ကလော့စ်ရှဝက်ဘ်




ရဲမင်း

မစ္စတာကလော့စ်ရှဝက်ဘ်သည် ဂျာမန်စီးပွားရေး ပညာရှင်တစ်ဦးဖြစ်ပြီး ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) အဖွဲ့ တည်ထောင်သူနှင့် အမှုဆောင်ဥက္ကဋ္ဌအဖြစ် လူသိများသည်။

ကလော့စ် ရှဝက်ဘ်ကို ၁၉၃၈ ခုနှစ်၊ ဂျာမနီနိုင်ငံ ရေဗင်ဆာ့စ်မြို့၌မွေးဖွားခဲ့သည်။ မိဘနှစ်ပါးစလုံးမှာ ဆွစ်လူမျိုးနွယ်များဖြစ်သည်။ မစ္စတာရှဝက်ဆ်သည် Friboug တက္ကသိုလ်မှ စီးပွားရေးပညာဒေါက်တာဘွဲ့ရရှိခဲ့ပြီး ဆွစ်ဇာလန်ဖက်ဒရယ်နည်းပညာ အင်စတီကျုဒ်မှ အင်ဂျင်နီယာ ဒေါက်တာဘွဲ့လည်း ရရှိခဲ့သည်။ ဟားဗတ်တက္ကသိုလ် ကနေဒီအုပ်ချုပ်မှုအတတ်ပညာကျောင်းမှ လူထုစီမံခန့်ခွဲရေး မဟာဘွဲ့ (MPA) ရရှိခဲ့သည်။ ယင်းနောက်တွင် ဂျီနီဗာတက္ကသိုလ်တွင် အသက်အငယ်ဆုံးပါမောက္ခဖြစ်လာခဲ့သည်။

မစ္စတာရှဝက်ဘ်သည် ၁၉၇၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) ကို စတင်ထူထောင်ခဲ့ပြီး အကျိုးအမြတ်မယူသော အဖွဲ့အစည်းအဖြစ် ကမ္ဘာကြီး၏ အခြေအနေတိုးတက်လာရေးကို စူးစိုက်လုပ်ဆောင်ရန် ရည်မှန်းခဲ့သည်။ ယခုအခါတွင် ၎င်းတည်ထောင်ခဲ့သော အဖွဲ့အစည်းမှာ ကမ္ဘာတစ်ဝန်း စီးပွားရေး၊ နိုင်ငံရေးနှင့် တတ်သိပညာရှင် ခေါင်းဆောင်များ ပူးပေါင်းပါဝင်ဆွေးနွေးသော နိုင်ငံတကာအဖွဲ့အစည်းကြီး ဖြစ်လာသည်။

၁၉၉၈ ခုနှစ်တွင် မစ္စတာရှဝက်ဘ်သည် ၎င်း၏ဇနီးသည် ဟယ်လ်ဒီရှဝက်ဘ်နှင့်အတူ လူမှုရေးလုပ်ငန်းရှင်များအတွက် ရှဝက်ဘ်ဖောင်ဒေးရှင်း (Schwab Foundation for Social Entrepreneurship) ကို ထူထောင်ခဲ့သည်။ ယင်းမှာလည်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အခြေစိုက်သည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သည်။

ထို့အပြင် မစ္စတာရှဝက်ဘ်သည် ၂၀၀၄ ခုနှစ်တွင် ၎င်းရရှိသော Dan David Prize ဆုကြေးငွေ ကန်ဒေါ်လာ တစ်သိန်းကို အသုံးပြု၍ ဖောင်ဒေးရှင်းအသစ်တစ်ခုကို ထပ်မံတည်ထောင်ခဲ့သည်။ Forum for Young Global Leaders ဟု ခေါ်ဆိုသော ကမ္ဘာ့လူငယ်ခေါင်းဆောင်များဖိုရမ်မှာ ကမ္ဘာကြီး၏ အခြေအနေကိုတိုးတက်အောင်လုပ်ဆောင်ရန် ဆန္ဒပြင်းပြသောနယ်ပယ်ပေါင်းစုံမှ အသက် ၄၀ အောက် လူငယ်ပေါင်း ၅၀၀ ကို စုဝေးရန်ရည်ရွယ်ခြင်းဖြစ်သည်။ ၎င်းတို့ ပြုပြင်ပြောင်းလဲလိုသော အကြောင်းအရာကို ဖော်ထုတ်၍ အချိန် ငါးနှစ်အတွင်း တစ်ကမ္ဘာလုံးက အပြောင်းအလဲဖြစ်လာစေရန် အားပေးတိုက်တွန်းခြင်းဖြစ်သည်။

မစ္စတာရှဝက်ဘ်သည် ၁၉၇၂ မှ ၂၀၁၂ ခုနှစ်အထိ University of Geneva စီးပွားရေးပေါ်လစီ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး စာအုပ်အများအပြား ရေးသားခဲ့သည်။ ၁၉၇၉ ခုနှစ်မှစ၍ Global Competative Report ဟုခေါ်သော ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုအလားအလာကို ၎င်းဖော်ထုတ်ထားသော နည်းလမ်း အသုံးပြု၍ နှစ်စဉ်တင်ပြခဲ့သည်။ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အကြံပေးအဖွဲ့များတွင်လည်း ပါဝင်ခဲ့သည်။

—*Ref: Wikipedia*

ပိတ်ရက်မရှိ။
ဆေးခန်းဖွင့်ချိန်
နံနက် (၈) နာရီမှ
ည (၈)နာရီထိ
အထက်ပါဝေဒနာများကို Alternative Medicine ဖြင့် ဝေဒနာရှင်များ၏ ဆန္ဒအတိုင်း ထိရောက်စွာ ကုသပေးနေပါသည်။
ခေတ်မှီ ဆေးကုခန်း

Yangon
Date - 20.6.2013 (Thu)
Time - 10:00 AM to 2:00 PM
Location- Summit Parkview
Mandalay
Date - 22.6.2013 (Sat)
Time - 9:00 AM to 1:00 PM
Location- Hotel Mandalay
Taunggyi
Date - 23.6.2013 (Sun)
Time - 1:00 PM to 5:00 PM
Myanmar Search Int'l
3rd education day
Intellectual Program for Human Capital Development
Universities
Registered Now!
Don't miss the chance!
No.234, Shwebonthar Mid Street, Pabedan Township, Yangon, Myanmar.
01-389915, 01-250929, 095103915
MyanmarSearchInternational
www.overseaeducation-msi.com

စိုင်စိုင်ကျော် မြန်မာထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေးမှ အထူးအစီအစဉ်
(School Lunch Box)
Unilever Food Solutions
Central Kitchen
Contact (for School Lunch Box) 09-73140695, 09-5159084
(Breakfast)
Gandamar Wholesale

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# စင်ကာပူတွင် အချိန်မရွေးသွေးလှူနိုင်ရန် လမ်းညွှန်ဝက်ဘ်ဆိုက်ဖွင့်လှစ်

**စင်ကာပူ၊ဇွန်-၈**

စင်ကာပူအစိုးရသည် နိုင်ငံတွင်း၌ သွေးလှူဒါန်းမှုများကို အချိန်မရွေး ပြုလုပ်နိုင်ရန်နှင့် သီးသန့်သွေးအမျိုးအစားပိုင်ရှင်များအတွက် လိုအပ်သောသွေးများစုဆောင်းထားနိုင်ရန် သွေးလှူဒါန်းရေးဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုကိုစနေနေ့(ဇွန် ၈ရက်)က ဖွင့်လှစ်ခဲ့သည်။

ကြက်ခြေနီအဖွဲ့၏ ထိုဆက်သွယ်ရေးဝက်ဘ်ဆိုက်သည် သွေးလှူဒါန်းမှုဆိုင်ရာ သတင်းအချက်အလက်များကို စုံလင်စွာ တင်ဆက်ပေးထားပြီး အနီးဆုံးသွေးလှူဘဏ်ရှိရာနေရာများ၊ သွေးလှူဒါန်းမှုဖြစ်စဉ်ဆိုင်ရာ သတင်းအချက်အလက်များနှင့် လိုအပ်နေသည့် သွေးအမျိုးအစားများအကြောင်းတို့ကို ဖော်ပြထားသည်။ ထို့အပြင် အဆိုပါဝက်ဘ်ဆိုက်ကို အသုံးပြုသူများအနေဖြင့် ၎င်းတို့၏ လူမှုမီဒီယာဆိုက်များမှလည်း ချိတ်ဆက်ကြည့်နိုင်ရန် စီစဉ်ထားသည်။

ဒေသခံအဖွဲ့အစည်းများသည် စနေနေ့တွင် ကျရောက်သော ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အကြို ဆယ်နှစ်ပြည့်အဖြစ် အခမ်းအနားများ ကျင်းပခဲ့ရာ ထိုဝက်ဘ်ဆိုက်ကိုလည်း အချိန်ကိုက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံတွင်သွေးလှူဒါန်းမှုများမှာ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ၈၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယမန်နှစ် ၂၀၁၂ တွင် သွေးလှူဒါန်းမှုပေါင်း ၁၁၈,၀၀၀ ကြိမ်ရှိခဲ့သည်။ ကမ္ဘာ့သွေးလှူရှင်များနေ့မှာ လာမည့်ဇွန်လ ၁၄ ရက်တွင် ကျရောက်မည်ဖြစ်သည်။

—Ref: Xinhua

# မြောက်ကိုရီးယားဖွင့်ထားသော ဖေ့စ်ဘွတ်ခ်စာမျက်နှာ တောင်ကိုရီးယားပိတ်ရန် ကြိုးပမ်း

**ဆိုးလ်၊ဇွန်-၈**

တောင်ကိုရီးယားဆက်သွယ်ရေးအာဏာပိုင်များသည် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ပေါ်တွင် မြောက်ကိုရီးယားဘက်မှ ဖွင့်ထားသော ဝါဒဖြန့်ချိရေးစာမျက်နှာတစ်ခုကို ပိတ်ပစ်ရန်ရှိနေသည်။

မြောက်ကိုရီးယား၏ နိုင်ငံပိုင် အသံလွှင့်ဌာနဖြစ်သော ကိုရီးယားဗဟိုရုပ်သံ (KCTV)သည် ၎င်းတို့ထုတ်လွှင့်သော တိုက်ရိုက်ရုပ်သံလွှင့်ချက်များကို တောင်ကိုရီးယား ဖေ့စ်ဘွတ်ခ်သုံးသူများထံ ဝါဒဖြန့်ရန် ရည်ရွယ်ချက်ဖြင့် ပြီးခဲ့သည့် မတ်လမှစတင်၍ ဖေ့စ်ဘွတ်ခ်သတင်းစာမျက်နှာတစ်ခု ဖွင့်လှစ်ခဲ့သည်။ KCTV သည် ၂၀၁၁ မေလတွင် ပြင်သစ်ဘာသာဖြင့် တင်ဆက်သော ဖေ့စ်ဘွတ်ခ်ကိုဖွင့်ခဲ့ပြီး ယခုနှစ်အတွင်း ဂျာမန်ဘာသာဖြင့်တင်ဆက်မှုကို ဖေဖော်ဝါရီလတွင်လည်းကောင်း၊ ကိုရီးယားဘာသာဖြင့် မေလ ၂၉ ရက်တွင်လည်းကောင်း တိုးချဲ့ထုတ်လွှင့်လာခဲ့သည်။

ထို့ကြောင့် တောင်ကိုရီးယားအမျိုးသားရဲဌာနက ထိုဖေ့စ်ဘွတ်ခ်စာမျက်နှာကို တောင်ကိုရီးယားတွင် ကြည့်ရှုနိုင်ခြင်းမရှိစေရန် ပိတ်ပစ်ရေးအတွက် နိုင်ငံတော်ဆက်သွယ်ရေးကော်မရှင်သို့ မကြာမီက အဆိုပြုထားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က KCTV ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာနှင့်ပတ်သက်၍ “ဖေ့စ်ဘွတ်ခ်မှာ ဒီအသံလွှင့်ဌာနရဲ့ လှုပ်ရှားမှုတွေနဲ့ ရေးသားဖော်ပြမှုတွေဟာ အမျိုးသားလုံခြုံရေးဥပဒေကို ချိုးဖောက်နေပါတယ်”ဟု ပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကျွမ်းကျင်ပညာရှင်နည်းပါးခြင်းနှင့် ဝါဒဖြန့်ချိရေး ဝက်ဘ်ဆိုက်များကိုနိုင်ငံရပ်ခြားနေရာများတွင် အငှားထားရှိခြင်းတို့ကြောင့် ၎င်း၏ဆိုက်များကို ပိတ်ပစ်ရေးမှာ တောင်ကိုရီးယားနိုင်ငံအတွက်စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေရသည်။ မြောက်ကိုရီးယားနိုင်ငံ၏ အဓိကဝါဒဖြန့်ချိရေးဝက်ဘ်ဆိုက် Uriminzokkiri မှာ လူမှုကွန်ရက်ဆိုက်များဖြစ်သော တွစ်တာနှင့် ဖေ့စ်ဘွတ်ခ်တို့တွင် ၂၀၁၀ ဩဂုတ်မှစ၍ ရှိနေခဲ့ကြောင်း၊ ထိုစာမျက်နှာများတွင် အမေရိကန်ရှုတ်ချရေး အရေးအသားများနှင့် ကွန်မြူနစ်စံနှုန်းများ မြှင့်တင်ရေးတို့ကို အဓိကဝါဒဖြန့်လေ့ရှိကြောင်း သိရသည်။

—Ref: The Korea Herald



AP

# နှစ်နိုင်ငံရေတပ် အရေးပေါ် ဖုန်းလိုင်းဖွင့်ရန် တရုတ်နှင့် ဗီယက်နမ် သဘောတူ

**ဘေဂျင်း၊ဇွန်-၈**

တရုတ်အစိုးရနှင့်ဗီယက်နမ်အစိုးရတို့သည် နှစ်နိုင်ငံအကြား ရေတပ်ဆက်သွယ်ရေး အရေးပေါ်ဖုန်းလိုင်း ထားရှိရန် သဘောတူညီခဲ့ကြကြောင်း ဗီယက်နမ်လက်ထောက် ကာကွယ်ရေးဝန်ကြီး ငုယင်ချီဗင်းက ပြောသည်။

လက်ထောက်ကာကွယ်ရေးဝန်ကြီးက လက်ရှိတွင် နှစ်နိုင်ငံအကြား နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများရှိနေသော်လည်း တောင်တရုတ်ပင်လယ်အတွင်း ရေပိုင်နက်အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းသွားမည်ဖြစ်ကြောင်းဆိုသည်။ “အငြင်းပွားနေရာတွေမှာ ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မရှိဘဲဖြစ်နေရင်နှစ်နိုင်ငံလုံးအတွက်သာမကဒေသနဲ့ကမ္ဘာကြီးအတွက်ပါကပ်ဘေးဆိုးတစ်ခုဖြစ်လာပါမယ်”ဟု ၎င်းက ပြောသည်။

ဗီယက်နမ်လက်ထောက်ကာကွယ်ရေးဝန်ကြီးသည် ဘေဂျင်းမြို့တွင် နှစ်စဉ်ကျင်းပသော တရုတ်-ဗီယက်နမ် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်သည်ပြီးခဲ့သည့်အပတ်ကစင်ကာပူနိုင်ငံတွင်ကျင်းပသော ရှန်ဂရီလာဆွေးနွေးပွဲတွင် အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားမှုများ၌ ညီညွတ်စွာနေကြရန် တောင်းဆိုခဲ့ပြီးလက်ထောက်ကာကွယ်ရေးဝန်ကြီး ငုယင်ချီဗင်းကမူ ဗီယက်နမ်နိုင်ငံသည် အခြားနိုင်ငံများနှင့်တွဲ၍ တရုတ်ကို တန်ပြန်ရန်မဟုတ်ကြောင်း ငြင်းဆိုထားသည်။

—Ref: China Daily

# တရုတ်မီးရထားဝန်ကြီး လာဘ်စားမှုဖြင့် တရားရင်ဆိုင်ရ

**ဘေဂျင်း၊ ဇွန်-၈**

တရုတ်နိုင်ငံ မီးရထားဝန်ကြီးဟောင်း လူဇီကျွန်းသည် အလွဲသုံးစားမှု၊ လာဘ်စားမှုစသည့် စွပ်စွဲချက်များဖြင့် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက ပြောကြားသည်။

လူဇီကျွန်းသည် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း ဘေဂျင်းဒုတိယအဆင့် ပြည်သူ့တရားရုံးက အတည်ပြုခဲ့သည်ဟု နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဇွန်လ ၈ ရက်တွင် ပြောကြားခဲ့သည်။ လူဇီကျွန်း၏ ရှေ့နေကလည်း လူဇီကျွန်းနှင့် ပတ်သက်သော စွပ်စွဲချက်များကို ရင်ဆိုင် ဖြေရှင်းသွားမည်ဟု ပြောကြားခဲ့သည်။

တရုတ်အစိုးရရှေ့နေများက မစ္စတာလူဇီကျွန်းသည် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ၎င်း၏ ရာထူးကို အလွဲသုံးစားပြုကာ အကျိုးအမြတ်များ ရှာခဲ့ပြီး တံစိုးလက်ဆောင် ပစ္စည်းများ လက်ခံခဲ့သည်ဟု ပြောကြားသည်။ ထို့ကြောင့် မစ္စတာ လူဇီကျွန်းသည် အာဏာအလွဲသုံးစားလုပ်မှုနှင့် အကျင့်ပျက်ခြစားမှုစသည့် မသမာမှုများကြောင့် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း တရုတ်အစိုးရရှေ့နေများက ပြောကြားသည်။

—Ref: AP



REUTERS

# ပြင်သစ်နှင့် ဂျပန် နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး သဘောတူ

**တိုကျို၊ဇွန်-၈**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်ပြင်သစ်သမ္မတ ဟော်လန်ဒီတို့သည် နျူနည်းပညာနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ နှစ်နိုင်ငံအကြား ပြုလုပ်သွားရန် သဘောတူညီခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်ရုံးတွင် ပြုလုပ်သော ထိပ်သီးဆွေးနွေးပွဲ၌ ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံအကြား နျူကလီးယားပူးပေါင်းဆောင်ရွက်မှု အပြည့်အဝပြုလုပ်ရေး၊ အဏုမြူစာတ်ပေါင်းဖိုတစ်ခု ပူးတွဲတည်ထောင်ရေးတို့ကို ပါ လုပ်ဆောင်သွားရန် သဘောတူခဲ့သည်။ ထို့အပြင် ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံအကြား နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများ အပြန်အလှန်စေလွှတ်ခြင်းဖြင့် လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားရန်လည်း သဘောတူခဲ့သည်။

ထိပ်သီးဆွေးနွေးပွဲ အပြီး သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်အာဘေးက “နှစ်နိုင်ငံလုံးဟာ အတူလက်တွဲပြီး ဥပဒေစိုးမိုးမှုအပေါ် အခြေခံတဲ့ လွတ်လပ်ပွင့်လင်းတဲ့ ကမ္ဘာကိုဖန်တီးဖို့ ဆောင်ရွက်သွားပါမယ်”ဟု ဖော်ပြထားသည်။ နှစ်ဖက်ပူးတွဲထုတ်ပြန်သည့် ကြေညာချက်ထဲတွင်လည်း ဂျပန်နှင့် ပြင်သစ်နိုင်ငံတို့သည် အချို့သော ထွန်းသစ်စ အင်အားကြီးနိုင်ငံများကြောင့်ဖြစ်ပေါ်လာသော ပြဿနာများကို ပူးတွဲဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံကို သိသိသာသာရည်ညွှန်း၍ ဖော်ပြခဲ့သည်။ အာဘေးနှင့် ဟော်လန်ဒီတို့သည် မြောက်ကိုရီးယား နျူလက်နက်စွန့်လွှတ်ရေး၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတွင် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးများအပြင် အီးယူနှင့် ဂျပန်တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ဖြစ်နိုင်သမျှ အမြန်ပေါ်ထွက်ရေး ဆွေးနွေးမှုများ စတင်ရန် သဘောတူညီခဲ့သည်။

—Ref: The Yomiuri Shimbun



# Entertainment

7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

## ကျန်းမာရေးပြန်ကောင်းလာပြီဖြစ်တဲ့ မောင်မျိုးမင်း(ရင်တွင်းဖြစ်)

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇွန်-၈**

မေလ ပထမပတ်က ခန္ဓာကိုယ် ဘယ်ဘက်တစ်ခြမ်း လေဖျန်းသလိုဖြစ်ခဲ့သောကြောင့် ဆေးရုံတက်ခဲ့ရသော ဦးမျိုးမင်း(ရင်တွင်းဖြစ်)က ယခုအခါ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပြီဖြစ်ကြောင်း ပြောသည်။

"ဖြစ်တဲ့နေ့က နံနက်သုံးနာရီလောက်မှာ ရေချိုးပြီး အဲကွန်းခန်းထဲမှာ အိပ်လိုက်တာ အိပ်ရာနိုးတော့ ဘယ်ဘက်တစ်ခြမ်းက လေဖျန်းသလို ဖြစ်နေလို့ သုခကမ္ဘာမှာ တက်ခဲ့ရတယ်။ အခုတော့တော်တော်လေးကောင်းနေပါပြီ"ဟု ဦးမျိုးမင်းက ပြောသည်။

ယခုရက်ပိုင်းတွင် ကြော်ငြာတစ်ခု ထပ်မံရိုက်ကူးရန် အစီအစဉ်ရှိပြီး မေလ နောက်ဆုံးပတ်က ဟောင်ကောင်ဒါရိုက်တာနှင့် တွဲဖက်ရိုက်ကူးခဲ့ရာ မြန်မာနိုင်ငံ အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင် ၁၅ ဦးခန့်ပါဝင်သရုပ်ဆောင်ထားသည်ဟု ၎င်းက ပြောသည်။

ယင်းကြော်ငြာသည် ဆင်းရဲနွမ်းပါးမှုလွတ်မြောက်ရေးအတွက် ရည်ရွယ်၍ ရိုက်ကူးခြင်းဖြစ်ပြီး ၎င်းကိုယ်တိုင်ပါဝင်သရုပ်ဆောင်ကာ ဇာတ်ညွှန်းကိုမူ ထူးနွယ်အိမ်က ရေးသားထားသည်ဟု ဦးမျိုးမင်းက ပြောသည်။

"အဓိကကတော့ လောကကြီးမှာ အကြီးကြီးတစ်ခုဖြစ်ဖို့ သေးသေးလေးဆိုတဲ့အရာကနေ အစပြုရတယ်။ သေးသေးလေးရပြီဆိုရင် တဖြည်းဖြည်းကြီးလာအောင် ကြိုးစားရမယ်။ ဆင်းရဲမှုကနေ လွတ်မြောက်ချင်တဲ့စိတ် ရှိဖို့လိုတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ဘယ်လိုကြိုးစားရမလဲလို့စဉ်းစားတတ်ဖို့လိုတယ်။ အသိပညာတွေလိုအပ်တယ်"ဟု ယင်းကြော်ငြာ၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဦးမျိုးမင်းက ရှင်းပြသည်။

ထို့ပြင် ဇွန်လကုန်တွင် စင်ကာပူသို့သွားရောက်ဖျော်ဖြေမည့် ခရီးစဉ်အတွက် နှင်းဆီအဖွဲ့သားများ လူစုံမှ အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲမည်ဟု ၎င်းက ပြောသည်။

"ဇွန်လကုန်မှဆိုတော့မကြာခင် နေတိုးတို့ပြန်လာမယ်။ အဲဒီ



အချိန်ကျမှ စည်းဝေးတိုင်ပင်ပြီး လုပ်မယ်။ ပြတ်လုံးတွေကိုလည်း ဦးတိုးက ရောက်တဲ့နေရာဒေသနဲ့ လိုက်ဖက်တဲ့ဟာကိုရွေးပြီး တင်ဆက်လေ့ရှိတယ်"ဟု ၎င်းကပြောသည်။



## ကိုယ့်ကိုယ့်ကိုယ် ပြန်သုံးသပ်တဲ့အခါမှာ မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုပြီး ဒီတာဝန်ကို လက်ခံလိုက်တာပါ

**ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌအသစ် လူမင်းနှင့်တွေ့ဆုံခြင်း**

**အေးသူစံ၊ ဖွဲ့ညက်**

၂၀၁၂ ခုနှစ်တွင် အလှူ့ရှင်သီးသီးမှ ဆန္ဒမဲများပေးကာ စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သော ဦးဇင်ဝိုင်း ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှနုတ်ထွက်ခဲ့ရာ အဆိုပါရာထူးနေရာအတွက် နာယကအဖွဲ့ဝင်များနှင့် အစည်းအရုံးဝင်များ၏ အဆိုပြုတင်ပြမှုကြောင့် သရုပ်ဆောင်လူမင်းကို ရွေးချယ်ခဲ့သည်။ အဖွဲ့အစည်းတွင် ဦးဆောင်ရသူသည် မာယာပရိယာယ်များအသုံးပြုကာ လုပ်ဆောင်ရသည်ဟု စာအုပ်များတွင် ဖတ်ဖူးသော်လည်း ၎င်း၏လက်ထက်တွင် မာယာပရိယာယ်မသုံးဘဲ လုပ်ဆောင်မည်ဖြစ်ပြီး ထိုကဲ့သို့လုပ်ဆောင်မှုကြောင့် တာဝန်ယူရမည့်ကိစ္စများကို ရင်ဆိုင်ကာ အရိုးဆုံး အရှင်းဆုံးဖြင့် ရုပ်ရှင်လောကကို ကာကွယ်သွားမည်ဟု လူမင်းက ပြောသည်။ ဇွန်လ ၇ ရက်မှစကာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌရာထူးတာဝန် စတင်ယူခဲ့သော လူမင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

စာ(၄၁)သို့



ဓာတ်ပုံ-နစ်ကီ

## မူးယစ်ဆေး စမ်းသပ်ကြည့်ရန် တိုက်တွန်းခံရဖူးတဲ့ ဟေဒန်ပါနက်တီရေး

**နယူးယောက်စ်၊ ဇွန်-၇**

ဟောလိဝုဒ်လူငယ်သရုပ်ဆောင်မင်းသမီး ဟေဒန်ပန်နက်တီရေးသည်၎င်းမှာကလေးသရုပ်ဆောင်ဘဝကတည်းက မူးယစ်ဆေးဝါးများနှင့် အရက်များစမ်းသုံးကြည့်ရန်တိုက်တွန်းခံခဲ့ရဖူးသည်ဟုထုတ်ဖော်ပြောကြားလိုက်သည်။

ဟေဒန်ပန်နက်တီရေးသည် အသက် ငါးနှစ်အရွယ်မှစ၍ အနုပညာလုပ်ငန်းကို စတင်လုပ်ကိုင်လာရာ ယခုအခါ အနုပညာသက်တမ်းမှာ ၁၉ နှစ်ရှိပြီဖြစ်သည်။ ထို့ကြောင့် ၎င်း၏ အနုပညာသက်တမ်းတွင် မူးယစ်ဆေးဝါးများသုံးစွဲရန်နှင့် အရက်သေစာများသောက်စားရန် တိုက်တွန်းမှုများနှင့် ကြုံတွေ့ခဲ့ရပြီး ၎င်းအခြေအနေများကို မိသားစုဝင်များနှင့် သူငယ်ချင်းများ၏ အကူအညီဖြင့် ခုခံကျော်လွှားနိုင်ခဲ့သည်ဟု ဟေဒန်ပန်နက်တီရေးက ပြောကြားသည်။

မှန်မှန်ကန်ကန်၊ ကောင်းကောင်းမွန်မွန် နေထိုင်သော်လည်း ကျော်ကြားမှုအောက်၌ကြီးပြင်းရခြင်းသည်မလွယ်ကူကြောင်းနှင့် ၎င်းမှာ လင်ဆေးလိုဟန်နှင့် အမန်ဒါဘိုင်းနက်စ်ကဲ့သို့သော ပြဿနာများနှင့်အမြဲလိုရှိနေတတ်သည့်မင်းသမီးများနှင့်မကြာခဏ နှိုင်းယှဉ်ခံခဲ့ရကြောင်း ဟေဒန်ပန်နက်တီရေးက ဘီဘီစီသတင်းဌာနအား ပြောသည်။ စာ(၄၁)သို့



7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ကြည့်ရှုသူပေါင်း သန်း ၄၀၀ ကျော်တဲ့ Psy ၏ Gentleman



ဆိုးလ်၊ ဇွန်-၇

Psy ၏ Gentleman သီချင်းသည် YouTube ဝက်ဘ်ဆိုက်တွင်ကြည့်ရှုသူပေါင်း သန်း ၄၀၀ကျော်ဖြင့် နံပါတ် ၁၆ နေရာသို့ ရောက်ရှိနေကြောင်း သိရသည်။

၎င်း Gentleman သီချင်း ဗီဒီယိုမှာ ဧပြီ ၁၃ ရက်နေ့တွင် ထွက်ရှိခဲ့ကာ ကြည့်ရှုသူပေါင်း သန်း ၄၀၀ ကျော်ရှိပြီး ကြိုက်နှစ်သက်သူပေါင်း ၂ ဒသမ ၃ သန်း ကျော်ရှိသည်။ Gentleman သီချင်းသည် ဘရူနိုမားစ်၏ The Lazy Song သီချင်းကို ကျော်လွန်၍ နံပါတ် ၁၆ နေရာသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဂိုတိုင်း၏ Somebody That I used to Know သီချင်းသည် ယခုလက်ရှိ၌ Gentleman သီချင်းထက် ကြည့်ရှုသူပေါင်း ခုနစ်သန်းခန့် အသာဖြင့် နံပါတ် ၁၅နေရာ၌ ရပ်တည်နေသော်လည်း လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း Psy ၏ သီချင်းက ကျော်တက်သွားနိုင်သည်ဟု ခန့်မှန်းထားကြသည်။

Psy ၏သီချင်းဗီဒီယို သုံးခုသည် YouTube ဝက်ဘ်ဆိုက်၏ ကြည့်ရှုသူအများဆုံး ၁ မှ ၂၀ အတွင်း၌ ပါဝင်နေကြောင်းသိရသည်။ ၎င်း၏ Gangnam Style သီချင်းသည် ကြည့်ရှုသူပေါင်း ၁ ဒသမ ၆ ဘီလီယံဖြင့် နံပါတ်တစ်နေရာ၌ မြဲမြံစွာရပ်တည်နေပြီး Gentleman သီချင်းသည် ကြည့်ရှုသူပေါင်း သန်း ၄၀၀ ကျော်ဖြင့် နံပါတ် ၁၆ နေရာ၊ Psy နှင့် ဟွန်နာတို့ပူးတွဲသီဆိုထားသော Gangnam Style သီချင်းသည်လည်း ကြည့်ရှုသူပေါင်း သန်း ၃၇၀ ကျော်ဖြင့် နံပါတ် ၂၀ နေရာ၌ ရပ်တည်နေကြောင်းသိရသည်။

DpopStarz

# ရွှေမန်းတင်မောင်၏ နှစ်ပါးခွင်ကို ဦးလေးချမ်းသာနှင့်အတူ ကပြမည့် တင်မောင်ဆန်းမင်းဝင်း

ဖွဲ့ညက်

ရန်ကုန်၊ ဇွန်-၈

ဩဂုတ်လအတွင်းပြုလုပ်မည့် ‘နှစ် ၈၀ ပြည့် အလင်္ကာအလွမ်းမှတ်တမ်း’ ဖျော်ဖြေပွဲတွင် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် နောက်ဆုံးကပြခဲ့သော နှစ်ပါးခွင်ကို အပြင်မှာဖြစ်ခဲ့သည့်အတိုင်း ပုံဖော်ထားသည့်တင်ဆက်မှုပါဝင်မည်ဟု တင်မောင်ဆန်းမင်းဝင်း ကပြောသည်။

“အဖိုးနောက်ဆုံးဖျော်ဖြေခဲ့တဲ့ ပွဲကအကြောင်းအရာကို ကျွန်တော်နဲ့ဦးချမ်းသာ တွဲဖက်ပြီး အဲဒီမှာဖြစ်ခဲ့တဲ့ ပုံစံကို ကပြမယ်” ဟု တင်မောင်ဆန်းမင်းဝင်းက ပြောသည်။ယင်းဖျော်ဖြေပွဲသည်၎င်း၏ သက်တမ်းတစ်လျှောက်တွင် ပထမဆုံးပြုလုပ်သည့် အမှတ်တရပွဲဖြစ်ပြီး ယခင်က ၎င်း၏ဖခင်လက်ထက်တွင်မှ ၁၀ နှစ်ပြည့်၊ နှစ် ၅၀ ပြည့်ပွဲများ ပြုလုပ်ခဲ့သည်ဟု ၎င်းကဆိုသည်။

ဖျော်ဖြေပွဲကို ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်များတွင် ကပြဖျော်ဖြေမည်ဖြစ်ပြီး ရွှေမန်းတင်မောင်၏ မျိုးဆက်များဖြစ်သည့် ဦးညွန့်ဝင်းတို့မှ အစပြု၍ မြေးများအထိ မိသားစုဝင်အားလုံး ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။ ထို့ပြင် မန္တလေးသိန်းဇော်၊ မိုးဝင်း၊ နန်းဝင်းအစရှိသည့် ပညာရှင်များ အပြင် ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်၊ ဖိုးချစ်တို့လည်း ပါဝင်မည်ဟု သတင်းရရှိသည်။

ယင်းဖျော်ဖြေပွဲအတွက် ဇွန်လ ၂ ရက်မှစတင်၍ ဇာတ်တိုက်နေပြီး ယင်းနေ့တွင် ဇာတ်သဘင်၏ သမားစဉ်အတိုင်း လမိုင်းတင်ခဲ့သည်ဟု တင်မောင်ဆန်းမင်းဝင်း က ပြောသည်။

ထို့ပြင် သမားရိုးကျဖျော်ဖြေမှုများသာမက ရွှေမန်းတင်မောင် နိုင်ငံခြားတွင် သွားရောက်ဖျော်ဖြေခဲ့စဉ်က ကပြခဲ့သော အကများကိုလည်း ကပြမည်ဖြစ်ပြီး ယခုခေတ်ပုံစံ ဆန်းသစ်ထားသည့် ခေတ်မီသည့် အပြင်အဆင် ဖျော်ဖြေမှုများ ပါဝင်မည်ဟု ၎င်း ကပြောသည်။

အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်သည် အမေရိကန်၊ အင်္ဂလန်စသည့် နိုင်ငံများတွင် သွားရောက်ဖျော်ဖြေခဲ့သည်။ အသက် ၅၄နှစ်အရွယ်၌ မကွေးတိုင်းအတွင်းရှိ မဟာပိန္နဲလက်ပံရွာ၌ပွဲကရင်းပင်စင်ပေါ်၌ ဦးနှောက်သွေးကြောပြတ်ကာ ဆုံးပါးခဲ့ခြင်းဖြစ်သည်ဟု တင်မောင်ဆန်းမင်းဝင်း က ပြောသည်။






**Sports**

7DAY NEWS JOURNAL

Vol.12, No.14 • JUNE 12 , 2013

# ရန်ပုံငွေခြေစမ်းပွဲမှ ကွင်းဝင်ကြေး ကျပ် ၄၈ သိန်းနှင့် လေလံပွဲမှ ဒေါ်လာ ၉,၇၀၀ ရရှိ

**ဗိုလ်ဗိုလ်ဝင်း၊ ခန့်ထက်**

**ရန်ကုန်၊ ဇွန်-၁၀**

မန်ယူကစားသမားဟောင်းလေးဦးပါဝင်ကစားခဲ့သည့် ရန်ပုံငွေခြေစမ်းပွဲမှ ကွင်းဝင်ကြေး ကျပ် ၄၈ သိန်းနှင့် အမှတ်တရပစ္စည်းလေလံပွဲမှ ကန်ဒေါ်လာ ၉,၇၀၀ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

အင်ဒီကိုးလ်၊ ဒင်းနစ်အာဝင်၊ ကလေတန်ဘလက်မိုးနှင့် လီရှပ် စသည့် မန်ယူကစားသမားဟောင်းလေးဦးပါဝင်သည့် ရန်ပုံငွေခြေစမ်းပွဲကို ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ ကျင်းပခဲ့သည်။ အဆိုပါခြေစမ်းပွဲသို့ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာသတ်မှတ်ခဲ့ပြီး အထူးတန်းအပြည့် (တစ်သောင်းဝန်းကျင်)ပရိသတ်များလာရောက်အားပေးကြသည်။

မိနစ် ၇၀ ကြာ ကစားခဲ့ကြသည့် အဆိုပါခြေစမ်းပွဲတွင် မြန်မာလိဂ်ညွှန့်ပေါင်းအသင်းက မြန်မာ့လက်ရွေးစင်စီနီယာအသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူကစားသမားဟောင်းလေးဦးသည် ပထမပိုင်းနှင့် ဒုတိယပိုင်းတစ်လှည့်စီတွင် အဆိုပါနှစ်သင်း၌ ဝင်ရောက်ကစားခဲ့သည်။

ယင်းနေ့ ညပိုင်းတွင်လည်း အဆိုပါကစားသမားဟောင်းလေးဦးနှင့် ပရိသတ်များပါဝင်သည့် ညစာစားပွဲအခမ်းအနားကို ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပ၍ မန်ယူအမှတ်တရပစ္စည်းများကိုလည်း လေလံတင်ရောင်းချခဲ့သည်။ အဆိုပါညစာစားပွဲအခမ်းအနား တက်ရောက်သည့်ပရိသတ်များအတွက် လက်မှတ်တစ်စောင်တန်ဖိုးမှာ ကန်ဒေါ်လာ ၁၅၀ ဖြစ်သည်။

မန်ယူနည်းပြဟောင်း ဖာဂူဆန်၏ အမှတ်တရဓာတ်ပုံများနှင့် လက်မှတ်များ၊ မန်ယူကစားသမားဟောင်းဒေးဗစ်ဘက်ခမ်း၏ အမှတ်တရပစ္စည်းများ၊ မန်ယူကစားသမား ၁၈ ဦး လက်မှတ်ရေးထိုးထားသည့် မန်ယူအသင်းအင်္ကျီ၊ ဖာဂူဆန်နှင့် ကစားသမားဟောင်းကန်တိုနာ၊ ဘက်ခမ်းတို့၏ ဓာတ်ပုံများကို ညစာစားပွဲအခမ်းအနား၌ လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်း ကန်ဒေါ်လာ ၉,၇၀၀ ရရှိခဲ့သည်။




*ရောဝတီဖောင်ဒေးရှင်းက အလှူငွေပေးအပ်နေစဉ်* ဓာတ်ပုံ - မင်းကိုဇင်

ကွင်းဝင်ကြေးများ၊ လေလံကြေးများနှင့် စပွန်ဆာကြေးများအားလုံးကို သာကေတမြို့နယ်ရှိ မဟာဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီတဂူမျက်စိဆေးရုံနှင့် သုခရိပ်မြုံ အိတ်ချ်အိုင်ဗီပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ လှူဒါန်းမည်ဖြစ်သည်။

အဆိုပါနေရာများသို့ ရောဝတီဖောင်ဒေးရှင်းမှ ကန်ဒေါ်လာ တစ်သောင်းစီလှူဒါန်းထားပြီး ကွင်းဝင်ကြေးများ၊ လေလံပွဲမှရရှိသည့် ငွေကြေးများအပြင် ညစာစားပွဲလက်မှတ်ခများနှင့်စပွန်ဆာကြေးအားလုံးကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကာ စုစုပေါင်းရရှိသည့် ငွေကြေးပမာဏကို သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါရန်ပုံငွေခြေစမ်းပွဲကို CEA Myanmar ရောဝတီဖောင်ဒေးရှင်းနှင့် ပါ့ခ်ရွိုင်ရယ်ဟိုတယ်တို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

# ဆီးဂိမ်းလက်ခံကျင်းပမည့် အားကစားကွင်းနှင့်ရုံများ ဇူလိုင်လတွင် အပြီးတည်ဆောက်မည်



*ဝဏ္ဏသိဒ္ဓိအားကစားကွင်း* ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇွန်-၁၀**

လာမည့် ၂၀၁၃ခုနှစ် ဆီးဂိမ်းပြိုင်ပွဲလက်ခံကျင်းပမည့် အားကစားကွင်းနှင့်အားကစားရုံများကိုဇူလိုင်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။

နှစ်ပေါင်း၄၄နှစ်အကြာတွင် မြန်မာနိုင်ငံက ပြန်လည်လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို နေပြည်တော်တွင် အဓိက ပြုလုပ်သွားမည်ဖြစ်ပြီး အားကစားကွင်းနှင့် အားကစားရုံတည်ဆောက်မှုအပိုင်းအနေဖြင့် လာမည့် ဇူလိုင်လကုန်တွင် ပြီးစီးရန် လျာထားကြောင်း အားကစားဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။ “ဆီးဂိမ်းပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတွေအနေနဲ့လည်းလာရောက်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ လိုအပ်တာပြင်ဆင်ဖို့အချက်တွေလည်း ပြောထားတဲ့အပေါ်မှာ ပြန်လည်ပြင်ဆင်မှုတွေလုပ်ပါတယ်။ အားလုံးပြီးစီးသွားရင်လည်း လာရောက်စစ်ဆေးမှုတွေပြုလုပ်ဦးမှာဖြစ်ပါတယ်”ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

နေပြည်တော်တွင် ဆောက်လုပ်နေသည့် ဆီးဂိမ်းအတွက် အဓိက အားကစားကွင်းများဖြစ်သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဇေယျာသီရိကွင်းအားကစားကွင်းတို့မှာ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲ အချို့လက်ခံကျင်းပနေပြီဖြစ်သည်။ မြားပစ်အားကစားကွင်း တည်ဆောက်မှုအပိုင်းသည်လည်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး အခြားအားကစားရုံများတည်ဆောက်မှုအပိုင်းတွင်လည်း ပျမ်းမျှ ၉၀ ရာခိုင်နှုန်းနီးပါးပြီးစီးနေပြီ ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

“ဖူဆယ်အားကစားရုံနဲ့ ဘိလိယက်စနုကာအားကစားရုံတည်ဆောက်မှုအပိုင်းမှာ ၅၀ ရာခိုင်နှုန်းအောက်ပဲရှိသေးပေမယ့် သတ်မှတ်ရက်ဇူလိုင်လကုန်အတွင်း ပြီးစီးမှာပါ”ဟု တာဝန်ရှိသူက ဆိုသည်။

အားကစားနည်း ၃၃မျိုးထည့်သွင်းကျင်းပမည့် ၂၀၁၃ခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်းအများစုကို နေပြည်တော်တွင် လက်ခံကျင်းပမည်ဖြစ်ပြီး အားကစားနည်းခြောက်မျိုးနှင့် အိမ်ရှင်မြန်မာ(အမျိုးသား)ဘောလုံးအသင်းပါဝင်သည့် အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့တွင် လက်ခံကျင်းပမည်ဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲများကို မန္တလေးမြို့တွင် လက်ခံကျင်းပမည်ဖြစ်ပြီး ရွက်လှေပြိုင်ပွဲများကို ငွေဆောင်ကမ်းခြေတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းပွဲစဉ်များလက်ခံကျင်းပသည့် မန္တလေးအဆင့်မြင့်အားကစားကွင်းဆောက်လုပ်ခြင်းနှင့် ငွေဆောင်ရွက်လှေကလပ်တည်ဆောက်မှုအပိုင်းသည်လည်း ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၃ခုနှစ်ဆီးဂိမ်းပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။



# ငါးနိုင်ငံချစ်ကြည်ရေးတပ်မတော် ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ နေပြည်တော်တွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၈**

ငါးနိုင်ငံချစ်ကြည်ရေးတပ်မတော် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို နေပြည်တော်ရှိ ဇေယျာသီရိအားကစားကွင်း၌ ဇွန်လ ၆ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ တရုတ်နိုင်ငံမှတပ်မတော်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

"အိမ်နီးချင်း တပ်မတော်တွေနဲ့ ချစ်ကြည်ရေးပြိုင်ပွဲအဖြစ် တပ်မတော်အကြီးအကဲက စီစဉ်တာပါ။ မြန်မာ့တပ်မတော်ကိုယ်စားပြုအသင်းအဖြစ် မြဝတီအသင်းက ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်" ဟု လက်ရှိမြန်မာနေရှင်နယ်လိဂ်-၂ တွင် ဝင်ရောက်ယှဉ်ပြိုင်နေသော မြဝတီအသင်းအမှုဆောင်အရာရှိချုပ် ဦးမြတ်စိုးက ပြောသည်။

မြန်မာလိဂ်-၂ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်နေသော မြဝတီအသင်းသည် တပ်မတော်သားဘောလုံးသမားများဖြင့် ဖွဲ့စည်းထားသည့် ယခင်အပျော်တမ်းပြိုင်ပွဲဝင် MOD (ကာကွယ်ရေး) အသင်းကို အခြေခံဖွဲ့စည်းထားခြင်း ဖြစ်သည်။

"အရင်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှာ တပ်မတော်ဘောလုံးသမားတွေ ခြေစွမ်းပြခဲ့ကြပါတယ်။ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေတာကလည်း မြန်မာ့ဘောလုံးအားကစားအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုဖို့အတွက်ပါ" ဟု ဦးမြတ်စိုးက ပြောသည်။

ငါးနိုင်ငံ ချစ်ကြည်ရေးတပ်မတော် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြဝတီအသင်းသည် ဇူလိုင်လ ၁ ရက်မှ စတင်ကာ နေပြည်တော်၌ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြီးခဲ့သည့် မေလကုန်ပိုင်းက နေပြည်တော်သို့ရောက်ရှိခဲ့သော ထိုင်းဘုရင့်တပ်မတော်မှ Lieutenant General Tarnchaiyan Srisuwan ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံရာတွင် အာဆီယံနိုင်ငံ တပ်မတော်များ အချင်းချင်းချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။



မြန်မာနေရှင်နယ်လိဂ်-၂ တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြဝတီဘောလုံးအသင်း

# စင်ကာပူက လာအိုကို ခြေစမ်းပွဲတွင် ၅–၂ ဂိုးဖြင့် အနိုင်ယူ



ဓာတ်ပုံ - Goal

**ဗီယန်ကျင်း၊ ဇွန်-၈**

သောကြာနေ့က လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ လာအိုအမျိုးသားအားကစားကွင်းသစ်ကြီး၌ ယှဉ်ပြိုင်ကစားခဲ့သော စင်ကာပူ-လာအို ခြေစမ်းပွဲတွင် စင်ကာပူက ၅-၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။

စင်ကာပူအတွက် ဂိုးများကို အင်ဒရာဆာဒန်(၆ မိနစ်)၊ ဟာရစ်ဟာရန် (၂၆ မိနစ်)၊ ဘဟာရူဒင် (၄၁ မိနစ်)၊ ကွက် (၈၂ မိနစ်)နှင့် ဟာဖစ်ရာဟင်မ်(၈၅ မိနစ်)တို့က သွင်းယူပေးခဲ့ကာ နည်းပြသစ် ဘန့်ဒ်စတန်းအတွက်ရင်းကိုင်တွယ်သည့် နှစ်ပွဲ ဆက်တိုက်နိုင်ပွဲကို ရယူပေးခဲ့သည်။ လာအိုအသင်းမှာဂိုးသွင်းခွင့်အချို့ရခဲ့သော်လည်း ဂိုးသွင်းမသေချာမှုများကြောင့် ဆောင်ဆာဗန်(၄၈ မိနစ်)နှင့် ဆီဟာဗွန် (၆၂ မိ နစ်)တို့၏ နှစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပွဲအနိုင်နှင့် ပတ်သက်၍ စင်ကာပူနည်းပြစတန်းက "ဘောလုံးမှာ အရေးအကြီးဆုံးအပိုင်းကရလဒ်ပါ။ ကျွန်တော်တို့ ပထမပိုင်းမှာ အရမ်းကောင်းခဲ့ပြီး သုံးဂိုးရခဲ့တယ်။ အမှန်က ငါးဂိုးလောက်ရသင့်တာပါ"ဟု ပြောသည်။

စင်ကာပူသည်ဩဂုတ်လအတွင်း အိုမန်နှင့် အာရှဖလားခြေစစ်ပွဲစဉ် ကစားရမည်ဖြစ်သည်။

—Ref: CNA



7DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ဆီးဂိမ်းအကြို လှုံ့ဆော်ရေးပွဲသို့ ပြည်ပဂီတအဖွဲ့ များ လာရောက်ဖျော်ဖြေမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၈**

ကနေဒါ၊ ဂျာမနီ၊ ထိုင်းစသည့် ပြည်ပနိုင်ငံများမှ ဂီတအဖွဲ့များ လာရောက်ဖျော်ဖြေမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို လှုံ့ဆော်ရေးဖျော်ဖြေပွဲကို လာမည့် ဩဂုတ်လတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် လာရောက်ဖျော်ဖြေရန် ပြည်ပဂီတအဖွဲ့များက ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး မြန်မာအနုပညာရှင်များနှင့် ပူးပေါင်းဖျော်ဖြေရန်စီစဉ်ထားကြောင်း ADMA မီဒီယာ ဒုတိယဥက္ကဋ္ဌ ဦးဝေမင်းမောင်က ပြောသည်။

"မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲ အကြိုအစီအစဉ်အဖြစ် ကနေဒါ၊ ဂျာမနီနဲ့ ထိုင်းနိုင်ငံက ဂီတအဖွဲ့တွေက လာရောက်ဖျော်ဖြေဖို့အတွက် ကမ်းလှမ်းခဲ့ခြင်း ဖြစ်ပါတယ်။ ပရိသတ်တွေအတွက် ဝင်ကြေးအခမဲ့နဲ့ ကြည့်ရှုခွင့်ရရှိမှာ ဖြစ်ပါတယ်" ဟု ဦးဝေမင်းမောင်က ပြောသည်။

နှစ်ပေါင်း ၄၄ နှစ်အကြာတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြို လှုံ့ဆော်ရေးဖျော်ဖြေပွဲများကို ပြီးခဲ့သည့် လပိုင်းအတွင်းက ရန်ကုန်မြို့နှင့် ပြင်ဦးလွင်မြို့များ၌ ပြုလုပ်ကျင်းပခဲ့သည်။ ပြည်ပနိုင်ငံမှ ဂီတအဖွဲ့များလာရောက်ဖျော်ဖြေမည့် အဆိုပါဖျော်ဖြေပွဲကို ပြည်သူ့ဥယျာဉ်၌ ကျင်းပရန် စီစဉ်နေကြောင်း ADMA မီဒီယာကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

သို့သော် ၂နှစ်တစ်ကြိမ်ကျင်းပသည့် ဒေသတွင်းအဆင့်မြင့်ဆုံး အားကစားပြိုင်ပွဲအပေါ် ပြည်သူများ၏ စိတ်ဝင်စားမှုအနေအထားမှာ လျော့နည်းနေဆဲဖြစ်ကြောင်း လေ့လာသူများက ပြောသည်။ "ပြည်သူတွေအနေနဲ့လည်း တဖြည်းဖြည်းနဲ့တော့ စိတ်ဝင်စားမှုများ လာပါပြီ။ ဆီးဂိမ်းအကြို လှုံ့ဆော်ရေးအစီအစဉ်တွေကိုလည်း ပြိုင်ပွဲမစတင်မီ ဒီဇင်ဘာလအထိ စီစဉ်သွားမှာပါ"ဟု ဦးဝေမင်းမောင်က ဆိုသည်။



*ဆီးဂိမ်းအကြိုပြည်ထောင်စုဖလားဖွင့်ပွဲအခင်းအကျင်း* ဓာတ်ပုံ - ဇင်လင်းထွန်း




# အပူရှိန်မြင့်မားမှုကြောင့် ကာတာကမ္ဘာ့ဖလား ဆောင်းရာသီရွှေ့မည်ကိုစွ အက်ဖ်အေဥက္ကဋ္ဌ ဝေဖန်



KERIM OKTEN/EPA

**လန်ဒန်၊ ဇွန်-၈**

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် အက်ဖ်အေ၏ဥက္ကဋ္ဌ ဒေးဗစ်ဘန်စတိန်းက ၂၀၂၂ ကာတာကမ္ဘာ့ဖလားကို အပူရှိန်ကြောင့် ဆောင်းရာသီသို့ ရွှေ့ပြောင်းကျင်းပမည်ဆိုခြင်းမှာ မှားယွင်းနေသည့် အချက်ဖြစ်ကြောင်း ဝေဖန်ပြောကြားလိုက်သည်။

ဘန်းစတိုင်း၏ ဝေဖန်ချက်သည် ပြီးခဲ့သည့်လက ဖီဖာဥက္ကဋ္ဌ ဆပ်ဘလ္လတာ ပြောခဲ့သော ကာတာနိုင်ငံ၏ နွေရာသီအပူရှိန်တွင် ကမ္ဘာ့ဖလားကျင်းပရန်မှာ ယုတ္တိနည်းမကျကြောင်း ပြောကြားခဲ့မှုကို ပြန်လည်တုံ့ပြန်လိုက်ခြင်းလည်းဖြစ်သည်။ ဘန်စတိန်းက ကမ္ဘာ့ဖလားကို အချိန်ပြောင်းလဲကျင်းပရန် မဖြစ်နိုင်ကြောင်းနှင့် ပတ်သက်၍ "ကမ္ဘာ့ဖလားကျင်းပခွင့်အတွက် ခွင့်ပြုချက်တောင်းထားတာက ဇွန်၊ ဇူလိုင်တို့မှာ လုပ်ဖို့ပါ။ အဲဒါကို ဆောင်းရာသီကို ရွှေ့မယ်ဆိုရင် အခြေခံအားဖြင့် မှားယွင်းတာဖြစ်သွားပါလိမ့်မယ်။ လူတွေက ဆောင်းရာသီမှာ ကစားစေချင်ကြတယ်ဆိုရင်တော့ အဲဒီအခြေခံအချက်ပေါ်မှာပဲ သူတို့ အိမ်ရှင်လုပ်ခွင့် ကမ်းလှမ်းသင့်ပါတယ်"ဟု ပြောသည်။ ကာတာသည် ၂၀၂၂ အတွက် ကမ္ဘာ့ဖလား အိမ်ရှင်လုပ်ခွင့်ရထားပြီး ရုရှားမှာ ၂၀၁၈ ပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရထားသည်။

ဖီဖာ၏ အထွေထွေအတွင်းရေးမှူးချုပ် ဂျေရုမ်းဗယ်လ်ကီကလည်း ကာတာတွင် နွေရာသီ၌ အပူချိန် ၅၀ စင်တီဂရိတ်ကျော် ရှိနေနိုင်သည့်အတွက် ပွဲချိန်များကို ပြောင်းလဲကျင်းပသင့်ကြောင်း ပြီးခဲ့သောမတ်လက ပြောခဲ့သည်။ သို့သော် ဘန်စတိန်းက ထိုသို့ပြိုင်ပွဲကို အချိန်ပြောင်းလိုက်ပါက နှစ်စဉ် ဩဂုတ်မှ မေလအထိ ကစားနေသော ဥရောပလိဂ်များ၏ ပွဲစဉ်အချိန်ဇယားများကို ပြောင်းရွှေ့ရဖွယ်ရှိကြောင်း ပြောကြားထားသည်။ —Ref: BBC



MATT SULLIVAN/AFP

# အမျိုးသမီးသုံးဦးကို ဆယ်စုနှစ်တစ်စုကြာ ပြန်ပေးဆွဲခဲ့သူ ပြစ်မှုပေါင်း ၃၂၉ မှုဖြင့် စွဲချက်တင်

**အိုဟိုင်းယိုး၊ ဇွန်-၈**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ကလိဗ်လန်းမြို့ရှိနေအိမ်တွင် အမျိုးသမီးသုံးဦးကို ဆယ်စုနှစ်တစ်စုကြာ ဖမ်းဆီးထားခဲ့သည့် အေရီယယ်ကတ်စထရိုကို အစိုးရရှေ့နေများကစုစုပေါင်းပြစ်မှု ၃၂၉ မှုဖြင့် စွဲချက်တင်သွားမည်ဖြစ်သည်။

ကတ်စထရို (၅၂)နှစ်ကို မုဒိမ်းမှု ၁၃၉ မှု၊ ပြန်ပေးဆွဲမှု ၁၇၇ မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခုနစ်မှု၊ အကြမ်းဖက်မှုသုံးမှု၊ ရာဇဝတ်မှုတွင် အသုံးပြုသည့်ပစ္စည်းများ ပိုင်ဆိုင်မှုနှင့် ဖမ်းဆီးထားသူ အမျိုးသမီးများ ကိုယ်ဝန်ဖျက်ချရာတွင် သေဆုံးခဲ့ရသည့် ကလေးငယ်များကို သတ်ဖြတ်မှုနှစ်မှု၊ စုစုပေါင်းပြစ်မှု ၃၂၉ မှုနှင့် အစိုးရရှေ့နေများက စွဲချက်တင်မည်ဖြစ်သည်။

ပြီးခဲ့သည့်လအတွင်း ကတ်စထရိုသည် မုဒိမ်းမှုသုံးခုနှင့် ပြန်ပေးဆွဲမှုလေးမှုတို့ဖြင့် စွဲချက်တင်ခံထားရသည်။ ၎င်းကို စွဲချက်တင်ရန် အချက်အလက်များ ဆက်လက်ရှာဖွေကာ ဂျူရီအဖွဲ့သို့တင်ပြသွားမည်ဟု အစိုးရရှေ့နေများက ပြောသည်။ စွဲချက်တင်မှုများ ပြည့်စုံပြီးနောက် ဤအမှုကို သေဒဏ်ချမှတ်ရေး တောင်းဆိုမည့်ကိစ္စကို ကော်မတီတစ်ရပ်က ဆုံးဖြတ်မည်ဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောသည်။

ဖမ်းဆီးခံခဲ့ရသူ မစ္စစ်နိုက်သည် ငါးကြိမ်တိုင်တိုင် ကိုယ်ဝန်ပျက်ကျသည်အထိဝမ်းဗိုက်ကိုထိုးနှက်ခံခဲ့ရပြီး အနည်းဆုံးသီတင်းနှစ်ပတ်ကြာ အစာအငတ်ထားခံခဲ့ရကြောင်း အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။ နောက်ထပ်ဖမ်းဆီးခံရသူတစ်ဦးဖြစ်သည့်မစ္စစ်ဘယ်ရီကလေးမွေးဖွားစဉ်က မစ္စစ်နိုက်ကို မစ္စတာကတ်စထရိုကအတင်းအဓမ္မကူညီခိုင်းခဲ့ပြီး ကလေးအသက်သေဆုံးပါက ၎င်းကို သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း မစ္စစ်နိုက်က ပြောသည်။ ယင်းကလေးငယ်မှာ အသက်ရှူ ရပ်သွားသောကြောင့် မစ္စစ်နိုက်က နှုတ်ခမ်းချင်းတေ့၍ အသက်ပြန်ရှူနိုင်ရန် ကူညီပေးခဲ့ရသည်ဟု အာဏာပိုင်များက ပြောသည်။ *—Ref: BBC*

# ဘိုလီးဘီးယားတွင် မုဒိမ်းကျင့်လူသတ်သည်ဟုယူဆကာ ဒေါသထွက်နေသည့်လူအုပ်က လူတစ်ဦးကို အရှင်လတ်လတ်မြေမြှုပ်

**လာပက်ခ်၊ ဇွန်-၈**

ဘိုလီးဘီးယားနိုင်ငံ၊ ကိုလ်ကွေချာကာမြို့တွင် သေဆုံး သူအမျိုးသမီးတစ်ဦးအား မုဒိမ်းကျင့်သတ်ဖြတ်သူဟု သံသယရှိသူ ဆယ်ကျော်သက်လူငယ် တစ်ဦးကို ဒေါသထွက်နေသည့် လူအုပ်က အရှင်လတ်လတ် မြေမြှုပ်နှံလိုက်ကြကြောင်း နိုင်ငံပိုင်သတင်းဌာနက ဇွန်လ ၇ ရက်တွင် ကြေညာသည်။

ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာသို့ မအပ်နှံဘဲ ဝိုင်းဝန်းအပြစ်ပေးမှုတွင် စတင်သည်ဟု မသက်သာသူနှစ်ဦးအား တရားစွဲဆိုနိုင်ရန် ဆောင်ရွက်နေကြောင်း အစိုးရရှေ့နေများက သတင်းထောက်များအား ပြောသည်။

မစ္စလီယန်အန်ဒရာ အေရီးယက်စ်(၁၅)နှစ်အား ဆန့်တို့စ်ရားမို့စ် (၁၇) နှစ်က မုဒိမ်းကျင့်သတ်ဖြတ်သည်ဟု ဒေါသထွက်နေသောလူအုပ်က ယူဆပြီး၎င်းအား အရှင်လတ်လတ်မြေမြှုပ်ရာတွင် အလောင်း ရယူရန်ကြိုးစားသည့် ရဲများကိုယင်းလူအုပ်ကတုတ်များ၊ ကျောက်ခဲများဖြင့် ခုခံခဲ့ကြကြောင်း ဘိုလီးဘီးယားနေ့စဉ်သတင်းစာ လာရာဇွန်က ဖော်ပြသည်။

ကိုလ်ကွေချာကာမြို့သည် ဘိုလီးဘီးယားနိုင်ငံ မြို့တော်လာပက်ဇ်၏ အရှေ့တောင်ဘက်ရှိ မဖွံ့ဖြိုးသော ပိုတိုစီခရိုင်တွင် တည်ရှိသည်။

*—Ref: Reuters*






7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# ပါကစ္စတန်နိုင်ငံတွင် နေတိုးထောက်ပံ့ရေးယာဉ်တန်း တိုက်ခိုက်ခံရပြီး လူခြောက်ဦးသေဆုံး



AFP

**ပက်ရှဝါ၊ ဇွန်- ၁၀**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ နေတိုးအဖွဲ့ထောက်ပံ့ရေးယာဉ်တန်းကို စစ်သွေးကြွများက အမြောက်များ၊ စက်သေနတ်များဖြင့် ဇွန် ၁၀ ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ယာဉ် သုံးစီးမီးလောင်ခဲ့ပြီး အနည်းဆုံး ခြောက်ဦး သေဆုံးခဲ့သည်ဟု ပါကစ္စတန်အရာရှိများက ပြောသည်။

"အနည်းဆုံးနေတိုးယာဉ်သုံးစီးလောက်မီးလောင်သွားတယ်။ လူလေးဦး ပွဲချင်းပြီးသေဆုံးတယ်။ နှစ်ဦးကတော့ ဆေးရုံရောက်ပြီး မကြာခင်ပဲ သေသွားတယ်"ဟု အရာရှိအက်ဖမ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

နေတိုးမော်တော်ယာဉ်လေးစီးပစ်ခတ်တိုက်ခိုက်ခံရပြီး သုံးစီးမီးလောင်သွားကြောင်းနှင့် သေဆုံးသွားသူများမှာ ပါကစ္စတန်လူမျိုးယာဉ်မောင်းများနှင့် ၎င်းတို့၏လက်ထောက်များဖြစ်ကြကြောင်း အခြားအရာရှိတစ်ဦး အက်မာတူလာဝါဇာကပြောကြားသည်။

စစ်သွေးကြွများသည် ဒုံးကျည်များနှင့် စက်သေနတ်များကို အသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပါကစ္စတန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးအထူးတပ်ဖွဲ့များအတွက် အဓိကဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး ထောက်ပံ့ရေးပစ္စည်းများကို ကရာချိမြို့ပင်လယ်ဆိပ်ကမ်းမှ နယ်စပ်သို့ဖြတ်ကျော်၍ပေးပို့ခြင်းဖြစ်သည်။

၂၀၁၁ နိုဝင်ဘာမှ ၂၀၁၂ ဇူလိုင်လအထိ ပါကစ္စတန်တို့က အာဖဂန်နယ်စပ်လမ်းကြောင်းကို ပိတ်ထားခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ၂၀၁၅ ကုန်ဆုံးသည်အထိ နေတိုးယာဉ်တန်းကို အာဖဂန်နစ္စတန် နိုင်ငံအတွင်း သွားလာခွင့်ပြုသော သဘောတူညီမှုတစ်ရပ်ရရှိခဲ့ကြောင်း သိရသည်။

—*Ref: AFP*

# နိုင်ဂျီးရီးယားအစ္စလာမ်မစ်များ ခေါင်းတလားအတွင်း သေနတ်များဝှက် တိုက်ခိုက်မှုကြောင့် လူ ၁၃ ဦး သေဆုံး

**မိုင်ဒူဂူရီ၊ ဇွန်-၁၀**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မိုင်ဒူဂူရီမြို့တွင် အစ္စလာမ်မစ် အကြမ်းဖက်သမားဟု သံသယရှိသူများက ခေါင်းတလားတစ်ခုအတွင်း သေနတ်များဝှက်၍ သယ်ဆောင်ကာ အစိုးရတပ်သို့သတင်းပေးသူများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများက ဇွန်လ ၉ ရက်တွင် ပြောသည်။

မိုင်ဒူဂူရီမြို့ရှိ စခန်းများနှင့် ချဒ်နိုင်ငံနှင့် နိုင်ဂျာနိုင်ငံ နယ်စပ်များအနီးမှ ဘိုကိုဟာရမ်အဖွဲ့ဝင်များကို နိုင်ဂျီးရီးယားစစ်တပ်က တိုက်ထုတ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။ ဇွန်လ ၇ ရက်က လူဆယ်ဦးခန့်သည် ကားတစ်စီးပေါ်တွင် ခေါင်းတလားတစ်ခုတင်ဆောင်ပြီး မိုင်ဒူဂူရီမြို့သို့ အသုဘချမည့်ပုံစံ ဟန်ဆောင်ဝင်ရောက်ကာ ယခင်က အစိုးရစစ်တပ်အား ကူညီပေးခဲ့သူများ၏ အိမ်များကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဒေသခံ ၁၃ ဦးကို ဘိုကိုဟာရမ်အဖွဲ့က ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး အစိုးရစစ်တပ်က ဘိုကိုဟာရမ်သောင်းကျန်းသူခြောက်ဦးကို ပစ်သတ်ခဲ့ကြောင်း မျက်မြင်တွေ့သူ ဆာလိအီဘရာဟင်က ပြောသည်။ ဘိုကိုဟာရမ်အဖွဲ့ကို ဖမ်းဆီးရန် ဒေသခံများက အစိုးရတပ်ဖွဲ့သို့ သတင်းများ ပေးခဲ့သောကြောင့် ယခုကဲ့သို့ လာရောက်လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း အခြားတွေ့ရှိသူတစ်ဦးဖြစ်သည့် အလီမူဆာက ပြောသည်။

—*Ref: Reuters*

နောက်ကျောဖုံးမှ

## ဒုတိယမြောက် အမျိုးသမီး အာကာသယာဉ်မှူးတစ်ဦးကို ကမ္ဘာပတ်လမ်းအတွင်း တရုတ်စေလွှတ်

တရုတ်နိုင်ငံ၏ ယခုတစ်ကြိမ်အာကာသယာဉ်စေလွှတ်မှုသည် အာကာသအတွင်း လူသားယာဉ်မှူးများ အချိန်ပြည့်နေနိုင်သည့် စခန်းတစ်ခုဆောက်လုပ်နိုင်ရန် ပြင်ဆင်နေမှု၏ အရေးပါသော အစိတ်အပိုင်းလည်းဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် ပထမဆုံးလူသားအာကာသယာဉ်မှူးကို စေလွှတ်နိုင်ခဲ့ပြီး ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူး လျူယန်းကို ယမန်နှစ် ဇွန်လက အာကာသအတွင်း စေလွှတ်နိုင်ခဲ့သည်။ လျူယန်းသည် ထိုစဉ်က အာကာသအတွင်း ၁၃ ရက်ကြာ နေထိုင်ခဲ့ပြီး နိုင်ငံ၏ အရှည်ကြာဆုံးအာကာသမစ်ရှင်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ —*Ref: AFP*

# တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်သစ် ကုသခံရသူလျော့ကျလာ

**ဘေဂျင်း၊ ဇွန်-၁၀**

တရုတ်နိုင်ငံတွင် $H_7N_9$ ကြက်ငှက်တုပ်ကွေး ကူးစက်ခံရမှုကြောင့် ဆေးရုံတွင် ကုသခံနေရသော လူနာမှာ ၁၄ ဦးသာ ရှိတော့ကြောင်း တရုတ်အမျိုးသားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

တရုတ်အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ နိုင်ငံတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း အတည်ပြုမှတ်တမ်းတင်ထားသူ ၁၃၁ ဦးရှိခဲ့ပြီး ယင်းမှ ၃၉ ဦး သေဆုံး၍ ၇၈ ဦးမှာ ကျန်းမာရေးပြန်ကောင်းကာ ဆေးရုံမှဆင်းသွားပြီဖြစ်ပြီး ၁၄ ဦးကိုသာ ကုသနေဆဲဖြစ်သည်ဟု ဆိုသည်။ တိုင်ပေတွင်မူ ရောဂါဖြစ်ပွားမှု တစ်ခု ရှိခဲ့သည်။

အဆိုပါငှက်တုပ်ကွေးဗိုင်းရပ်စ်သစ် ပေါ်ပေါက်ပြီးနောက် ရောဂါပိုးမှာ လူမှလူသို့ကူးစက်ပြီး ကပ်ရောဂါတစ်ရပ်အဖြစ် အသွင်ပြောင်းသွားမည်ကို စိုးရိမ်ပူပန်မှုများပေါ်ထွက်ခဲ့သည်။ ဓာတ်ခွဲစမ်းသပ်ချက်များအရလည်း အချို့သော ရောဂါကူးစက်ထားသည့် လူနာများမှာ ကုသပေးနေသော ဆေးဝါးအချို့ကို ခုခံနိုင်စွမ်းရှိနေ၍ ဆေးမတိုးမည်ကို စိုးရိမ်နေကြောင်း မေလထုတ် The Lancet ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံတွင်ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ဆောင်းရာသီအကုန် ပူနွေးသောရာသီအရောက်တွင် ယခုနှစ်များအတွင်း မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ —*Ref:AFP*

နောက်ကျောဖုံးမှ

## ဘင်ဂါဇီ မငြိမ်မသက်မှု ဖြစ်ပြီးနောက် လစ်ဗျားစစ်ဦးစီးချုပ် နုတ်ထွက်

ဇွန်လ ၈ ရက်က ဘင်ဂါဇီမြို့တွင်ဖြစ်ပွားခဲ့သော 'လစ်ဗျားနိုင်ငံ၏ဒိုင်း'ဟုခေါ်ဝေါ်သော လက်နက်ကိုင်အဖွဲ့ကို ၎င်းတို့၏ စစ်တန်းလျားများမှ ထွက်သွားရေး ဆန့်ကျင်ဆန္ဒပြမှုများအတွင်း ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ လူပေါင်းဒါဇင်နှင့်ချီ၍ သေဆုံးခဲ့သည်။ ယင်းအဖွဲ့မှာ ၂၀၁၁ ခုနှစ်က အာဏာရှင်ဟောင်း ကဒါဖီကို ဖြုတ်ချခဲ့သော လက်နက်ကိုင်များကို စုစည်းထားသောအဖွဲ့ဖြစ်သည်။—*Ref: AFP*

နောက်ကျောဖုံးမှ

## ဂျပန် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ အမေရိကန်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မည်

ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ကမူ တရုတ်နိုင်ငံက ယင်းသို့ပြောကြားခြင်းရှိ၊ မရှိ အတည်ပြုပြောကြားခြင်းမရှိဘဲ စစ်ရေးလေ့ကျင့်မှု ဆက်လက် လုပ်ဆောင်သွားမည်ဟု ပြောသည်။

ဂျပန်နိုင်ငံသည် တောင်ပိုင်းနယ်စပ်ဒေသများနှင့် ပင်လယ်ရေပိုင်နက်ကို ကာကွယ်ရန်နှင့် ပိုမိုစောင့်ကြပ်နိုင်ရန် တပ်သားများကို ပြန်လည်နေရာချထားလျက်ရှိသည်။ ဂျပန်တပ်မတော်မှ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း မစ္စတာ တာကာချီအီနိုယီက ပြောသည်။

အရဏ်ဦးလျှပ်တစ်ပြက်တိုက်ခိုက်မှုဟု အမည်ပေးထားသော ပူးပေါင်းစစ်ရေးလေ့ကျင့်ခြင်းမှာ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၏ လျှပ်တစ်ပြက်တပ်ဖြန့်ခြင်းစွမ်းရည်၊ နယ်မြေကာကွယ်ရေး (သို့မဟုတ်) သဘာဝဘေးအန္တရာယ်ကျခံရသူများကို ကယ်ဆယ်ရေးစွမ်းရည် မြင့်တက်လာစေရန်အတွက် အမှန်တကယ်လိုအပ်သည့် စွမ်းရည်များ ရရှိစေရန် ပူးတွဲလေ့ကျင့်မည်ဖြစ်ကာ ဇွန်လ ၂၈ ရက်တွင် ပြီးဆုံးမည်ဟု ၎င်းက ပြောသည်။

ယင်းစစ်ရေးပူးတွဲလေ့ကျင့်မှုသို့ဂျပန်နိုင်ငံကတပ်သား၁,၀၀၀ နှင့် စစ်ရေယာဉ်သုံးစီး၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်လေးစီး စေလွှတ်သွားမည်ဖြစ်ပြီး နယူးဇီလန်နှင့် ကနေဒါနိုင်ငံ စစ်တပ်များမှ ပူးပေါင်းပါဝင် လေ့ကျင့်မည်ဖြစ်ကြောင်း မစ္စတာအီနိုယီက ပြောသည်။

—*Ref: AP*








အိမ်ထောင်ရေးသုခပြည့်စုံပြီး အောင်မြင်သောမိသားစုဘဝ ပိုင်ဆိုင်စေဖို့ Top-Roll (တော့ပ်ရိုး) သောက်ကြစို့ ...
Korean Ginseng
Multivitamins & Minerals
Top-Roll
Soft Caps.
အိမ်ထောင်ရှင်များအတွက်
ခွန်အားပြည့်ကိုယ်ရှိယားရှင်သန်အားဆေး
100 mg
Top-Roll
DAE HWA PHARM.CO.,LTD.
MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590, 2-3/ 391644-50
MEDICAL




ပွေး၊ ညှင်း၊ ယားနာကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
Nizoral
ketoconazole
စိုထိုင်းပြီး အနံ့အသက်
မကောင်းသော
အဝတ်အစားများကြောင့်
ပွေး၊ ညှင်း၊ ပေါက်ခြင်း၊
အစိုဓာတ်များသော
မိုးရာသီတွင် ရေစွတ်နှင့်
အညစ်အကြေးများကြောင့်
မှိုနှင့် ယားနာအဖု ဖြစ်ခြင်း၊
ဖွေး ချေးရှိ ခြေစွပ်များ
ကြောင့်ခြေချောင်းကြား
အစေ့ကြားတွင် ယားယံ
ပေါက်ပြီး အဖုများဖြစ်ခြင်း၊
ဆေးလိမ်းပြီး (၁)နာရီအတွင်း
အရေပြားထဲသို့ စိမ့်ဝင်ရောက်ပြီး
(၁၆) နာရီကြာခံသော ဆေးအာနိသင်အစွမ်းကြောင့်
တစ်နေ့တစ်ကြိမ်သာ လိမ်းရန်လိုသည်။
တစ်နေ့တစ်ကြိမ်
မှန်မှန်လိမ်းပါ
Nizoral ketoconazole cream
Nizoral cream ketoconazole
5 g cream
JANSSEN-CILAG
Nizoral သည်အရေပြားရောင်ရမ်းခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အရေပြားရောဂါအမျိုးမျိုးနှင့်
မှိုရောဂါအမျိုးမျိုးတို့ကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ပျောက်ကင်းစေပါသည်။
JANSSEN-CILAG

7 DAY NEWS JOURNAL

# International

Vol.12, No.14 • JUNE 12 , 2013

## ဘင်ဂါဇီ မငြိမ်မသက်မှု ဖြစ်ပြီးနောက် လစ်ဗျားစစ်ဦးစီးချုပ် နုတ်ထွက်

**ထရီပိုလီ၊ဇွန်-၁၀**

အမျိုးသားစစ်တပ်ဖွဲ့စည်းရေး နှောင့်နှေးမှုကြောင့် ဝေဖန်ခံနေရသော လစ်ဗျားစစ်ဘက်အကြီးအကဲ ဗိုလ်ချုပ်ကြီးယူဆက်ဖ်အယ်လ်မန်းဂေါ့ရှ်သည် ဘင်ဂါဇီမြို့ ရင်ဆိုင်တိုက်ခိုက်မှုများကြောင့် လူ ၃၁ ဦး သေဆုံးပြီး တစ်ရက်အကြာတွင် နုတ်ထွက်သွားကြောင်း လစ်ဗျားနိုင်ငံ၏ အမြင့်ဆုံးနိုင်ငံရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

"စစ်ဦးစီးချုပ်က နုတ်ထွက်လွှာတင်သွင်းခဲ့ပြီး ကွန်ဂရက်က လက်ခံခဲ့ပါတယ်"ဟု အထွေထွေ အမျိုးသား ကွန်ဂရက်အဖွဲ့ဝင် အဗ္ဗဒူလာအယ်လ်ဂျီမာတီက ပြောကြားသည်။ ကွန်ဂရက်ကလည်း ၎င်းကို တာဝန်မှ ဆိုင်းငံ့ရန် ပြင်ဆင်နေခဲ့ကြောင်းလည်း ၎င်းက ပြောသည်။

ဗိုလ်ချုပ်ကြီး မန်းဂေါ့ရှ်၏ နုတ်ထွက်မှုကို မဲခွဲဆုံးဖြတ်ခဲ့ကြောင်း အခြားကွန်ဂရက်အဖွဲ့ဝင်တစ်ဦးကလည်း ပြောကြားပြီး နိုင်ငံမှ လက်နက်ကိုင်အုပ်စုများကို ဖျက်သိမ်းကာ ၎င်းတို့ကို ပုံမှန်လုံခြုံရေးတပ်ဖွဲ့များနှင့် ပေါင်းစည်းရေး အစီအစဉ်တစ်ရပ် ဖော်ထုတ်ရန် အစိုးရကို အမျိုးသား ကွန်ဂရက်က အချိန်နှစ်ပတ်ပေးထားကြောင်း ၎င်းကပြောသည်။

စာမျက်နှာ ၄၆ ››



MAHMUD TURKIA/ AFP



GAMALIEL/ AFP

ဇွန် ၁၀ ရက်က ကူပန်ရှိ အယ်လ်တာရီလေဆိပ်သို့ အရေးပေါ်ဆင်းခဲ့ရသည့် မာပတိနူဆန်တာရာလေကြောင်းလိုင်းမှ MA-60 လေယာဉ်ရှေ့တွင် ရပ်နေသော အင်ဒိုနီးရှားလေတပ်တာဝန်ရှိသူများ

## ဒုတိယမြောက် အမျိုးသမီး အာကာသယာဉ်မှူးတစ်ဦးကို ကမ္ဘာပတ်လမ်းအတွင်း တရုတ်စေလွှတ်

**ဘေဂျင်း၊ ဇွန်- ၁၀**

တရုတ်နိုင်ငံသည် အာကာသအတွင်းသို့ နိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးအာကာသယာဉ်မှူး တစ်ဦးကို ကမ္ဘာပတ်လမ်းအတွင်းသို့ စေလွှတ်ခဲ့ကြောင်းသိရသည်။

အဆိုပါအမျိုးသမီးယာဉ်မှူး အမည်မှာ ဝမ်ယတ်ပင်းဖြစ်ပြီး ရှန်ကျိုး- ၁၀ ဟုအမည်ပေးထားသည့် အာကာသယာဉ်ငယ်ဖြင့် ကမ္ဘာပတ်လမ်းအတွင်း ၁၅ ရက်ကြာ နေထိုင်သွားမည်ဖြစ်သည်။ ယာဉ်ကိုဇွန် ၁၀ ရက်တွင် လောင်းမတ်ချ်ဒုံးပျံဖြင့်ပစ်လွှတ်ခဲ့ပြီး ၎င်းနှင့်အတူ အခြားယာဉ်မှူးနှစ်ဦးလည်း လိုက်ပါသွားသည်။ ယာဉ်သည် ကမ္ဘာပတ်လမ်းထဲတွင် တီယန်ဂေါင်- ၁၀ ဓာတ်ခွဲခန်းယာဉ်ဖြင့် ချိတ်ဆက်မည်ဖြစ်ပြီး ယာဉ်မှူးများက ဓာတ်ခွဲခန်းတွင်းသို့ ဝင်ရောက်ကာ စမ်းသပ်မှုများပြုလုပ်မည်ဖြစ်သည်။ စာမျက်နှာ ၄၆ ››



REUTERS

## ဂျပန် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ အမေရိကန်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ဆန်ဒီရေဂို၊ဇွန်-၁၀**

ဂျပန်တပ်မတော်၏ ကုန်းကြောင်း၊ ရေကြောင်း တိုက်ခိုက်ရေး စွမ်းရည်မြှင့်တင်ရန် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ် တောင်ပိုင်းကမ်းရိုးတန်းတွင် လာမည့်သီတင်းနှစ်ပတ်အတွင်း ပူးပေါင်းစစ်ရေးလေ့ကျင့်သွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးတပ်မှ ပြောခွင့်ရပုဂ္ဂိုလ် တာကာချီအီနိုယီက ပြောသည်။

တရုတ်သမ္မတစီကျင်းပင်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့ တွေ့ဆုံပြီး နှစ်ရက်အကြာတွင် ယင်းစစ်ရေးပြလေ့ကျင့်မည့်သတင်း ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဇွန်လ ၁၁ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည့် အမေရိကန်- ဂျပန် ပူးပေါင်းစစ်ရေး လေ့ကျင့်မှုကို တရုတ်နိုင်ငံက ဖျက်သိမ်းခိုင်းခဲ့ကြောင်း ဂျပန်နိုင်ငံရှိ ကျိုဒိုသတင်းဌာနကဖော်ပြသည်။

စာမျက်နှာ ၄၆ ››

## အီရန်နိုင်ငံတွင် အာကာသစောင့်ကြည့် စစ်ဆေးရေးဗဟိုဌာန ဖွင့်လှစ်

**အာရက်ခ်၊ဇွန်-၁၀**

ဇွန်လ ၉ ရက်တွင် အီရန်နိုင်ငံ အလယ်ပိုင်း မာကက်ဇီခရိုင်၌ အီရန်နိုင်ငံ၏ ပထမဆုံး အာကာသစောင့်ကြည့်စစ်ဆေးရေးဗဟိုဌာနကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်နှင့် ကာကွယ်ရေးဝန်ကြီး အာမက်ဗာဟီဒီတို့ တက်ရောက်ခဲ့ကြောင်း အီရန်နိုင်ငံ၏ မေဟာသတင်းအေဂျင်စီက ပြောကြားသည်။

Imam Jafar Sadeq အာကာသ စောင့်ကြည့်ရေးစစ်ဆေးရေး ဗဟိုဌာနကို အီရန် အီလက်ထရွန်နစ် စက်မှုလုပ်ငန်းများမှ ကျွမ်းကျင်ပညာရှင်များက ဒီဇိုင်းရေးဆွဲတည်ဆောက်ထားပြီး ယင်းဌာနကို ဂြိုဟ်ပတ်လမ်းကြောင်း၌ ဖြတ်သန်းသွားလာနေသော အရာဝတ္ထုများ စောင့်ကြည့်ရာတွင် အသုံးပြုမည်ဖြစ်သည်။

ယင်းဌာနကို အီရန်နိုင်ငံ၏ အာကာသယာဉ်နှင့် အာကာသပစ္စည်းများ လုံခြုံရေးထိန်းသိမ်းနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး ဌာနသည် အာကာသတွင်းရှိ အရာဝတ္ထုများကို စောင့်ကြည့်ရန် ရေဒါ၊ ကင်မရာနှင့် ရေဒီယိုစနစ်များကို အသုံးပြုထားကြောင်း ကာကွယ်ရေးဝန်ကြီး ဗာဟီဒီက ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် အခြားနိုင်ငံများသို့၎င်းသိရှိထားသော အချက်အလက်များကိုလည်း ဝေမျှသွားမည်ဖြစ်ပြီး အီရန်အာကာသလုပ်ငန်းတွင် ရရှိထားသည့် အောင်မြင်မှုများကိုလည်း လာမည့်အနာဂတ်တွင် ကြေညာသွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

—*Ref: New Straits Times*



# FOREVER GROUP

MRTV-4 | Channel 7

MRTV-4၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း၊ ဟံသာဝတီအဝိုင်းအနီး၊ ပြည်လမ်း၊ ရန်ကုန်မြို့။

ဖုန်း - 501714, 535841, 534760 (Ext-516)

Email : fgsimthang@gmail.com

**Forever Group Co.,Ltd, Forever Blossom Co.,Ltd, Forever BEC-TERO Co.,Ltd, Myanmar Online Co.,Ltd, Myanmar Index Creative Village Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။**

**Production အလုပ်သင်ဝန်ထမ်း** — ကျား (၁၅၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့) တက္ကသိုလ်တက်ရောက်နေသူဖြစ်ရမည်။
- အင်္ဂလိပ်စာ အခြေခံအရေး/အဖတ်ကောင်းမွန်ရမည်။
- HD Camera (သို့) Video Camera ရိုက်ကူးမှုအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- အချိန်၊ နေရာ၊ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကျန်းမာရေးအထူးကောင်းမွန်သူဖြစ်ရမည်။ အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အလုပ်သင်ဝန်ထမ်းများအဖြစ် ရွေးချယ်ခံထားရသူများအား လုပ်ငန်းခွင်စာတွေ့၊ လက်တွေ့ သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလပြီးဆုံးပါက လုပ်ငန်းကျွမ်းကျင်မှုနှင့် ကြိုးစားမှုအပေါ်မူတည်၍ Camera Man & Camera Assistant ရာထူးများသို့ တိုးမြှင့်ခန့်အပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ရိုက်ကူးထုတ်လွှင့်မှုများအား ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အရေးရရှိနိုင်မည်ဖြစ်သည်။

**Camera Man** — ကျား (၃၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့) တက္ကသိုလ်တက်ရောက်နေသူဖြစ်ရမည်။
- အင်္ဂလိပ်စာ အခြေခံအရေး/အဖတ်ကောင်းမွန်ရမည်။
- HD Camera (သို့) Video Camera ရိုက်ကူးမှုကျွမ်းကျင်ရမည်။ အနည်းဆုံးအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- အရပ် ၅ ပေ ၆ လက်မအထက်ရှိပြီး ကိုယ်အလေးချိန် ၁၀၀ - ၁၅၀ အတွင်း ရှိရမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။ မိမိရိုက်ကူးထားသော နမူနာ Program များ တင်ပြနိုင်ရမည်။
- စည်းကမ်းစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ အချိန်၊ နေရာ၊ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။ ကျန်းမာရေးအထူးကောင်းမွန်သူဖြစ်ရမည်။ Team Work လုပ်ဆောင်နိုင်ရမည်။

**Floor Manager** — ကျား/မ (၁၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။ အသက် ၂၂ နှစ်မှ ၃၀ နှစ်အတွင်း ရှိရမည်။
- Television Studio အတွင်းရှိအစီအစဉ်ရိုက်ကူးရေးဆိုင်ရာ Production Floor ကိုတာဝန်ယူစီမံခန့်ခွဲနိုင်ရမည်။
- Studio Schedules အတိုင်း အချိန်မှန်ရိုက်ကူးရေးစတင်နိုင်အောင် တာဝန်ယူနိုင်ရမည်။
- Production Director, Camera Man နှင့် Third Party များကိုချိတ်ဆက်၍ Co-Ordinate လုပ်နိုင်ရမည်။ Production ပြုလုပ်ချိန်တွင် Studio ၏ စည်းကမ်းအတိုင်းဆောင်ရွက်နိုင်ရန် အဖွဲ့သားများအားလုံးကို ဦးဆောင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ နေ့စဉ် Report ပေးနိုင်ရမည်။ နေ့၊ ည တာဝန်ထမ်းဆောင်နိုင်ရမည်။ ကျန်းမာရေးအထူးကောင်းမွန်ရမည်။

**TV Studio Manager** — ကျား/မ (၁၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ Management နှင့်ပတ်သက်၍ ဘွဲ့ရရှိပြီးသူ ဦးစားပေးမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။ အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်း ရှိရမည်။
- Television Studio အတွင်းရှိ Equipment များကို ကောင်းစွာသိရှိနားလည်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ရမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူ ဖြစ်ရမည်။
- Studio ၏ Production Schecule ကို အဆင်ပြေချောမွေ့အောင် စီမံခန့်ခွဲနိုင်ရမည်။
- မိမိလက်အောက်ရှိ Studio ဝန်ထမ်းများအား စီမံအုပ်ချုပ်နိုင်ရမည်။ နေ့စဉ် Report ပေးနိုင်ရမည်။
- Television Studio Management အတွေ့အကြုံရှိသူ ဦးစားပေးမည်။ စည်းကမ်းရှိ၍ စနစ်တကျကိုင်တွယ် လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ နေ့၊ ည တာဝန်ထမ်းဆောင်နိုင်ရမည်။ ခရီးသွားလာနိုင်ရမည်။
- ကျန်းမာရေးအထူးကောင်းမွန်ရမည်

**TV Studio Sound Engineer** — ကျား/မ (၁၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ Audio နှင့်ပတ်သက်သော ဘွဲ့ (သို့) ဒီပလိုမာရရှိထားသူ ဦးစားပေးမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။
- Audio နှင့်ပတ်သက်၍ Microphone, Mixer, Audio Equipment များနှင့်ပတ်သက်၍ ကျွမ်းကျင်ရမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- စည်းကမ်းရှိ၍ စနစ်တကျကိုင်တွယ် လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- နေ့၊ ည တာဝန်ထမ်းဆောင်နိုင်ရမည်။ ခရီးသွားလာနိုင်ရမည်။ ကျန်းမာရေးအထူးကောင်းမွန်ရမည်။

**TV Studio Lighting Engineer** — ကျား/မ (၁၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ B.E (E.P).AGTI (EP) ရရှိထားသူ ဦးစားပေးမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။
- TV Studio အတွင်းရှိ Lighting Equipment များအကြောင်း နားလည်ပြီး ကိုင်တွယ်အသုံးပြုနိုင်ရမည်။ အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။
- TV Production Process များကို နားလည်သူဖြစ်ရမည်။ Lighting နှင့်ပတ်သက်၍ အရောင်သဘောတရားများနှင့် Lighting အခြေခံ Technique များကို ကောင်းမွန်စွာ နားလည်ရမည်။
- Electric နှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- စည်းကမ်းရှိ၍ စနစ်တကျကိုင်တွယ် လုပ်ကိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- နေ့၊ ညတာဝန် အချိန်မရွေး ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ကျန်းမာရေးအထူးကောင်းမွန်ရမည်။

**English Translator** — ကျား/မ (၄၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုနိုင်သူ ဖြစ်ရမည်။
- အတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမျိုးသား ဦးစားပေးမည်။
- ကွန်ပျူတာအသုံးပြုနိုင်ရမည်။
- နေ့၊ ညမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

မှတ်ချက်။ အကြားစွမ်းရည်နှင့် ဘာသာပြန်ဆိုမှုစွမ်းရည်အတွက် အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည်။

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ တစ်လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်း မိတ္တူနှင့် လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ အထက်ပါ လိပ်စာအတိုင်း ၂၉.၆.၂၀၁၃ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။



In the new Myanmar,
every week is a great week.
So start your great weeks with
A Super Beginning!
Mon or Tue
30 % off
Minimum Quarter Size(4C or 1C)
June 15th to July 15th (2013)
Hot Line - 01 512887, 09 730 78429
7DAY DAILY




7DAY DAILY
ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိ (၂၀၁၃)
SUPER BONUS PROMOTION
(၅)ကြိမ်ထည့် (၁)ကြိမ် အခမဲ့ +
အကြိမ်တိုင်းအတွက် ၁၅% Off
Minimum Quarter Size(4C or 1C)
Hot Line - 01 512887, 09 730 78429




iPANEMA®
BRAZIL
Email : rideranp@gmail.com
Tel : 097319 0363
www.grendene.com.br
Blazon (Taw Win Centre)
Gamone Pwint (Shanghai)
Yuzana Plaza
Gamone Pwint (Bokalay)
Junction Maw Tin
Sule
Junction Square
Capital HyperMarket
Junction Nay Pyi Taw
Greatwall Shopping Mall
Parkson (FMI)
orange supermarket (Ygn, Mdy)


C B BANK
Safe Deposit Locker Service
We Value What You Value Most.
ဆရာစံဘဏ်ခွဲ
အမှတ်(၅/အေ)၊ ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel :(01) 559 006, 559 144, 559 184, 559 633, 559 396
Fax : (01) 559 144, 559 184
အင်းစိန်ဘဏ်ခွဲ
အမှတ်(၁၅)၊ လှိုင်မြစ်လမ်းမကြီး၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Tel :(95-1) 647 779, 642 380, 642 379, 642 484, 642 486
Fax : (95-1) 647 775, 647 776
မန္တလေး(ရ၈)လမ်းဘဏ်ခွဲ
အမှတ် E-1,2,3၊ (ရ၈)လမ်း၊ (၂၇)လမ်းနှင့်(၂၈)လမ်းကြား၊ ပဟာဇလရပ်ကွက်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Tel: (95-2) 699 01, 699 03, 699 05
Fax: (95-2) 699 02, 699 04, 699 06
ပုသိမ်ဘဏ်ခွဲ
ကုန်သည်လမ်းနှင့် ရွှေဘုရားလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက်၊ ပုသိမ်မြို့။
Tel : (042) 23617, 23618, 23619, 23623
Fax : (042) 23620, 23621, 23622
တောင်ကြီးဘဏ်ခွဲ
အမှတ် (၁၂၉)၊ ဗိုလ်ချုပ်လမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့။
Tel : (081) 202 012, 202 013, 202 014, 202 015
Fax: (081) 202 017, 202 018
စစ်ကိုင်းဘဏ်ခွဲ
အမှတ်(၆၀/က)၊ ထူပါရုံလမ်းနှင့် မင်းလမ်းထောင့်၊ မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့။
Tel : (072) 22 934, 22 933, 22 935
Fax: (072) 22 932, 22 929
ကျောက်ပန်းတောင်းဘဏ်ခွဲ
အမှတ်(၂၀၉/ခ)၊ ရန်ပြည်မန်းလမ်း၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။
Tel :(061) 522 08, 519 60, 520 73
Fax : (061) 520 13, 522 03, 522 10
အမှတ်- (၃၃၄/၃၃၈)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
Tel: (95-1) 371 848, 372 646, 372 655, 373 425, 373 426
Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
24/7 Hotline Number : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

7 DAY NEWS JOURNAL
Vol.12, No.14 • JUNE 12 , 2013

# အင်တာနက်သူလျှိုလုပ်ခြင်းသည် လွတ်လပ်မှုကို ခြိမ်းခြောက်ခြင်းဟု ဂူးဂဲလ်စီအီးအိုပြောကြား




**ဆန်ဖရန်စစ္စကို၊ဇွန်-၈**

အင်တာနက်သူလျှိုလုပ်ခြင်းမှာ လွတ်လပ်မှုများကို ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း အင်တာနက်ကုမ္ပဏီဂူးဂဲလ်၏ အမှုဆောင်အရာရှိချုပ် မစ္စတာလယ်ရီပေ့ဂျ်က ပြောကြားလိုက်ပြီး အစိုးရများအနေဖြင့် ပြည်သူများ၏ အွန်လိုင်းလှုပ်ရှားမှုများတွင် မည်သည့်အကြောင်းအရာများ ရှာဖွေသည်ကို ပိုမို၍ ထုတ်ဖော်ပြောကြားရမည်ဟု ပြောသည်။

"အမေရိကန်နဲ့ တခြားအစိုးရတွေဟာ သူတို့နိုင်ငံသားတွေရဲ့ လုံခြုံရေးကို ကာကွယ်ပေးဖို့ အရေးယူမှုတွေ လုပ်ရတယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ တစ်ခါတလေ စောင့်ကြည့်လေ့လာမှုတွေ လုပ်ရတယ်ဆိုတာလည်း နားလည်ပါတယ်" ဟု မစ္စတာပေ့ဂျ်က ၎င်း၏ဘလော့ဂ်တွင် ရေးသားသည်။

သို့သော်လည်း လက်ရှိ ဥပဒေအရ ကိုင်တွယ်မှု အဆင့်ဆင့်တွင် လျှို့ဝှက်မှုများ ရှိနေခြင်းက မိမိတို့အားလုံး တန်ဖိုးထားသော လွတ်လပ်မှုများကို အားနည်းသွားစေခဲ့ကြောင်းမစ္စတာပေ့ဂျ်ကပြောကြားသည်။

ယင်းမှာအမေရိကန်ထောက်လှမ်းရေးအေဂျင်စီများအတွက် အချက်အလက်များရယူရန် ဆာဗာများကို အချိန်မရွေးဝင်ရောက်ခွင့်ပေးထားခြင်းမရှိကြောင်းငြင်းဆိုထားသော ဂူးဂဲလ်ကုမ္ပဏီ၏ ပြောကြားချက်ကို ဂူးဂဲလ်အမှုဆောင်အရာရှိချုပ်က ၎င်း၏ ပုဂ္ဂလိကအမှတ်တံဆိပ်နှိပ်လိုက်ခြင်းလည်းဖြစ်သည်။ —*Ref: AFP*




# ကိုလံဘီယာနှင့် ဗင်နီဇွဲလား ပြေလည်မှုရရန် ဘရာဇီးခေါင်းဆောင်ဟောင်း ကြိုးပမ်း

**ကာရာကတ်စ်၊ဇွန်-၈**

ဗင်နီဇွဲလားနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံကြား အငြင်းပွားမှု ဖြေရှင်းရာတွင် ကူညီရန် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုနှင့် ကိုလံဘီယာသမ္မတ ဟွန်မန်နူရယ်ဆန့်တို့စ်တို့ တွေ့ဆုံဆွေးနွေးစေရန် ဘရာဇီးနိုင်ငံခေါင်းဆောင်ဟောင်း လူးဝစ်အင်နာစီယိုလူလာဒါဆေးလ်ဗားက ကြိုးစားလျက်ရှိကြောင်း ဗင်နီဇွဲလားသမ္မတက ဇွန်လ ၇ ရက်တွင် ပြောသည်။

ကိုလံဘီယာသမ္မတ မန်နူရယ်ဆန့်တို့စ်သည် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဟင်းနရစ်ကာပရီလက်စ်နှင့် တွေ့ဆုံပြီးနောက် ၎င်းကို သစ္စာဖောက်ဟု ဗင်နီဇွဲလားသမ္မတ မာဒူရိုက ပြီးခဲ့သည့်လက စွပ်စွဲခဲ့သည်။ မစ္စတာဆန့်တို့စ်သည် မစ္စတာကာပရီလက်စ်နှင့် ပူးပေါင်းကာ ဗင်နီဇွဲလားနိုင်ငံခေါင်းဆောင်ကို ဖြုတ်ချရန် ကြိုးစားနေသည်ဟု မစ္စတာမာဒူရို၏ စွပ်စွဲချက်ကို ရှုံ့သွပ်ခြင်းပင်ဖြစ်ကြောင်း မစ္စတာ ဆန့်တို့စ်က ပြောကြားပယ်ချခဲ့သည်။

မစ္စတာမာဒူရိုနှင့် မစ္စတာဆန့်တို့စ်ကြား မျက်နှာချင်းဆိုင်ဆွေးနွေးပွဲ စီစဉ်ရန် ဘရာဇီးနိုင်ငံခေါင်းဆောင်ဟောင်း မစ္စတာလူလာ ကြိုးစားနေကြောင်း မစ္စတာမာဒူရိုက ပြောသည်။ ယခုအချိန်အထိ မစ္စတာဆန့်တို့စ်နှင့် ၎င်း၏ကြားတွင် လေးစားလောက်သော ဆက်ဆံရေးရှိပြီး မစ္စတာဆန့်တို့စ်အနေဖြင့် အမှားလုပ်ခဲ့မိသည်ကို မစ္စတာ ဆန့်တို့စ်ကိုယ်တိုင် သိကြောင်း မစ္စတာမာဒူရိုက ပြောသည်။

ယခင်ကလည်း အမေရိကန်နိုင်ငံနှင့် ကိုလံဘီယာသမ္မတဟောင်း အယ်ဗာရိုအူရီဘီတို့သည် ၎င်းကို သတ်ဖြတ်ရန် ကြံစည်ခဲ့ကြကြောင်း မစ္စတာမာဒူရိုက စွပ်စွဲခဲ့သည်။

—*Ref: Reuters*

# ဇင်ဘာဘွေရွေးကောက်ပွဲကို နိုင်ငံတကာစောင့်ကြည့်ခွင့်ပြုရန် အမေရိကန်တိုက်တွန်း

**ဝါရှင်တန်၊ဇွန်-၈**

ငြိမ်းချမ်းပြီး ယုံကြည်စိတ်ချရသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်နှင့် အာဖရိကနိုင်ငံများအဖွဲ့ ဦးဆောင်သည့် နိုင်ငံတကာအဖွဲ့အစည်းများကို စောင့်ကြည့်လေ့လာခွင့်ပြုရန် ဇင်ဘာဘွေနိုင်ငံအား အမေရိကန်အစိုးရကဇွန်လ၇ရက်တွင် တိုက်တွန်းလိုက်သည်။

ရွေးကောက်ပွဲ ကျင်းပရန် လိုအပ်သည့် ခန့်မှန်းခြေ ကန်ဒေါ်လာ ၁၃၂ သန်းကို ဇင်ဘာဘွေနိုင်ငံက ရှာဖွေရာတွင် ကူညီရန် အာဖရိကတောင်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ဝင် ၁၅ နိုင်ငံက ယခုသီတင်းပတ်အတွင်း ညီလာခံတစ်ရပ် ကျင်းပခဲ့သည်။ လွန်ခဲ့သော ငါးနှစ်က ဇင်ဘာဘွေနိုင်ငံတွင် အငြင်းပွားဖွယ်ရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် အကြမ်းဖက်မှုများ ပေါ်ပေါက်ကာ များစွာသော ဒုက္ခသည်များ အိမ်နီးချင်းနိုင်ငံများသို့ ဝင်ရောက်ခိုလှုံခဲ့ကြသောကြောင့် ယင်းအဖွဲ့က ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲတွင် အလားတူဖြစ်ရပ်မျိုး မဖြစ်စေလိုပေ။

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီကို ဇူလိုင်လမကုန်မီ ရွေးကောက်ပွဲကျင်းပရန် အခြေခံဥပဒေဆိုင်ရာတရားရုံးက မေလ ၃၁ ရက်တွင် ပြောကြားခဲ့သည်။ ဇင်ဘာဘွေနိုင်ငံတွင် ငြိမ်းချမ်းပြီး ယုံကြည်စိတ်ချရသည့် ရွေးကောက်ပွဲကျင်းပရန် အမေရိကန်က မျှော်လင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး ဂျန်ပီစကီက နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ကလည်း ဇင်ဘာဘွေနိုင်ငံနှင့် စီးပွားရေး ကြီးကြပ်လေ့လာရေး အစီအစဉ်အတွက် စေ့စပ်ညှိနှိုင်းရန် ဆန္ဒရှိကြောင်း ဇွန်လ ၇ ရက်တွင် ပြောကြားထားသည်။ —*Ref: Reuters*